Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

“ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ ”

The Lightning Newsletter

အမှတ် (၁၀၃) ခရစ်နှစ်၊ ၂၀၀၉ ခုနှစ်၊ ဇွန်လ | မြန်မာသက္ကရာဇ် (၁၃၇၁) | (၁၅-၁-၉၉) ရက်နေ့တွင် စတင်တည်ထောင်သည်။

## မြန်မာ့လွတ်လပ်ရေးဗိသုကာ၊ တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နအဖ စစ်အုပ်စုမှ ထောင်ချရန် ကြံစည်ကြိုးပမ်း





လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ် (၆) နှစ်ချထားပြီး လွတ်ရက်စေ့ရန် ရက်ပိုင်းအလို မေလ (၆) ရက်နေ့တွင် အမေရိကန်နိုင်ငံသားတဦး နေအိမ်အတွင်း ခိုးဝင်လာခြင်းအား အကြောင်းပြု၍ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် (၄) ဦးအား နအဖ စစ်အစိုးရမှ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂/ ပြစ်မှုပုဒ်မ ၁၀၉ အရ ရဲမှူးကြီးဇော်မင်းအောင် (သတင်း တပ်ဖွဲ့)မှ တရားလိုပြုလုပ်၍ (၁၄၊ ၅၊ ၂၀၀၉) နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ တရားစွဲဆိုခဲ့သည်။

မေလ (၆)ရက် နံနက် (၅) နာရီခွဲတွင် လုံခြုံရေးတာဝန်ရှိသူများက ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အဦးအနီး အင်းလျားကန်အတွင်း မသင်္ကာဖွယ်အထုပ်တထုပ် မျောပါနေသည်ကို စစ်ဆေးရာမှ (၅)လီတာဝင် ရေသန့်ဗူးအကူအညီဖြင့် ရေကူးခတ်လာသော အမေရိကန်နိုင်ငံသားတဦးအား တွေ့ရှိစစ်ဆေးရာ ဒေါ်အောင်ဆန်းစုကြည် ခြံဝန်းအတွင်းမှ ပြန်ထွက်လာခြင်းဖြစ်ကြောင်း စစ်အုပ်စုမှထိန်းချုပ်ထားသည့် သတင်းစာများတွင် ရေးသားဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဒီပဲယင်းအရေးအခင်းဖြစ်ပွားခဲ့ပြီးနောက် ၂၀၀၃ ခုနှစ်၊ မေလ (၃၀)ရက်နေ့မှ စ၍ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ (၇) အရ ကန့်သတ်မိန့်ထုတ်ပြန်၍ ပုဒ်မ (၁၀) (က) အရ ဖမ်းဆီးချုပ်နှောင်မိန့်၊ (၁၀) (ခ)/ ၁၁ တို့အရ တားဆီးမိန့်နှင့် ပုဒ်မ၁၃/ ၁၄ ရ ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ပြီး နေအိမ်တွင်(၆)နှစ်ခန့် တင်းကျပ်သော လုံခြုံရေးအစောင့်အရှောက်များဖြင့် နေအိမ်အကျယ်ချုပ်ကျခံနေရသူဖြစ်သည်။

ထိုသို့ရှိစဉ် အမေရိကန်နိုင်ငံသား Mr. John Willian Yattaw သည် (၃၀၊ ၁၁၊ ၂၀၀၈) ရက် ညအချိန်တွင် ပထမအကြိမ် တရားမဝင် ဝင်ရောက်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့် ရရန် ကြိုးပမ်းခဲ့သော်လည်း အထမမြောက်ဘဲ ပြန်သွားခဲ့သည်။ သို့သော် ထိုသူက ဒေါ်အောင်ဆန်းစုကြည်ဖတ်ရန်ဟု ဆိုကာ Book of Mormon အမည်ရှိ စာအုပ်ကို ထားခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။

ထိုသို့တင်းကျပ်သော အစောင့်များကြားမှ အကျယ်ချုပ်ချခံထားရသည့် နေအိမ်အတွင်းသို့ ဤသို့ လူစိမ်းတယောက်ဝင်ရောက်ခဲ့မှုအား ဒေါ်အောင်ဆန်းစုကြည်က ဒေါက်တာတင်မျိုးဝင်းမှတဆင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့သော်လည်း အာဏာပိုင်များထံမှ မည်သည့်တုန့်ပြန်စစ်ဆေးမှု၊ လာရောက်မေးမြန်းမှု တစုံတရာမျှ မရှိခဲ့ကြောင်း ယခုအခါတွင် ဒေါ်အောင်ဆန်းစုကြည်က ရုံးတော်တွင် တရားဝင်ရှင်းလင်းပြောကြားလိုက်ပြီဖြစ်သည်။

သို့ရာတွင် ဂျွန်ယက်ထောပထမအကြိမ် ဤသို့ ဝင်ရောက်ခဲ့ခြင်းနှင့် ပတ်သက်ပြီး ရုံးတော်က ဒေါ်ခင်ခင်ဝင်းကို မေးမြန်းရာတွင် အသုံးပြုသောစကားများမှာ □နမိတ်ပြမေးခွန်းဆန်ပြီး ချောင်ပိတ်ကာ အငိုက်ဖမ်းသည့် သဘောထားအပြည့်အဝ ပါဝင်နေသည်ကိုတွေ့ရသည်။

ဥပမာ ဒေါ်အောင်ဆန်းစုကြည်၏ အိမ်သို့ ၂၀၀၈ ခုနှစ် နိုဝင်ဘာ (၃၀) ရက် ညက မည်ကဲ့သို့ အချက်ပေးပြီး ဂျွန်ယက်တော ဝင်ရောက်လာပါသလဲ။

မစ္စတာယက်တောသည် မည်ကဲ့သို့သောနည်းဖြင့် ဆက်သွယ်ပြီး ဒေါ်ခင်ခင်ဝင်းတို့ နေထိုင်သည့် အိမ်အတွင်း ဝင်ရောက်လာပါသလဲ။

ဤသို့သော မေးခွန်းမျိုးအား ရုံးတော်မှ မေးမြန်းခြင်းသည် ဂုဏ်သိက္ခာ ကိုထိပါးစော်ကားခြင်းဖြစ်ပြီး ဥပဒေချိုးဖောက်ကာ ပြင်ပလူစိမ်းနှင့် ဆက်သွယ်သည့် အဖြစ်ကို မရောက်ရောက်အောင် ချောင်ပိတ်မေးခွန်းကို မေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်အောင်ဆန်းစုကြည်၏ စာရိတ္တနှင့်ပတ်သက်၍ စစ်ဆေးခံရန် ဥက္ကဋ္ဌ ဦးတင်ဦးနှင့် သတင်းစာဆရာကြီး ဦးဝင်းတင်တို့အားသက်သေအဖြစ် ရုံးတော်တွင် ထွက်ဆိုခွင့်တောင်းသည့်အခါ ဒေါ်အောင်ဆန်းစုကြည်၏ စာရိတ္တနှင့်ပတ်သက်၍ စစ်အုပ်စုပိုင် သတင်းစာတွင်မူ ဒေါ်အောင်ဆန်းစုကြည်၏ စာရိတ္တနှင့်ပတ်သက်ပြီး အငြင်းပွားစရာမရှိဟု ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ အကျင့်စာရိတ္တနှင့်ပတ်သက်ပြီး တစုံတရာ စွပ်စွဲထားခြင်းလည်းမရှိကြောင်း တရားဝင်ရေးသား ဖော်ပြထားပြန်သည်။

ခြံထဲသို့ လူစိမ်းရောက်နေခြင်းကို မေလ (၄) ရက်နေ့ နံနက် (၃) နာရီခန့်တွင် အပြင်ဘက်မှ ညည်းညူသံကြားရာမှ သိခဲ့ကြရကြောင်း ဒေါ်ခင်ခင်ဝင်းက ရုံးတော်တွင်ထွက်ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း မေလ(၄)ရက် နံနက် (၅) နာရီခန့်မှသာ ဂျွန်ယက်ထောကို မြင်တွေ့ရသည်ဟု ထွက်ဆိုသည်။ ထို့နောက် မေလ (၅) ရက်နေ့ ညသန်းကောင်ယံအချိန်ဝန်းကျင်၌ ပြန်လည်ထွက်ခွာသွားသည့်အတွက် မစ္စတာဂျွန်ယက်တောသည် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းတွင် တညနှင့် နှစ်ရက်မျှသာ နေထိုင်ခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က ချက်ခြင်းပြန်ရန်ပြောသော်လည်း နေ့အလင်းရောင်လာနေပြီဖြစ်၍ ပြန်ထွက်သွားပါက အဖမ်းခံရမည်စိုးသောကြောင့်လည်းကောင်း၊ တညလုံး ရေထဲတွင်နေခဲ့ရသောကြောင့်လည်းကောင်း၊ ဆီးချိုရောဂါရှိသောကြောင့်လည်းကောင်း၊ အနားယူရန် လိုအပ်သောကြောင့် နေခွင့်ပေးပါရန် ဂျွန်ယက်ထောမှ တောင်းပန်သဖြင့် လူသားချင်းစာနာထောက်ထားမှုအရ ဒေါ်အောင်ဆန်းစုကြည်က နေခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများက ရှင်းလင်းပြောပြသည်။

တရားရုံးတွင် ဂျွန်ယက်ထောက အိမ်ရှင်ကို ခွင့်မတောင်းဘဲ မိမိသဘောနှင့် ရိုက်ကူးထားသော ဗီဒီယို မှတ်တမ်းကို ဖွင့်ပြထားရာ နောက်ခံစကားပြောတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ကြိမ် တွေ့ခွင့်ရခဲ့ပြီး နှစ်ကြိမ်လုံးတွင် ဥပဒေကို လေးစားလိုက်နာရန်ကိုသာ ပြောခဲ့ကြောင်းနှင့် သူဝင်ရောက်လာမှုအား ထိတ်လန့်နေပုံရကြောင်းတို့ ပါရှိသဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ထိုသူအား ဖိတ်ခေါ်ခြင်းမဟုတ်သလို စကားလည်း မပြောခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေသော်လည်း စစ်အာဏာပိုင်များက နိုင်ငံခြားသားအား လက်ခံတွေ့ဆုံမှု၊ အစားရေစာကျွေးမွေးမှုတို့အပေါ် နိုင်ငံတော်ကို အန္တရာယ်ပြုမည့်သူများရန်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ ကို အသုံးပြုပြီး တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ထိုသို့ဖေါက်ဖျက်ကျူးလွန်ခြင်းကို အားပေးကူညီသည့် ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့နှင့်တကွ ကျူးကျော်ဝင်ရောက်သူ အမေရိကန်နိုင်ငံသား အားလည်း ယင်းဥပဒေ ပုဒ်မ ၂၂/ ပြစ်မှုဆိုင်ရာ

စာမျက်နှာ (၄) ကော်လံ (၁) ...

## သတင်းစာဆရာကြီး ဦးဝင်းတင်က နိုင်ငံရေးပုံသဏ္ဍာန်အသစ်ဖြင့် ခရီးဆက်သင့်ကြောင်း မြန်မာ့အရေးကို သွေးနွေးသုံးသပ်

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပျက်နေသော နိုင်ငံရေးအခြေအနေများကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် နိုင်ငံရေးပုံစံသစ်တရပ် ရှာဖွေရတော့မည် ဖြစ်ကြောင်း သတင်းစာဆရာကြီးလည်းဖြစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်လည်းဖြစ်သူ ဦးဝင်းတင်က ဗွီအိုအေနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ထုတ်ဖော်ပြောဆိုလိုက်သည်။

ဦးဝင်းတင်က ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများအကြားတွင် စစ်အစိုးရက ရွေးကောက်ပွဲကို တင်းကုပ်အဖြစ် သဘောပိုက်လျက် ပါတီများအား မြက်ကျွေး၍ဖြစ်စေ၊ နဖားကြိုးဆွဲ၍ဖြစ်စေ ရွေးကောက်ပွဲတင်းကုပ်ဆီသို့ ဆွဲခေါ်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးဟူ၍မရှိတော့သော ရွေးကောက်ပွဲဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

“ဒီနိုင်ငံရေးမရှိခြင်းကို ကျနော်တို့က နိုင်ငံရေးအစားထိုးမှရမယ်၊ ပုံစံတမျိုး ရှာရမယ်၊ အန်အယ်လ်ဒီမို့လို့၊ ၈၈ မျိုးဆက်ကျောင်းသားမို့လို့၊ ဘုန်းကြီးတွေ၊ တိုင်းရင်းသားတွေ ဒါတွေဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ဘာသာကိုယ်ပဲ လုပ်နေမယ်ဆိုတဲ့ပုံစံမျိုးနဲ့ မဖြစ်တော့ဘူး။ ဘာတွေလုပ်နိုင်မလဲ၊ ရှာဖို့လိုတယ်လို့ ကျနော်ယူဆတယ်”ဟု ဦးဝင်းတင်က ပြောသည်။

မြန်မာပြည်နိုင်ငံရေးတွင် အလုပ်



မဖြစ်လှသော တပ်ပေါင်းစုအဖွဲ့ ဖွဲ့ခြင်းမျိုးအားမမျှော်လင့်သော်လည်း လက်တွဲလုပ်မှ ဖြစ်မည်ဖြစ်ကြောင်း၊ ညှိမလုပ်လျှင် မဖြစ်ကြောင်းနှင့် နိုင်ငံရေးပုံသဏ္ဍာန်သစ်တွင် အသံညီကြစေရန် သူ့အနေနှင့် မျှော်လင့်

စာမျက်နှာ (၃) ကော်လံ (၁) ...

**မင်းဆိုးကို ⚡ မိုးကြိုး ⚡ ပစ်ပြီ**

# အယ်ဒီတာ့အာဘော်

## နိုင်ငံရေးပါတီဆိုသည်မှာ...

အမေရိကန်ဒီမိုကရေစီသမိုင်းပညာရှင် Clinton Kossier က "No America without democracy, no democracy without politic, no politic without parties" ဟု ရေးသားခဲ့ဖူးသည်။ တိုင်းပြည်တပြည်ထူထောင်ရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကိုဖော်ပြရာ၌ တိုတိုနှင့်အထိရောက်ဆုံးသော စာပုဒ်ဖြစ်သည်။

ကလင်တန်၏ ဖော်ပြချက်မှာ နိုင်ငံရေးပါတီတိုင်းအတွက် မှန်ကန်လှပေသည်။ နိုင်ငံရေးပါတီသာမရှိပါက နိုင်ငံရေးဟူသည် တသီးပုဂ္ဂလလူပုဂ္ဂိုလ်များ၊ အကျိုးစီးပွားတူအုပ်စုများနှင့် အားကြီးသူများ၏ ကစားကွင်းသာ ဖြစ်ပေတော့မည်။ မေးရန်ရှိသည်မှာ နိုင်ငံရေးပါတီဟူသည်မှာ ... ဟူသော မေးခွန်းပင်ဖြစ်သည်။

ကိုလိုနီခေတ် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲစဦးပိုင်းမှသည် ယခုစစ်အာဏာရှင်ဖျက်သိမ်းရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအထိ နိုင်ငံရေးပါတီများစွာ ပေါ်ပေါက်ခဲ့သည်။ ပေါ်ပေါက်လာခဲ့သည့်နိုင်ငံရေးပါတီများ၏ အဓိကတာဝန်မှာ ခေတ်အဆက်ဆက် ပြည်သူလူထု၏ ပုခုံးပေါ်သို့ကျရောက်လာသည့် သမိုင်းပေးတာဝန်များကို ပြည်သူလူထုနှင့်အတူ လက်တွဲလျက် (အထူးသဖြင့် ပြည်သူလူထုအကျိုးရှေးရှုလျက်) ဦးဆွေးဆံမြည့် ထမ်းဆောင်ရန်ဖြစ်သည်။ ဤတာဝန်ကို ကျေပွန်သောပါတီနှင့် မကျေပွန်သောပါတီတို့အပေါ်မူတည်၍ မြန်မာလူ့အဖွဲ့အစည်း၏ ဒီမိုကရေစီရေးရာ ဖြစ်ပေါ်တိုးပွားမှု (ဝါ) တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အကဲဖြတ်နိုင်သည်။

NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က "လူထုကိုမျက်နှာမူတဲ့ နိုင်ငံရေးအလုပ်များလုပ်ရန်" ဖော်ပြခဲ့သည်။ လူထုနှင့်ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်နေကြသော NLD အားလည်း အားပေးခဲ့သည်။ မှန်ပေသည်။ လူထုနှင့် မကင်းကွာပဲ လူထုကြားတွင်တည်ရှိကာ လူထုလိုအင်ဆန္ဒနှင့် သဘောထားများကို အစဉ်လေ့လာလျက် လူထု၏ အခြေခံလိုအပ်ချက်များ ဖြစ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စည်းရုံးရေးအရဦးဆောင်ရန်မှာ နိုင်ငံရေးပါတီများ၏ အဓိကနှင့် ပဓာနကျသော လုပ်ငန်းစဉ်ဖြစ်သည်။ မည်မျှပင် အခက်အခဲရှိနေစေကာမူ နိုင်ငံရေးပါတီသည် လူထုနှင့် ကင်းကွာ၍ မရစကောင်း။ လူထုနှင့် ကင်းကွာပါက အမိမဲ့သား ရေနည်းငါးကဲ့သို့ အဖြစ်မျိုး ကြုံတွေ့ရပေမည်။

ပြည်သူလူထုကြီးက လေးစားသော တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည့် လူထုဦးစိန်ဝင်းကလည်း " NLD ဟာ တက်တက်ကြွကြွ စွမ်းစွမ်းတမံလုပ်ဆောင်နိုင်အောင် လူငယ်တွေကို ပြောခွင့်ပေးပါ၊ လုပ်ခွင့်ပေးပါ၊ လူငယ်တွေနဲ့ ဝန်းရံပါ" လို့ အပြုသဘောအကြံပြုခဲ့သည်။ ထို့အပြင် နိုင်ငံရေးပါတီအဖွဲ့အစည်းတခုဆိုတာ သဘောတရားတွေ၊ လမ်းစဉ်တွေ ဆွေးနွေးနေရမည်၊ ငြင်းခုံနေရမည်၊ နေ့စဉ်နဲ့အမျှ ငြင်းခုံဆွေးနွေးပွဲတွေနဲ့ ရှုပ်ယှက်ခတ်နေရမယ်ဟု နိုင်ငံရေးပါတီများ၏ အခြေခံလုပ်ဆောင်သင့်သောအရာများကို ထောက်ပြခဲ့သည်။ တိုတိုနှင့်လိုရင်း ဆိုရသော် စွမ်းအင်ပြည့်ဝပြီး လုပ်ကိုင်နိုင်စွမ်းရှိသည့် စစ်အစိုးရက ခန့်ညားရှိသေလေးစားလောက်သော နိုင်ငံရေးပါတီတရပ်တည်ဆောက်ရာ၌ လိုအပ်သည့် အခြေခံ လိုအပ်ချက်များကို ထောက်ပြခြင်းဖြစ်သည်။ ယင်းသို့ ထောက်ပြဝေဖန်ချက်များကို စနစ်တကျ လက်ခံကျင့်သုံးရန်မှာ NLD သာမဟုတ်။ ယနေ့ နိုင်ငံရေးပါတီများအားလုံး၏ တာဝန်ဖြစ်သည်။ တနည်းအားဖြင့် ပါတီတည်ဆောက်ရေး ပျက်ကွက်နေသည့် ပါတီများ အထူးသတိမူရန်လိုအပ်ပေသည်။

နိုင်ငံရေးပါတီသည် နိုင်ငံရေးသမားများနှင့် ဖွဲ့စည်းထားသည်ဖြစ်၍ နိုင်ငံရေးသမားများ၏ စိတ်နေစိတ်ထား အပြုအမူတို့က နိုင်ငံရေးပါတီများမှတဆင့် နိုင်ငံရေးကို ရောင်ပြန်ဟပ်စေသည်။ နိုင်ငံရေးဆိုသည်မှာ နိုင်ငံ့အရေးဖြစ်၍ အရေးကြုံလာလျှင် မိမိအရေးထက် နိုင်ငံ့အရေးကိုဦးစားပေးရန်ဆိုသည်မှာ နိုင်ငံရေးသမားတိုင်း၏ အခြေခံနိုင်ငံရေးသီလဖြစ်သင့်သည်။ နိုင်ငံရေးပါတီကို မိမိကိုယ်ကျိုးစီးပွားအတွက် အသုံးချနေသော နိုင်ငံရေးသမားများကား နိုင်ငံရေးခေတ်တိုင်းတွင် ရှိနေမြဲဖြစ်သည်။ ရှောင်လွှဲ၍မရ။ ခမ္မာဘက်တွင်ရပ်တည်၍ အခမ္မကိုတိုက်ပွဲဝင်သူဟု ကြွေးကြော်နေသူများကိုလည်း စိစစ်ဝေဖန်၍ အဆင့်ဆင့် ပြုပြင်တည့်မတ်ရန်မှာလည်း နိုင်ငံရေးပါတီများ၏ အဓိကတာဝန်တရပ်ဖြစ်သည်။

ချုပ်၍ဆိုရသော် ရှစ်လေးလုံးဒီမိုကရေစီအုံကြွတိုက်ပွဲဝင်မှုမှတဆင့် အာဇာနည် ထောင်သောင်းတို့၏ အသက်သွေးတို့ဖြင့် ရင်းနှီးတည်ဆောက်ထားသည့် ပါတီစုံဒီမိုကရေစီစနစ်တွင် အဓိကဇာတ်ကောင်ဖြစ်သည့် လက်ရှိနိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီပီသစွာ ပြည်သူလူထုကိုလက်တွဲလျက် ဒီမိုကရေစီရေးအတွက် ကျိုးနွံစွာ တာဝန်ကျေပွန်ကြမည်လော? သို့တည်းမဟုတ် နိုင်ငံရေးပါတီကို တဦးချင်းအကျိုးစီးပွားအတွက် အသုံးချလျက် ခေတ်အဆက်ဆက်က ဒီမိုကရေစီရေးအတွက် အသက်ပေးခဲ့ကြသူများကို သစ္စာမဲ့စွာဖြင့် ပြည်သူလူထုနှင့် ကင်းကွာကာ ငါ့လေ့ငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် လုပ်ဆောင်ကြမည်လောဟူသည့် လမ်းနှစ်သွယ်အနက် တသွယ်သွယ်ကိုရွေးချယ်ရန် အချိန်ကျရောက်ပြီ ဖြစ်ပါကြောင်း။ ♦

# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူ့အားတရားစွဲဆိုခြင်းနှင့် လုံခြုံရေးတာဝန်ဖောက်ဖျက်မှုအပေါ် အရေးယူခြင်းမရှိမှုတို့သည် ဘက်လိုက်မှုဖြစ်ကြောင်း တရားရုံးတွင် ကြေညာချက်တစောင် ဖတ်ကြားခဲ့

၂၀၀၉ ခုနှစ်၊ မေလ (၂၇)

နိုင်ငံတော်လုံခြုံရေးအား ထိပါးနှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်သောဥပဒေဖြင့် အထူးတရားရုံးတွင် အမှုဖွင့်ခြင်းခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင်က မေလ (၂၆) ရက်နေ့ ရုံးချိန်းတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၂၅၆) အရ ရေးသားတင်ပြချက် တစောင်ကို ကိုယ်တိုင်ဖတ်ကြားပြီး အပြစ်မရှိကြောင်း ပြန်လည်ချေပခဲ့သည်။

ဤကြေညာချက်တွင် မစ္စတာ ဂျွန်ယက်ထော၏ ယခု ဒုတိယအကြိမ် ဝင်ရောက်မှုနှင့်စပ်လျှဉ်း၍ (၄–၅–၂၀၀၉) ရက်နေ့ နံနက်ပိုင်း (၅) နာရီကျော်မှ တွေ့ခဲ့ခြင်းဖြစ်ပြီး ပြန်ထွက်သွားရန် ပြောကြားခဲ့သော်လည်း မိုးလင်းနေပြီဖြစ်သောကြောင့် ပြန်ထွက်သွားပါက အဖမ်းခံရနိုင်ကြောင်း ပြောကာ ညရောက်လျှင်ပြန်ပါမည်ဟု ပြောခဲ့ကြောင်း၊ ညဘက်ရောက်သောအခါတွင်လည်း ၎င်း၏ ကျန်းမာရေး အခြေအနေအရ တညအိပ်ခွင့်ပြုပါရန် မေတ္တာရပ်ခံခဲ့ကြောင်း၊ သူ့အနေနှင့် ကိုယ်တိုင်လည်းကောင်း၊ မိမိ၏ နိုင်ငံရေး ရဲဘော်ရဲဘက်များသည်လည်းကောင်း ဥပဒေ၏ ကာကွယ်သက်ညှာမှုကို မခံစားရဘဲ အကျဉ်းကျခံနေရချိန်တွင် မည်သူတဦးတယောက်ကိုမှ အချုပ်အနှောင်ခံရစေရန် တွန်းမပို့နိုင်ဟူသော နိုင်ငံရေးခံယူချက်အရ ခေတ္တခိုလှုံခွင့် ပေးခဲ့ခြင်းသာဖြစ်ကြောင်းလည်း ရှင်းလင်းဖော်ပြထားသည်။

ကျူးကျော်ဝင်ရောက်လာသူ၏ ရည်ရွယ်ချက်များနှင့် ထိုသူသည် မည်သူမည်ဝါဖြစ်ခြင်းမှာ သူ့အတွက် အရေးမပါကြောင်းနှင့် နိုင်ငံရေးခံယူချက်အရသာ ဆောင်ရွက်ပြုမူခဲ့ခြင်းဖြစ်သည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ရှင်းလင်းခဲ့သည်။ သူ့အနေနှင့် (၇–၅–၂၀၀၉)တွင် ဒေါက်တာတင်မျိုးဝင်း လာပါက သက်ဆိုင်ရာသို့ အကြောင်းကြားရန် ရည်ရွယ်ထားခဲ့သော်လည်း ဒေါက်တာတင်မျိုးဝင်းမှာ ဝင်ခွင့်မရခဲ့ဘဲ ရဲတပ်ဖွဲ့ဝင်များသာ ရောက်လာခဲ့ကြောင်း ပါရှိသည်။

(၃၀–၁၁–၂၀၀၈) ခုနှစ်က မစ္စတာ ဂျွန်ယက်ထော ပထမအကြိမ် ရောက်ရှိခဲ့ခြင်းနှင့် ပတ်သက်၍ (၄–၁၂–၂၀၀၈) တွင် ဆေးစစ်ရန် ရောက်ရှိလာသူ ဒေါက်တာ တင်မျိုးဝင်းမှတဆင့် အာဏာပိုင်များထံ သတင်းပေးပို့ခဲ့သော်လည်း အာဏာပိုင်များဘက်မှ လာရောက်စုံစမ်းခြင်းမရှိ၊ အရေးယူဆောင်ရွက်ခဲ့သည်ဟုလည်း ကြားသိရခြင်းမရှိကြောင်းနှင့် ခြံဝန်းအတွင်း လူဝင်ရောက်ခဲ့သည့်ကိစ္စများတွင် အာဏာပိုင်များထံ ချက်ခြင်းသတင်းပို့ရမည်ဟု သတိပေးဖူးခြင်းမျိုးလည်း မရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဂျွန်ယက်ထော ပထမအကြိမ် ဝင်ရောက်ခဲ့သည့် အမှုနှင့် စပ်လျှဉ်း၍လည်း ကြီးသည့်အမှုငယ်စေရန်၊ ငယ်သည့်အမှု ပပျောက်ရန်ကိုသာ ရည်ရွယ်ခဲ့ကြောင်း၊ ခြံထဲသို့ ဝင်ရောက်ခဲ့သူအားလည်းကောင်း၊ ခြံလုံခြုံရေးကို တာဝန်ယူထားရသော တပ်သားများအားလည်းကောင်း မလိုအပ်ဘဲ မထိခိုက်စေလိုသော ဆန္ဒဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာက ကန့်ကွက်ခြင်း၊ ဝေဖန်ခြင်း တစုံတရာ မပြုလုပ်ခဲ့ခြင်းသည် ၎င်းတို့အနေနှင့် သူ့ လုပ်ရပ်အား လက်ခံသဘောတူခဲ့ရာကျသည်ဟု ထင်မြင်ခဲ့ကြောင်းတို့လည်း ဖော်ပြပါရှိ သည်။





တရားလိုပြသက်သေတဦးအား ပြန်ခေါ်စစ်မေးစဉ် နေအိမ်လုံခြုံရေးအတွက် အာဏာပိုင်နှင့်မိမိတို့ ပူးတွဲ တာဝန်ရှိသည်ဟု ထွက်ဆိုခဲ့ခြင်းမှာလည်း လုံးဝ မှန်ကန်ခြင်းမရှိကြောင်းနှင့် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်မှာပင်လျှင် သူ့တွင် အပြစ်မရှိကြောင်း ထင်ရှားပေါ်လွင်ပြီးဖြစ်ကြောင်းလည်း အခိုင်အမာ ပြောဆိုထားသည်။

အာဏာပိုင်များ၏ တရားစွဲဆိုချက်နှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က ရုံးတော်တွင် လုံခြုံရေးလစ်ဟင်းမှု သို့မဟုတ် လုံခြုံရေးဖောက်ဖျက်မှုကြောင့် ဖြစ်ပျက်ခဲ့သောအမှုတွင် ယခုအချိန်အထိ လုံခြုံ ရေးဆိုင်ရာ တာဝန်ရှိမှုနှင့် စပ်လျဉ်းပြီး အရေးယူခြင်းမရှိဘဲ သူ့ကိုသာ အရေးယူ တရားစွဲဆိုခြင်းသည် ဘက်လိုက် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ရုံးတော်သို့ ကိုယ်တိုင်ဖတ်ကြားသော ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။ ♦



## သတင်းစာဆရာကြီး ဦးဝင်းတင်မှ ...

ကြောင်းတို့ကိုလည်း ထိုအင်တာဗျူးတွင် ထည့်သွင်းဖော်ပြသွားခဲ့သည်။

စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးသည် အဖွဲ့ချုပ်၏ မူဝါဒဖြစ်သည့်နည်းတူ အခြားအဖွဲ့အစည်းများတွင်လည်း ထိုမူက ရှိထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ညီညွတ်ရေးအတွက် မူများချထားပြီး လက်တွဲလှုပ်ရှားပါက နိုင်ငံရေးပုံစံသစ်နှင့် စကားပြော၍ရလာမည်ဖြစ်ကြောင်းနှင့် ဦးတည်ချက်တူပါက တယောက်နှင့်တယောက် ထိန်းမတ်သွားနိုင်မည်ဟု ထင်ကြောင်းလည်းပြောသည်။

ရွေးကောက်ပွဲနီးလာသည်နှင့် အမျှ ပွဲထွက်ကုန်တာမျိုးလည်း ဖြစ်နိုင်ကြောင်း၊ ယခင်ကလည်း ထိုသို့ ပွဲထွက်မှုမျိုးများ အဖွဲ့ချုပ်အတွင်းမှာပင် ဖြစ်ပျက်ခဲ့ဖူးကြောင်း၊ ထိုသို့ဖြစ်တတ်သည့် သဘောများရှိနေသည့်အတွက် တသံတည်း၊ တစည်းတည်းဖြစ်နေစေရန် ပြောခြင်းဖြစ်ကြောင်းလည်း ရှင်းလင်းပြောပြသွားသည်။

ဆက်လက်၍ "သေချာတာတခုက အဲန်အယ်လ်ဒီဟာ ညီညွတ်ရေးဆိုတဲ့ အခြေခံမူပေါ်မှာရပ်တည်ပြီး တလျှောက်လုံးနေခဲ့တယ်။ ဆိုလိုတာက ညီညွတ်ရေးကိစ္စ ကျနော်တို့မှာ အခိုင်အမာရှိတယ်။ စစ်အာဏာရှင်ကို ဆန့်ကျင်ဖို့ဟာလည်း ပဋိညာဉ်ဗျ၊ ဒီဟာကို အသံတိုင်ပေးဖို့ဆိုတာ နဂိုရ်က ရှိပြီးသားဖြစ်နေတဲ့ အဖွဲ့အစည်းတခုအနေနဲ့ အသံတိုင်စရာ ဘာမှ မခက်ခဲပါဘူး" ဟုလည်း ဆက်လက်ပြောကြားသွားခဲ့သည်။

လူထုအား ဆွဲခေါ်နိုင်ခြင်းရှိ မရှိနှင့် ပတ်သက်၍ ဆက်လက်ဖြေကြားရာတွင် ဦးဝင်းတင်က "တချို့ဟာတွေ ကျနော်တို့က လုပ်လို့မရပေမယ့် ကျနော်တို့ အဖွဲ့ဝင်တွေက လုပ်နေတယ်ဆိုရင် ဒါ အဲန်အယ်လ်ဒီ လုပ်တာပဲဗျ၊ ဆိုပါတော့ဗျာ၊ အခု မိတ္ထီလာခရိုင်က လုပ်တဲ့လူတွေ လုပ်နေကြတယ်။ ဒါတွေက ကျနော်တို့ရဲ့ အင်အားတွေ၊ Head Quearter ဆိုပြီး အမည်ခံခြင်း မခံခြင်းကတပိုင်း၊ အဲန်အယ်လ်ဒီအလံအောက်မှာရှိနေတဲ့ အဖွဲ့အစည်းတွေ လူထုနဲ့ပတ်သက်ပြီးလုပ်နေကြတယ်။ လူထုကို မျက်နှာမူတဲ့နိုင်ငံရေးတွေ လုပ်နေကြပြီဗျ၊ ဒါတွေကို ကျနော်တို့က ကိုယ့်လူတွေ လုပ်တာပဲ။ ကိုယ်တို့လုပ်တာပဲလို့ ပြောချင်တယ်" ဟု ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်ချက်များ၊ ခေါင်းဆောင်မှု အရည်အသွေးနှင့် စံနမူနာကောင်းများ၊ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်းထားသည့် မျှော်မှန်းထားသည့် ညီညွတ်ရေး အင်အားများလည်း ရှိနေပြီးဖြစ်ကြောင်း၊ နှစ်ပေါင်း (၂၀) အတွင်း လွင့်စင်ခဲ့ရသည့် အသေးအဖွဲ့လေးများ ရှိခဲ့သည့်တိုင်အောင် ယနေ့အထိ ပါတီမကွဲသေးကြောင်း၊မြန်မာ့နိုင်ငံရေးရာဇဝင်တွင် ဤသို့သော အဖြစ်မျိုး မတွေ့ရသေးကြောင်း၊ ထို့ကြောင့် ၎င်းအနေနှင့် စိတ်မပျက်ပါကြောင်းတို့ကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

အဲန်အယ်လ်ဒီဟာ အသံ တိုင်နိုင်ပါမလားဆိုရင် တိုင်နိုင်တယ်။ ဘာလို့ တိုင်နိုင်သလဲဆိုရင် အဲန်အယ်လ်ဒီဟာ မူအပေါ်မှာပဲရှိနေတယ်။ အာဏာရှင်စနစ်ဆန့်ကျင်ရေးနဲ့ ညီညွတ်ရေးအခြေခံပေါ်မှာပဲ အဲန်အယ်လ်ဒီဟာ တလျှောက်လုံးရှိနေခဲ့တယ်။ဆိုတော့ အသံတိုးရင် ကျယ်အောင်လုပ်ရမှာပေါ့ဗျာ၊ဒါပဲလို့ ကျနော်ထင်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

♦

**စစ်ကျွန်အဖြစ် ခွံနစ်မခံ**

# အာဆီယံထိပ်သီးအစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်အရေး နိုင်ငံအသီးသီးမှဝေဖန်ပြောကြား

တောင်ကိုရီးယားနိုင်ငံတွင် အာဆီယံနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးကို ဇွန်လ ၁ ရက်နှင့် ၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး လက်ရှိဖြစ်ပေါ်နေသည့် မြန်မာ့အရေးကိစ္စများနှင့် ပတ်သက်၍ ထိပ်တန်းခေါင်းဆောင်များမှ ဝေဖန်မှုများရှိခဲ့ကြသည်။

ထိုအစည်းအဝေးတွင် မြောက်ကိုရီးယား၏ နျူကလီးယားကိစ္စပြီးလျှင် မြန်မာ့နိုင်ငံရေးကိစ္စသည် နိုင်ငံတကာမှ တက်ရောက်လာကြသည့် ခေါင်းဆောင်များအတွက် ဆွေးနွေးပြောဆိုစရာ အခြေအနေတရပ် ဖြစ်ခဲ့ရသည်။



တောင်ကိုရီးယားနိုင်ငံတွင်ပြုလုပ်သည့် အာဆီယံထိပ်သီးအစည်းအဝေး

ဗြိတိန်နိုင်ငံ၏ လုံခြုံရေးနှင့် ကာကွယ်ရေးဝန်ကြီး Ann Taylor မှ မြန်မာပြည်သူများသည် အထီးကျန်မှုနှင့် ပဋိပက္ခတွေကြားတွင် ရာစုနှစ်ဝက်နီးပါး ခံစားနေကြရကြောင်း၊ တကမ္ဘာလုံးရှိ ပြည်သူများနှင့် မြန်မာပြည်သူများဟာ ဒေါ်အောင်ဆန်းစုကြည်နှင့် တသားတည်းရှိနေကြောင်း ပြောကြားပြီး ယခုအချိန်သည် မြန်မာနိုင်ငံအနေနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရန် အချိန်ရောက်နေပြီဖြစ်ကြောင်း နအဖ စစ်အစိုးရအား သတိပေးပြောကြားခဲ့သည်။

အမေရိကန်ကာကွယ်ရေး ဝန်ကြီး ရောဘတ်ဂိတ်မှလည်း မြန်မာနိုင်ငံတွင် စစ်မှန်သည့် တိုးတက်ပြောင်းလဲမှုများကိုမြင်ချင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ ထိန်းသိမ်းခံနေကြရသော နိုင်ငံရေးအကျဉ်းသားများအား လွတ်မြောက်စေပြီး စစ်အစိုးရနှင့် အတိုက်အခံများကြား အဓိပ္ပာယ်ရှိသည့် တွေ့ဆုံဆွေးနွေးရေးများ ပြုလုပ်စေရန်တို့ကို ပြောသည်။ တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်မှလည်း မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် စိုးရိမ်မှုများအား ပပျောက်စေပြီး စစ်အစိုးရအနေနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရန် သမ္မတ လီ က ထိုအာဆီယံ ထိပ်သီးအစည်းအဝေးတွင် ပြောကြားသွားသည်။

အာဆီယံသည် မြန်မာနိုင်ငံအပါအဝင် မိသားစုအဖွဲ့အစည်းတခုဖြစ်ပြီး ထိုအဖွဲ့အစည်းအားထိခိုက်နိုင်သည့် မည်သည့်ကိစ္စမဆို အာဆီယံ၏ ဂုဏ်သိက္ခာကိုထိခိုက်ခြင်းဖြစ်ကြောင်း၊ မိသားစုအရေးကိစ္စဟာ မိသားစုတခုလုံးကို ထိခိုက်စေသည့်အတွက် မြန်မာနိုင်ငံရဲ့ ပြဿနာဟာ မြန်မာနိုင်ငံတခုတည်း၏ ပြဿနာမဟုတ်တော့ကြောင်းနှင့် အာဆီယံ ပြဿနာ ဖြစ်သည်ဟု ကမ္ဘောဒီယားနိုင်ငံခြားရေးဝန်ကြီး Hor Namhong က တောင်ကိုရီးယားနိုင်ငံ၊ ဂျီယုကျွန်းတွင်ကျင်းပသည့် အာဆီယံနှင့် သံတမန်ဆက်ဆံရေး နှစ်(၂၀)မြောက် အခမ်းအနားတွင် ပြောကြားသွားသည်။

ယခင်က မြန်မာ့နိုင်ငံအရေးနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့မှ ဝေဖန်ပြောဆိုမှုများ ရှိခဲ့သော်လည်း ကမ္ဘောဒီယားနိုင်ငံမှာ ထိုသို့ပြောဆိုခြင်းမရှိခဲ့ပေ။ ယခုပြောဆိုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ယခင်က အာဏာရှင်အစိုးရများရှိခဲ့သော်လည်း ယခုအချိန်တွင် ဒီမိုကရေစီအုပ်ချုပ်မှု အသွင်ကူပြောင်းခဲ့ပြီး မြန်မာနိုင်ငံ စစ်အစိုးရအနေနှင့် ထိုသို့ ကူးပြောင်းရန် ငြင်းဆန်နေခြင်းအပေါ် မေးခွန်းထုတ်စရာဖြစ်နေကြောင်းနှင့် အရှေ့တောင်အာရှ တည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံမှ ဖိနှိပ်သည့် အစိုးရအုပ်ချုပ်မှု အဆုံးသတ်ရန်လိုသည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ်ပီရွန်မှ ပြောကြောင်းကိုလည်း ဒီပီအေသတင်းတွင် ဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုထားသည့်ကိစ္စနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင် ဝေဖန် ပြောဆိုမှုများရှိနေပြီး လက်ရှိအလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံသည် ပိုမိုပြင်းထန်သည့် ဝေဖန်ပြောဆိုမှုများရှိကြောင်း တွေ့ရသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား စစ်အစိုးရမှ တရားစွဲဆိုအပြီး မေလ (၂၅)ရက်နှင့် (၂၆) ရက်နေ့များတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် (၉)ကြိမ်မြောက် အာရှနှင့် ဥရောပနိုင်ငံများ၏ ဝန်ကြီးအဆင့်အစည်းအဝေး၊ မေလ (၂၇) ရက်နှင့် (၂၈)ရက်နေ့တွင် အာဆီယံနှင့် အီးယူဝန်ကြီးများ အစည်းအဝေး။ (၂၉) ရက်နေ့မှ (၃၁)ရက်နေ့အထိ အာရှပစိဖိတ်ဒေသ လုံခြုံရေးဆိုင်ရာ အဓိက ဆွေးနွေးပွဲ (ရှန်ဂရီလာ ဆွေးနွေးပွဲ) ကိုလည်း စင်္ကာပူနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့ပြီး ဇွန်လ(၁)ရက်နှင့်(၂)ရက်နေ့တို့တွင် တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံသံတမန်ဆက်ဆံရေး နှစ်(၂၀)မြောက် ထိပ်သီးစည်းဝေးပွဲများ ပြုလုပ်ခဲ့ကြပြီး ထိုအစည်းဝေးပွဲများတွင် ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲ၊ ထောင်ချရန် ကြိုးစားနေသည့် စစ်အစိုးရအား နိုင်ငံတကာ ခေါင်းဆောင်များမှ ပြစ်တင်၊ ဝေဖန်၊ ရှုံ့ချမှုများ ပြုလုပ်ခဲ့ကြသည်။ ♦





**မျက်နှာဖုံးသတင်းမှ ....**

ဥပဒေ ပုဒ်မ ၁၀၉ ဖြင့် တရားစွဲဆိုခဲ့သည်။

ဂျွန်ယက်တောအား အားပေးကူညီမှု ပုဒ်မ ၂၂/ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အပြင် နိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသည်ဗီဇာပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းကြောင့် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရ လည်းကောင်း၊ ရေမကူးရနယ်မြေတွင် ရေကူးမှုကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥပဒေ ပုဒ်မ (၂၈)အရ လည်းကောင်း သီးခြားအမှုဖွင့်ခဲ့သည်။

အဆိုပါ တရားစွဲဆို လျှောက်ထားမှုအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် ခရိုင်တရားသူကြီး ဦးသောင်းညွန့် (အနောက်ပိုင်းခရိုင်)နှင့် ဦးညီညီစိုး (မြောက်ပိုင်းခရိုင်) တို့က ပြစ်မှုကြီးအမှတ် ၄၇/ ၂၀၀၉ ၊ ၄၈/ ၂၉ ၀၀၉ နှင့် ၄၉ / ၂၀၀၉ တို့အရ အမှုလက်ခံဖွင့်လှစ်ပြီး စစ်ဆေးကြားနာခဲ့သည်။ ရန်ကုန်မြောက်ပိုင်းခရိုင် ဥပဒေအရာရှိ ဦးမြင့်ကြိုင်က အဆိုပါအမှုတရားစွဲဆိုရခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားချက်ကို ကြားနာပြီးနောက် တရားစွဲဆိုခံရသူများအား ရှေ့နေ



ဖြင့်ထုချေနိုင်ကြောင်း အသိပေးကာ အမှုစစ်ဆေးရန် မေလ(၁၈)ရက်နေ့သို့ ချိန်းဆိုလိုက်သည်။

အမေရိကန်သံရုံးမှ အမေရိကန် ဒုတိယအတွင်းဝန် Mr. Colin P. Furst နှင့် အဖွဲ့ဝင်တဦးတို့သည် မေလ (၁၃)ရက်၊ ညနေ (၄)နာရီ ရန်ကုန်မြို့ အောင်သပြေရိပ်သာတွင် Mr. John Willian Yettaw နှင့် ဗီယင်နာ ကွန်ဗန်းရှင်းပါ အခွင့်အရေးများအရ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

နောက် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဗဟိုအမျိုးသမီးအဖွဲ့ဝင် ဒေါ်ခင်ခင်ဝင်းနှင့် NLD အဖွဲ့ဝင် မဝင်းမမတို့အား မေလ( ၁၄ )ရက် နံနက် (၅)နာရီ မိနစ်(၃၀)တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက တက္ကသိုလ်ရိပ်သာလမ်းရှိ နေ



ရှေ့နေကြီး ဦးအောင်သိန်း

အိမ်မှ အင်းစိန်အကျဉ်းထောင်တွင်းရှိ အဆောင်သို့ ပြောင်းရွှေ့ခေါ်ဆောင်သွားခဲ့သည်။

မေ (၁၄) ရက်ည (၈) နာရီကျော် အချိန်တွင် ဒေါ်အောင်ဆန်းစုကြည် အတွက် အမှုလိုက်ရန်ပြင်ဆင်နေသော ဦးအောင်သိန်း၏နေအိမ်သို့ အရပ်ဝတ်လုံခြုံရေးဝန်ထမ်းများ၊ ရယက (ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) ဥက္ကဋ္ဌနှင့် မြို့နယ်တရားသူကြီးတို့ လာရောက်ကာ လိုင်စင်သိမ်းယူသွားခဲ့သည်။ အလားတူပင် ဦးခင်မောင်ရှိန်လည်း ရှေ့နေလိုင်စင်အသိမ်းခံခဲ့ရသည်။ ရှေ့နေနှစ်ဦးတို့သည် ၈၈ မျိုး ဆက်ကျောင်းသား (၃၆) ဦးတို့၏အမှုကို လိုက်ပါဆောင်ရွက်ပေးခဲ့စဉ် ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ရုံးတော်အား မထေမဲ့မြင်ပြုမှုဟု အမည်တပ်လျှက် တရားစွဲဆိုခြင်းမရှိဘဲ ထောင်ဒဏ် (၄) လချမှတ်ခဲ့သည်။

မေလ(၁၈)ရက်နေ့၊ ပထမ ရုံးချိန်းတွင် ဒေါ်အောင်ဆန်းစုကြည်၏အကျိုးဆောင်ရှေ့နေများအဖြစ် တရားရုံးချုပ် ရှေ့နေဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်းနှင့် ဦးလှမျိုးမြင့်။ ဒေါ်ခင်ခင်ဝင်းအတွက် တရားရုံးချုပ် ရှေ့နေ ဒေါ်ခင်ဌေးကြွယ်၊ ဦးလှမျိုးမြင့်နှင့် ဦးဉာဏ်ဝင်း။ မဝင်းမမအတွက် လိုက်ပါဆောင်ရွက်ရန် ဒေါ်ခင်ဌေးကြွယ်၊ ဦးလှမျိုးမြင့်။ မစ္စတာယက်ထောအတွက် အထက်တန်းရှေ့နေ ဦးခင်မောင်ဦးတို့က ကိုယ်စားလှယ်လွှဲစာများအသီးသီး တင်သွင်းခဲ့ကြသည်။ ထို့နောက် အမှုတမှုစီအတွက် တရားလိုပြသက်သေတဦးစီအား စစ်ဆေးခဲ့ရာ ညနေ (၃) နာရီတွင် ပြီးဆုံးခဲ့သည်။

မေလ (၁၉) ရက်နေ့၊ ဒုတိယရုံးချိန်းတွင် မှုခင်းတပ်ဖွဲ့မှ ရဲမှူးကြီး မောင်မောင်ခင်က တရားလိုပြသက်သေအဖြစ် မေလ (၁၉)ရက်နေ့ နံနက် (၁၀) နာရီတွင် စတင်စစ်ဆေးခံခဲ့ရာတွင် မီချိဂန်ပြည်နယ် ဒက်တွိုက်မြို့မှ အမေရိကန်နိုင်ငံသား မစ္စတာဂျွန်ယက်ထောသည် မေလ (၂)ရက်နေ့တွင် ထိုင်းနိုင်ငံ၊ မြန်မာသံရုံးမှ ပေးသောဗီဇာဖြင့် ဝင်လာခဲ့ပြီး ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ် ဗျူးတီးလဲန်း(၂) ဟိုတယ်တွင် တည်းခိုခဲ့ကြောင်းနှင့် မေ (၃) ရက်ည(၁၁)နာရီတွင် ဒေါ်အောင်ဆန်းစုကြည်၏ ခြံဝန်းအတွင်းသို့ အင်းလျားကန်ဘက်မှ ရေကူး၍ ဝင်ရောက်လာခဲ့ကြောင်းတို့ကိုလည်းကောင်း၊ ယက်တော အားဖမ်းဆီးခဲ့စဉ်က သိမ်းဆည်းရခဲ့သောပစ္စည်း(၂၃)မျိုးကိုလည်းကောင်း အသေးစိတ် ထွက်ဆိုခဲ့သည်။

ဆက်လက်၍ ဂျွန်ယက်ထောအား ပထမဦးဆုံးတွေ့မြင်ခဲ့သူ ဒုတပ်ကြပ်မျိုးလွင်အားလည်းကောင်း၊ အမှတ် (၇)




ရဲတပ်ရင်းမှ ပြည်လမ်း၊ တံတားဖြူ မှတ်တိုင်အနီး ကန်သာယာဆေးရုံဟောင်းတွင် လုံခြုံရေးတာဝန်ကျ ရဲအုပ်သန်းနိုင်အားလည်းကောင်း စစ်ဆေးမေးမြန်းရာ ထွက်ချက်မှာ အတူတူပင်ဖြစ်သည်။

ဆက်လက်၍ ရဲအုပ်သန်းနိုင်က ဝီလီယမ်ယက်တောအား လာရောက်အပ်နှံသည်ကို လက်ခံလွှဲပြောင်းယူခဲ့သောသတင်းတပ်ဖွဲ့ စစ်ဆေးရေးဌာနခွဲမှ ဒုတိယရဲမှူး မောင်မောင်မြင့်မှ လက်ခံခဲ့ကြောင်း၊ ဂျွန်ယက်ထော၏ ပစ္စည်းများအား ရှာဖွေပုံစံဖြင့် သိမ်းဆည်းရာတွင် သက်သေများဖြစ်ကြသော မရမ်းကုန်းမြို့နယ် (၄) ရပ်ကွက်မှ ကောင်စီဥက္ကဋ္ဌ ဦးသာစိန်၊ ဦးစိုးမြင့်တို့ကိုလည်းကောင်း စစ်ဆေးခဲ့ပြီးနောက် အမှုကို မေလ (၂၀) ရက်သို့ ချိန်းဆိုလိုက်သည်။

မေလ(၂၀)ရက်နေ့၊ နံနက်ပိုင်းရုံးချိန်းတွင်တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ ဒုရဲမှူးကျော်ဝင်းက မစ္စတာ ယက်ထော တည်းခိုသည့် ဗျူးတီးလဲန်း (၂) ဟိုတယ်သို့သွားရောက်၍ ၎င်း၏ပစ္စည်းများ သိမ်းဆည်းခဲ့ပုံကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် တရားလိုပြသက်သေ ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဇော်ထွန်းက ဗဟန်းမြို့နယ်နှင့် ကျိုက္ကဆံရပ်ကွက်တို့မှ ကောင်စီဥက္ကဋ္ဌများနှင့်အတူ ရှာဖွေပုံစံဖြင့် ဒေါ်အောင်ဆန်းစုကြည် နေအိမ်သို့သွားရောက်ပြီး မစ္စတာယက်ထောချန်ထားခဲ့သော ပစ္စည်းများအား ရှာဖွေသိမ်းဆည်းခဲ့ပုံကိုလည်းကောင်း အသေးစိတ်ထွက်ဆိုခဲ့ကြသည်။

ထိုနေ့က မွန်းလွဲ(၁)နာရီ (၁၅) မိနစ်တွင် ဆက်လက်စစ်ဆေးရာ၌ သံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် စုစုပေါင်းသံတမန် (၂၉) ဦးနှင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက် (၅) ဦးနှင့် ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ ငါးဦးတို့အား ဝင်ရောက်ကြည့်ရှု၊ နားထောင်ခွင့်ပြုခဲ့သည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်အား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်မှ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ အထိ အကျဉ်းဦးစီးဌာနရှိ အရာရှိရိပ်သာတွင် စင်ကာပူနိုင်ငံ၊ ရုရှနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သံတမန်များက သွားရောက်တွေ့ဆုံခွင့်ရရှိခဲ့သည်။ ထိုနေ့အတွက် တရားလိုပြသက်သေ ဒုရဲမှူး တင်ဇော်ထွန်းအားစစ်မေးပြီးနောက် ၎င်းအား ပြန်လှန်စစ်မေးရန် အမှုကို မေလ (၂၁)ရက် နံနက်(၁၀) နာရီသို့ ချိန်းဆိုလိုက်သည်။

မေလ(၂၁)ရက် စတုတ္ထမြောက်နေ့ရုံးချိန်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးဉာဏ်ဝင်းက တရားလိုပြသက်သေ ဒုတိယရဲမှူး တင်ဇော်ထွန်းအား ပြန်လှန်စစ်မေးရာတွင် ပစ္စည်းများရှာဖွေသိမ်းဆည်းနေစဉ် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ က အနှောင့်အယှက်မပေးခဲ့ကြောင်း၊ မွတ်စလင်အမျိုးသမီးဝတ်စုံနှစ်စုံအား ရုံးရှေ့တွင် ဝတ်ပြခိုင်းသလားဟု မေးသည်ကို ပြခိုင်းခဲ့ကြောင်းတို့ ဖြေဆိုခဲ့သည်။ ထို့နောက် ၎င်းအားဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့၏ ရှေ့နေ ဦးလှမျိုးမြင့်က ပြန်လှန်စစ်မေးရာတွင် ဆက်လက်တားဆီးမိန့် သက်သေခံ (ခ–၂) အရ ဗဟန်းမြို့နယ်၊ ရဲတပ်ဖွဲ့စခန်းအနေဖြင့် အခင်းဖြစ်သည့်နေရာတခုလုံးအတွက် လုံခြုံရေးတာဝန်ယူရသည်ဆိုပါက သီးခြားအဖွဲ့အစည်းများက အဓိကလုံခြုံရေးတာဝန်ယူကြောင်း ရှင်းလင်းဖြေဆိုသည်။

မစ္စတာယက်ထော၏ ရှေ့နေ ဦးခင်မောင်ဦးက ပြန်လှန်စစ်မေးသော မွတ်စလင်အမျိုးသမီးဝတ်စုံဟု အဘယ်ကြောင့် ပြောနိုင်သနည်းဟူသော မေးခွန်းကိုဖြေကြားရာတွင် မွတ်စလင်အမျိုးသမီးများ အများဆုံးဝတ်သည့် ဝတ်စုံဖြစ်၍ ပြောခြင်းဖြစ်ကြောင်း ရှင်းလင်းထွက်ဆိုသည်။

ဆက်လက်၍ တရားလိုပြသက်သေဖြစ်သော ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးရပ်ကွက်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်တင် ကို စစ်ဆေးရာတွင် မေလ (၇) ရက်၊ နံနက် ငါးနာရီတွင် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး တင်ဇော်ထွန်းမှခေါ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ သွားခဲ့ကြကြောင်း ဒုတိယရဲမှူး တင်ဇော်ထွန်း၏ ထွက်ဆိုချက်များကို ထောက်ခံထွက်ဆိုသွားခဲ့သည်။

တရားလိုပြသက်သေ ဗျူးတီးလဲန်း(၂)ဟိုတယ်လ်မန်နေဂျာ ဦးကျော်သူအား စစ်ဆေးရာတွင် မစ္စတာယက်ထောသည် မိမိတို့ဟိုတယ်လ်တွင် နှစ်ကြိမ်တည်းခိုဖူးကြောင်း၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာလ (၇) ရက်မှ ဒီဇင်ဘာ (၃) ရက်အထိ တကြိမ်နှင့် ၂၀၀၉ ခုနှစ် မေလ (၂) ရက်တွင် တရက်တည်းခိုပြီးနောက် ငါးရက်စာကြိုတင်ငွေပေးခဲ့ကြောင်းနှင့် မေ (၃) ရက်ည ၁၀ နာရီခန့်တွင် ဟိုတယ်လ်အခန်းသော့အပ်၍ သူငယ်ချင်းတဦးထံ သွားအိပ်မည်ဆိုကာ ထွက်သွားကြောင်း၊ မေလ (၄) ရက်နှင့် (၅) ရက်များတွင် ပြန်လာခြင်းမရှိခဲ့ဘဲ မေလ (၇) ရက်တွင် ဒုတိယရဲမှူး စကျော်ဝင်းနှင့် သက်သေလူကြီးများဖြစ်ကြသော ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသိန်း၊ ရာအိမ်မှူး ဦးဌေးဦးတို့ရောက်ရှိလာပြီး မစ္စတာယက်ထော၏ ပစ္စည်းများကို ရှာဖွေပုံစံဖြင့်သိမ်းယူခဲ့ကြောင်း၊ ထို့နောက် ဒုတိယအကြိမ်ပြန်လာကာ မစ္စတာယက်ထော၏ ထပ်မံထွက်ဆိုချက်အရ တယ်လီဖုံးလမ်းညွှန်စာအုပ်ကြားတွင် ညှပ်ထားခဲ့သော အမေရိကန် ဒေါ်လာ ၃၀၀ ကို ထပ်မံသိမ်းယူခဲ့သည်ကို ရှာဖွေပုံစံတွင် လက်မှတ် ရေးထိုးပေးခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ညွန့်၏ ထွက်ဆိုချက်များမှာလည်း ဒုတိယရဲမှူး တင်ဇော်ထွန်း၏ ထွက်ဆိုချက်များနှင့် အလားတူပင်ဖြစ်သည်။

သတင်းတပ်ဖွဲ့ ပြည်ပရေးရာဌာန တာဝန်ခံရဲမှူး အောင်ထွဋ်ကျော်၏ ထွက်ဆိုချက်တွင် ဒုတိယရဲမှူး မောင်မောင်မြင့်က မစ္စတာယက်ထော၏ ပစ္စည်းများဖြစ်သော ကင်န်ွန်ကင်မရာတလုံးနှင့် Memory Card(၆) ခုတို့ကို မိမိအား အပ်နှံစစ်ဆေးစေခဲ့ကြောင်း၊ ယင်းတို့တွင် ဓာတ်ပုံပေါင်း (၃၃၁) ပုံနှင့် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း၌ ယက်ထော ကိုယ်တိုင်ရိုက်ကူးထားသော ရုပ်/သံဖိုင်တဖိုင်တွေ့ရကြောင်း၊ ယင်းတို့တွင် ရေကူးရာတွင် အသုံးပြုသည့် ဖားဖိနပ်ပုံ၊ ဖားဖိနပ်အား အဆင့်ဆင့်ပြုလုပ်ပုံ၊ စမ်းသပ်ဝတ်

**စာမျက်နှာ (၅) ကော်လံ (၁) သို့....**






စာမျက်နှာ (၄) မှ ....

ဆင်ပုံ၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်း မိမိကိုယ်မိမိ အသံနောက်ခံဖြင့် မှတ်တမ်းရိုက်ကူးထားသောပုံများကို တွေ့ခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။

မေလ (၂၂) ရက်နေ့ နံနက် (၁၀) နာရီ၊ ပဥ္စမမြောက်နေ့တွင် ဂျွန်ယက်ထော၏ အမှုများကို ကြားနာစစ်ဆေးရာ၌ တရားလိုပြသက်သေဖြစ်သူ ကျောက်တံတားမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်သွင်က နိုင်ငံခြားသားတဦးသည် ဗီဇာလျှောက်ထားစဉ်က ဗီဇာပါစည်းကမ်းချက်များကို လိုက်နာပါမည်ဟူသောဝန်ခံချက်ဖြင့် ဗီဇာလျှောက်လွှာတွင် လက်မှတ်ရေးထိုးရကြောင်း၊ ကန့်သတ်တားမြစ်ထားသည့်နေရာများသို့ သွားရောက်ခြင်းသည် ဥပဒေပုဒ်မ ၄ (၁) ကို ချိုးဖောက်ခြင်းဖြစ်ပြီး ယင်းအက်ဥပဒေပုဒ်မ ၁၃ (၁) အရ ပြစ်မှုကျူးလွန်ပါကြောင်း ထွက်ဆိုသည်။

ထို့နောက် တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ ရဲအုပ်မြင့်အေးအား စစ်မေးခဲ့ရာ နိုင်ငံကူးလက်မှတ် အမှတ် – ၄၃၉၇၆၇၇၂၂ ကိုင်ဆောင်ထားသူ Mr.John William Yettaw သည် ကမ္ဘာလှည့်ဗီဇာ EVT (FTI) ဖြင့် မေလ (၂) ရက်နေ့တွင် Bangkok Airway ခရီးစဉ်အမှတ် ပီဂျီ–၇၀၁ ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်သို့ ရောက်လာကြောင်း၊ ထိုသို့ဝင်ရောက်မှုကို လေဆိပ်လဝကမှ သတင်းတပ်ဖွဲ့သို့ အကြောင်းကြားထားသည်ကို မှတ်တမ်းများအရ သိရှိရကြောင်း ထွက်ဆိုသည်။

ဆက်လက်၍ သတင်းတပ်ဖွဲ့ ပြည်ပရေးရာဌာနမှ ဒုရဲမှူး စကျော်ဝင်းနှင့် ဟိုတယ်မန်နေဂျာဦးကျော်သူတို့မှ ဂျွန်ယက်တော၏ပစ္စည်း(၆၁)မျိုးအား ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၅/၂၀၀၉ တွင် ထွက်ဆိုခဲ့သည့်အတိုင်း ပြန်လည်ထွက်ဆိုသွားကြသည်။

၄င်းနောက် ဂျွန်ယက်တော အပေါ် မြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၈ အရ စွဲဆိုသော ပြစ်မှုဆိုင်ရာ ဥပဒေ အမှုကြီးအမှတ် ၄၉ / ၂၀၀၉ အမှုမှ တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ ရဲအုပ် ဖုန်းခေါ်ခိုင်အား စစ်ဆေးရာ ဘာသာပြန်ဆိုပေးရန် တာဝန်ပေးချက်အရ မေးမြန်းချက်ကို နှုတ်ဖြင့်ဖြေဆိုသည့်အပြင် စာဖြင့်လည်းရေးသားပေးကြောင်း မိမိအနေဖြင့် ဘာသာပြန်မေးမြန်းခြင်းအား ဒုရဲမှူးကြီး မောင်မောင်ခင်နှင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယက်တောမှလည်း ၎င်း၏လွတ်လပ်သောဆန္ဒဖြင့် ထွက်ဆိုခြင်း ဖြစ်ကြောင်း အစစ်ခံသည်။

မွန်းလွဲပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုအတွက် တရားလိုပြသက်သေ ဦးမြတ်သွင် (ကျောက်တံတားမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန) အား စစ်ဆေးသည်။

ထို့နောက် တရားလိုပြ သက်သေတဦးဖြစ်သည့် သတင်းတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်ထွန်းက ထွက်ဆိုရာတွင် ကန့်သတ်မိန့်တွင်ပြဌာန်းထားသော မူလအခွင့်အရေးထဲမှ ပုဒ်မ ၁၄၈(ဂ)၊ ၁၅၈၊ ၁၅၉ (က) (ခ)နှင့် ၁၆၀ တို့အရ ဒေါ်အောင်ဆန်းစုကြည်သည် တစုံတယောက်နှင့် တွေ့ဆုံခြင်း၊ ဆက်သွယ်ခြင်း၊လက်ခံစကားပြောခြင်း၊ ညအိပ်ညနေတည်းခိုခွင့်မပြုနိုင်ခြင်း၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စအဝဝကိုတောင်းဆိုလာသည့်အခါ မိမိတို့အနေဖြင့် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပေးရကြောင်း၊ဒေါ်အောင်ဆန်းစုကြည်အား ဆက်သွယ်ပြောကြား၊ ကြိုပို့နှင့် ကိစ္စအဝဝတို့ကို ဆောင်ရွက်ပေးရကြောင်း၊ ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တာဆီးမိန့်များ ထုတ်ပြန်ပါကြောင်း၊ ကန့်သတ်မိန့်သည် ပျက်ပြယ်ခြင်းမရှိကြောင်း၊ တားဆီးမိန့်တွင်ပါသည့် စည်းကမ်းချက်ကို ချိုးဖောက်ခြင်းမရှိဟု ဒေါ်အောင်ဆန်းစုကြည် ဖြေဆိုခဲ့သော်လည်း အခြားမှ စာအုပ်များ၊ စာများ၊ လာရောက်ဆက်သွယ်သည့် ဖြစ်စဉ်



များသည် စာဖြင့်သော်လည်းကောင်း၊ စကားပြောကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်းမပြုရဟူသည့် အချက်အား ချိုးဖောက်ရာရောက်ကြောင်း ထွက်ဆိုသည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အား ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/ ၂၀၀၉ ဖြင့် စွဲချက်အသီးသီးတင်ခဲ့ရာ တရားစွဲဆိုခံရသူများက ၄င်းတို့တွင် အပြစ်မရှိကြောင်း ငြင်းဆိုကြသည်။

အလားတူ Mr. John William Yettaw အပေါ်စွဲဆိုထားသည့် ၁၉ ၄၇ ခုနှစ် လူဝင်မှုဥပဒေ ပုဒ်မ ၁၃ (၁) အရ လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၉ / ၂၀၀၉ တွင် စည်ပင်ဥပဒေ ပုဒ်မ ၂၈ အရ စွဲဆိုထားခဲ့ရာ တရားခံမှ အပြစ်မရှိကြောင်း ငြင်းဆိုသည်။

မေလ (၂၅) ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ကြားနာစစ်ဆေးရာတွင် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/ ၂၀၀၉ မှ ပြန်ခေါ်သက်သေရဲမှူးကြီး ဇော်မင်းအောင်အား ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးညဏ်ဝင်းမှ ဥပဒေကြောင်းရာများကို စတင်စစ်ဆေးခဲ့သည်။

ရဲမှူးကြီး ဇော်မင်းအောင်က မိမိထွက်ဆိုထားသည့် ကန့်သတ်ပုဒ်မ ၁၄၈ (ဂ)၊ ၁၅၇၊ ၁၅၈၊ ၁၅၉ (က)၊ ၁၅၉ (ခ) နှင့် ၁၆၀ တို့သည် ပြည်ထောင်စု ဆိုရှယ်လစ်သမတ္တမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မများဖြစ်ကြောင်း၊ ကန့်သတ်မိန့်နှင့် တားဆီးမိန့်များအား ဖောက်ဖျက်၍ စွဲဆိုခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားသားအား လက်ခံ၊ တွေ့ဆုံ၊ ကျွေးမွေးခြင်းသည် ပုဒ်မ ၁၅၉ (က) ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်ဟု မိမိထွက်ဆိုခဲ့သော်လည်း ထိုစကားလုံးများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ လွတ်လပ်ခွင့်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါဝင်ခြင်းမရှိဟုဆိုလျှင် ဥပဒေပါပြဋ္ဌာန်းချက်အတိုင်းဖြစ်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၀ တွင် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံရေးအတွက် ကန့်သတ်လိုက်သည်ဆိုလျှင် စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံရေးအတွက် ဥပဒေအရ အကာအကွယ်ပေးရမည်ဆိုသည့်အချက်ကို ချိုးဖောက်ခြင်း ဖြစ်ကြောင်း ထွက်ဆိုသည်။

ဆက်လက်၍ ပြန်ခေါ်သက်သေ ရဲမှူးကြီးဝင်းနိုင်အား ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးညဏ်ဝင်းမှ ပြန်လှန်စစ်မေးရာတွင် နိုင်ငံခြားသား ဝင်ရောက်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ၂၀၀၈ ဒီဇင်ဘာလ (၄) ရက်တွင် ဒေါက်တာတင်မျိုးဝင်းပြောပြချက်အရ၏ ဌာနအဆင့်ဆင့်သို့ တင်ပြခဲ့ကြောင်း၊ ထိုစဉ်က လူဝင်ရောက်သည့်ကိစ္စနှင့် စပ်လျဉ်း၍ အချက်အလက်ပြည့်စုံစွာပြောကြားခြင်းမရှိကြောင်း၊ ယခု ဒေါ်အောင်ဆန်းစုကြည်ပါလေးဦးအား တရားစွဲဆိုသည်မှာ တားဆီးမိန့်ပါအချက်အား ဖောက်ဖျက်ခြင်းကြောင့် စွဲဆိုရကြောင်း၊ ပထမအကြိမ် ဝင်ရောက်စဉ်တွင် ယက်ထောပေးခဲ့သည့်စာအုပ်အား စနစ်တကျ လက်ခံသိမ်းဆည်းထားသည်မှာ ထင်ရှားကြောင်း၊ ပထမအကြိမ်ဝင်ရောက်စဉ်က တရားမဝင် ဝင်ရောက်ခြင်းဖြစ်သည်ဆိုလျှင် တိတ်တဆိတ် တရားမဝင်ဝင်ရောက်ခြင်းဖြစ်ကြောင်း ရှင်းလင်းထွက်ဆိုသည်။

ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့၏ရှေ့နေ ဦးလှမျိုးမြင့်မှ ပြန်လှန်စစ်မေးရာတွင် ယက်တောအပေါ် အိမ်ကျော်နင်းမှုအတွက် သတင်းပေးတိုင်ချက် ရေးဖွင့်ခဲ့ခြင်း မရှိသေးဟုဆိုလျှင် အိမ်ကျော်နင်းမှုနှင့် စပ်လျဉ်း၍ အရေးယူထားခြင်းမရှိသေးကြောင်း၊ လဝကအက်ဥပဒေဖြင့်သာ အရေးယူထားခြင်းရှိကြောင်း ရှင်းလင်း ထွက်ဆိုသည်။

ပြန်ခေါ်သက်သေ ဒုရဲမှူး စကျော်ဝင်းအား ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေဦးညဏ်ဝင်းမှ ပြန်လှန်မေးရာတွင် ပထမသတင်းပေးတိုင်တန်းချက်အား ရေးဖွင့်ခြင်းမရှိသေးဟုဆိုလျှင် မှန်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က ပြောသည့် တာဝန်ယူသည်ဆိုခြင်းမှာ အမှုအတွက် မဟုတ်ဘဲ ပစ္စည်းများအပ်ပေးသူအဖြစ်သာ တာဝန်ယူခြင်းဖြစ်သည်ဆိုလျှင် ယက်တောထားခဲ့သည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ သူမမှာ တာဝန်ယူခြင်းဖြစ်သည်ဟု ပြောခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

ထို့နောက် တရားလိုပြ သက်သေများအနက် စွဲချက်မတင်မီစစ်ဆေးရန် ကျန်သူများအား ဆက်လက်စစ်ဆေးရာတွင် သတင်းတပ်ဖွဲ့မှ ရဲမှူးသန်းစိုးကလည်း ရှေ့တရားလိုပြများနှင့် အလားတူပင် ထွက်ဆိုသွားခဲ့သည်။

တရားလိုပြသက်သေ စုစုပေါင်း (၂၃) ဦးအနက် (၁၅) ဦးသာစစ်ဆေးပြီး ကျန်နေသူများအား စစ်ဆေးရန်မလိုတော့သောကြောင့် ပယ်လိုက်ကြောင်း တရားလိုဘက်မှ ခရိုင်ဥပဒေအရာရှိမှ တင်ပြလျှောက်ထားလိုက်သည်။

မေလ (၂၅) ရက် တရားခွင်နှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးညဏ်ဝင်းမှ ဒီဗွီဘီသို့ ပြောကြားရာ၌ ကန့်သတ်ချက်တွင် နိုင်ငံရေးပါတီ၊ နိုင်ငံရေးနှင့် ဆက်နွယ်သူများနှင့် အဆက်အသွယ်မလုပ်ရ၊ ပြင်ပသို့ စာအဆက်အသွယ်၊ စကားပြောကြေးနန်း အဆက်အသွယ်မလုပ်ရဟုသာပါရှိကြောင်း ဥပဒေစကားအရ အခြားသို့ဟုဆိုရာ အပြင်ကိုဆိုလိုကြောင်း အပြင်မှအထဲသို့ဟု ဥပဒေကန့်သတ်ချက်တွင်မပါရှိကြောင်း သို့သော်လည်း အကျုံးဝင်သည်ဟုဆိုကာ သက်သေများကထွက်ဆိုနေကြောင်း ပြောသည်။

စစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထားခြင်းမဟုတ်သေးကြောင်း ပြောဆိုသော်လည်း တရားရုံးမှ အာမခံချက်ပေးမထားသည့်အတွက် ဖမ်းထားခြင်းသာဖြစ်ကြောင်း ပထမ နေအိမ်အကျယ်ချုပ် ၁၀(ခ) သည် ၂၀၀၉ ခုနှစ်၊ မေလ (၂၇)ရက်တွင် ပျက်ပျယ်ပြီဖြစ်


ရှေ့နေကြီး ဦးညဏ်ဝင်း

ကြောင်းနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများအရ ယခုကိစ္စသည် ဖမ်းထားခြင်းသာဖြစ်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးညဏ်ဝင်းမှ ပြောသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမှုကိစ္စနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က အာရ်အက်ဖ်အေသို့ပြောရာတွင် မေလ (၁၈)ရက် တနင်္လာနေ့တွင် စတင်စစ်ဆေးပြီး သောကြာနေ့တွင်အမှုအား စွဲချက်တင်လိုက်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်သည် တရားစွဲဆိုခံရသူမဟုတ်တော့ပဲ တရားခွင်ရှေ့မှောက်တွင် တရားခံတဦးအဖြစ်သို့ ရောက်ရှိသွားပြီဖြစ်၍ ထောင်ကျနိုင်သည့်အနေအထားသို့လည်း ရောက်နေကြောင်း ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် အနေနှင့် လွတ်ရက်စေ့ရန် ရန်ပိုင်းသာလိုတော့သည့်အချိန်၊ အန်အယ်ဒီအပါအဝင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများမှ တွေ့ဆုံဆွေးနွေးရေးနှင့် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းရန်တောင်းဆိုနေသည့်အချိန်တွင် အဲန်အယ်လ်ဒီမှ တောင်းဆိုထားသည့်အချက်များအား လိုက်လျောခဲ့ပါက ရွေးကောက်ပွဲဝန်ရန်ပင် ရည်ရွယ်ချက်ရှိကြောင်းပြောနေချိန်တွင် ယခုကဲ့သို့ လူထုခေါင်းဆောင်အား ထောင်ချရန် ကြိုးပမ်းမှုသည် နိုင်ငံရေးခွင်များအားလုံးအား ရိုက်ချိုး ဖျက်ဆီးလိုက်ခြင်းဖြစ်ကြောင်း ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် တရားခွင်သို့ရောက်ရှိနေမှုအပေါ် ရှေ့နေများနှင့် တိုင်ပင်၍ တရားဥပဒေအရ မှားယွင်းနေသည်ဟုယူဆရသည့် အချက်မှန်သမျှအား ကန့်ကွက်သွားမည်ဖြစ်ကြောင်း နိုင်ငံရေးကိစ္စကသပ်သပ်၊ သူ့ဖာသာသူနေသွားသည်ဟု ယူဆနေသူများရှိနေပြီး ထိုကိစ္စအား လက်မခံနိုင် မှားယွင်းကြောင်း။ ဒေါ်အောင်ဆန်းစုကြည်သည် သာမန် အမျိုးသမီးမဟုတ်ကြောင်း၊ နိုင်ငံရေးခေါင်းဆောင်၊

စာမျက်နှာ (၆) ကော်လံ (၁) ...

**စာမျက်နှာ (၆) မှ ....**

အဖွဲ့ချုပ်၏ခေါင်းဆောင်၊ လူထု၏ ခေါင်းဆောင်၊ ဒီမိုကရေစီခေါင်းဆောင်ဖြစ်နေ



ကြောင်းနှင့် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး အခြေအနေများအရ ရွေးကောက်ပွဲလုပ်ရန် ပြင်ဆင်နေသည့်အချိန်တွင် ပေါ်ပေါက်လာသည့်အမှုဖြစ်သောကြောင့် သီးခြားစီဟုပြောရန်မဖြစ်ကြောင်း၊ ဒေါ်စုအမှုသည် နိုင်ငံရေးအမှုဖြစ်ပြီး ယနေ့နိုင်ငံရေး၏ အရေးအကြီးဆုံးပြဿနာဟု သတ်မှတ်ကြောင်း ပြောသည်။

ဆက်လက်၍ဦးဝင်းတင်က အမှုကြီး၏ အစသည် လုပ်ကြံဖန်တီးမှုဖြစ်ကြောင်း ယက်တောဆိုသူနှင့်ပတ်သက်၍ ယမန်နှစ်ကပင် ဒေါက်တာတင်မျိုးဝင်းတိုင်ကြားထားသောကြောင့် ပြည်ထဲရေးမှ သိရှိပြီးဖြစ်ကြောင်း ထိုသို့သိရှိထားပါလျက် ဗီဇာထုတ်ပေးခြင်းကြောင့် ဖြစ်ပေါ်သော နောက်ဆက်တွဲ အမှုမှန်သမျှတွင် စစ်အစိုးရ၌သာ တာဝန်ရှိပြီး စစ်အစိုးရသာလျှင် တစ်တရားခံဖြစ်ကြောင်းနှင့် နိုင်ငံရေးလုပ်ကြံမှုဖြစ်ပြီး လူထုခေါင်းဆောင်အား နှစ်ရှည်လများ ဆက်လက်ဖမ်းဆီးချုပ်နှောင်ရန်အတွက် ဖန်တီးထားခြင်းဖြစ်ကြောင်း ဦးဝင်းတင်က ပြောသည်။

မေလ (၂၆) ရက်နေ့တွင် နိုင်ငံတော် လုံခြုံရေးအား ထိပါးနှောင့်ယှက်သူများ၏ အန္တရာယ်မှကာကွယ်သော ဥပဒေဖြင့် အထူးတရားရုံးတွင် အမှုဖွင့်ခြင်းခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင်က သူ့တွင်အပြစ်မရှိကြောင်း ထိုနေ့မှာပင် ပြန်



လည် ချေပခဲ့သည်။

အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယမ်ယက်ထော၏ ရေကူးဝင်ရောက်လာခဲ့ခြင်းနှင့် ပတ်သက်ပြီး တားဆီးကန့်သတ်မိန့်အား ဖောက်ဖျက်မှုဖြင့် စွပ်စွဲမေးမြန်းချက်များကို ကိုယ်တိုင်ပြန်လည်ထုချေရာ

တွင် ဒေါ်အောင်ဆန်းစုကြည်က သူ့တွင် တာဝန်မရှိကြောင်း ဖော်ပြထားသည့် ရေးသားချက်ကို ရုံးတော်သို့ တင်ပြခဲ့သည်။

ထိုချေပချက်တွင် မစ္စတာယက်ထောသည် ထိုနေ့ (၄) ရက်နေ့ နံနက် (၅) နာရီကျော်မှ အိမ်တွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး နာမကျန်းဖြစ်နေသည့်အတွက်ကြောင့်လည်းကောင်း၊ အလင်းရောင်လာနေပြီဖြစ်သောကြောင့် ပြန်ထွက်သွားပါက အဖမ်းခံရမည်ဖြစ်သောကြောင့် နေခွင့်ပြုရန် ခွင့်တောင်းသောကြောင့် ခွင့်ပြုခဲ့ခြင်းသာဖြစ်ကြောင်း ကြေညာချက်တွင်ပါရှိသည်။

ထိုသို့ခွင့်ပြုခဲ့ခြင်းအား အစိုးရဘက်မှ စွပ်စွဲခြင်းနှင့်ပတ်သက်၍ ပြန်လည်ချေပရာတွင် သူကိုယ်တိုင် လုံခြုံရေး တင်းတင်းကျပ်ကျပ်ဖြင့် အကျဉ်းကျခံနေရပြီး လုပ်ဖော်ကိုင်ဘက်များလည်း တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုမရဘဲ နှစ်ရှည် ထောင်ဒဏ်များကျခံနေရသော ကာလတွင် မိမိကြောင့် သူတပါးဒုက္ခရောက်မည့်အလုပ်မျိုးအား နိုင်ငံရေးယုံကြည်ချက်အရ မလုပ်နိုင်ကြောင်းနှင့် သူ့အနေနှင့် အာဏာပိုင်များအား အကြောင်းကြားရန် ဒေါက်တာတင်မျိုးဝင်းလာမည့် မေလ (၇)ရက်နေ့အား စောင့်ဆိုင်းနေခဲ့သော်လည်း ဒေါက်တာတင်မျိုးဝင်းကို အာဏာပိုင်များက ဝင်ခွင့်မပြုဘဲ ခေတ္တထိန်းသိမ်းထားခဲ့ခြင်းကြောင့် အကြောင်းကြားမည့်ကိစ္စကို မဆောင်ရွက်နိုင်ခဲ့ကြောင်း ပါရှိသည်ဟုလည်း ဦးညဏ်ဝင်းကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ချေပချက်ထွက်ပေါ်မလာခင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ရဲမှူးချုပ်မြင့်သိန်းက ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထားရမည့်အချိန်ထက် ပိုမိုစောပြီး လွှတ်ပေးရန် အစီအစဉ်ရှိခဲ့ပြီးဖြစ်သော်လည်း ဒေါ်အောင်ဆန်းစုကြည်က ဥပဒေထက်ကျော်လွန်လုပ်ဆောင်မှုများကြောင့် ယခုကဲ့သို့ ဖမ်းဆီးထိန်းသိမ်းရခြင်းဖြစ်ကြောင်း ရဲမှူးချုပ်မြင့်သိန်းမှ ပြောကြားသွားသည်ကို ထိုပွဲသို့တက်ရောက်ခဲ့သော စာနယ်ဇင်းသမားများက ပြောကြောင်း ဗွီအိုအေတွင် ရေးသားဖော်ပြထားသည်။

ထို့နောက် မစ္စတာယက်တော

အပေါ်စွဲဆိုသည့် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၈/၂၀၀၉ မှ စစ်ဆေးရန် ကျန်သော တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ အမှုစစ်ဒုတိယရဲမှူးသန်းစိုးကို ဆက်လက်စစ်ဆေးရာ ၎င်းက အဆိုပါအမှုအား စစ်ဆေးရန် ၁၁ ရက်နေ့က လက်ခံရရှိ




ကြောင်းနှင့် တရားလိုပြသက်သေများအား စစ်ဆေးခဲ့ကြောင်း၊ ဒုတိယရဲမှူး မောင်မောင်မြင့်နှင့် တင်ဇော်ထွန်းတို့အား လွှဲပြောင်းပေးသောရှာဖွေပုံစံကို လက်ခံခဲ့ကြောင်းနှင့် ယက်တော၏ လက်ရေးနမူနာရယူပြီး ဒေါ်အောင်ဆန်းစုကြည်အိမ်မှ သိမ်းဆည်းခဲ့သော ၎င်း၏ လက်ရေးများနှင့် တိုက်ဆိုင်၍ မှုခင်းတပ်ဖွဲ့သို့ ပေးပို့ခဲ့ကြောင်း၊ ထိုနေ့တွင်ပင် ယက်တောအား စစ်ဆေးခဲ့ကြောင်း၊မေ (၁၃)တွင် ဆက်လက်စစ်ဆေး၍ မေ (၁၄) တွင် ဗဟန်းရဲစခန်းတွင် စွဲချက်အမှတ် ၂၆၄/၀၉ လူဝင်မှုကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃ (၁)အရ မစ္စတာယက်ထောအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ကြောင်း ထွက်ဆိုသည်။

ထို့နောက် မစ္စတာယက်တောအား ဆက်လက်စစ်ဆေးရာ ၃၀၊ ၁၁၊ ၂၀၀၈ တွင် ပထမအကြိမ်ဝင်ရောက်ခဲ့စဉ်က ည (၁၁) နာရီခန့်ဖြစ်ပြီး ရေမြောင်းထဲမှ ဖြတ်လျှောက်၍ အင်းလျားကန်စောင်းမှ တဆင့်ခြံစည်းရိုးကို ကျော်၍ဝင်ခဲ့ကြောင်း၊ ခြံဝန်းအတွင်းသို့ သာဝင်ရောက်ခဲ့ပြီး နောက်ဖေးဘက်တွင် Book of Mormon စာအုပ်ကိုထားခဲ့ကြောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၀၉ ခုနှစ်၊ မေလ (၃)ရက် နေ့ နံနက် (၄) နာရီခန့်တွင် နေအိမ်ဝန်းအတွင်း ရောက်ရှိခဲ့ကြောင်း၊ ခြေထောက်နှစ်ဖက်စလုံး ကြွက်တက်နေပြီး နွမ်းနယ်နေ၍ နေအိမ်နောက်ဖေးပေါက်အနီးတွင် လဲလျောင်းနေကြောင်း၊ နောက်ဖေးတံခါးကို သော့ခတ်ထားခြင်းမရှိ၍ အလွယ်တကူဝင်ရောက်နိုင်ခဲ့ကြောင်း၊မေ (၃)ရက် ညမှစ၍ နေထိုင်ခဲ့ပြီး မေ(၅)ရက် သန်းကောင်အချိန်ခန့်တွင် ပြန်ထွက်ခဲ့ကြောင်း၊ နေအိမ်အတွင်း ရှိနေစဉ် ဓာတ်ပုံများ၊ ဗွီဒီယိုမှတ်တမ်းများ၊ ရိုက်ကူးခဲ့သည်ကို ဒေါ်အောင်ဆန်းစုကြည် လုံးဝသိရှိခြင်း မရှိကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့လည်းမသိရှိကြောင်း၊ မိမိပြန်ထွက်စဉ်မှောင်နေ၍ ပစ္စည်းများမေ့ကျန်နေခဲ့ခြင်းသာဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် နေအိမ်တွင်နေစဉ် ထမင်းကြော်နှင့် ရေသန့်ဗူးများပေးကြောင်းတို့ကို ထွက်ဆိုသွားသည်။

နဝမမြောက်နေ့အဖြစ် မေလ (၂၈)ရက်နေ့တွင် မြောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉ မှ တရားခံပြသက်သေ ဦးကြည်ဝင်းအား စစ်ဆေးရာတွင် သက်သေခံ (ခ–၁) ဆက်လက်တားဆီးမိန့် အပိုဒ် (ခ)တွင် (အခြားသို့ စာဖြင့်ဆက်သွယ်ခြင်းမပြုရ) ဆိုသောစကားရပ်အား အခြားသို့မဆက်သွယ်ရဟူ၍ မိမိသဘောပေါက်ကြောင်း၊ အခြားကဆက်သွယ်လာခြင်းနှင့် သက်ဆိုင်မည်မဟုတ်ကြောင်း၊ ထိုသို့မိမိပြောရခြင်းမှာ ၁၉၇၃ ခုနှစ်စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေအခန်း(၂)၊ ပုဒ်မ ၃ (က) တွင် (ပြဋ္ဌာန်းချက် အရပ်ရပ်တွင် ပါဝင်သော စကားရပ်များသည် သာမန်နေ့စဉ်သုံး အနက်အဓိပ္ပာယ်အတိုင်း ဆောင်ရွက်ရမည်) ဟု ဖော်ပြထားသဖြင့် ပြောရခြင်းဖြစ်ကြောင်းနှင့် ၁၉၇၅ ခုနှစ် ဥပဒေသည်လည်း စစ်အာဏာသိမ်းခဲ့သည့် ၁၉၈၈ ခုနှစ် စက်တင်ဘာလမှ စတင်၍ သက်ဝင်ထင်ရှားမရှိတော့ဟု မိမိအနေနှင့် ထွက်ဆိုတင်ပြရခြင်းဖြစ်ကြောင်း၊ ယက်တောသည် တားဆီးထားသည့်အိမ်သို့ နှစ်ကြိမ်တိုင်တိုင် ဝင်ရောက်ခဲ့သဖြင့် လုံခြုံရေးမှ ခွင့်ပြုလျှင်လည်း ၎င်းတို့(လုံခြုံရေးဝန်ထမ်းများ) ပါ ဥပဒေချိုးဖောက်သည်ဟု ယူဆရကြောင်း၊ ယင်းကိစ္စအတွက် (လုံခြုံရေးဝန်ထမ်းများအား) အရေးမယူပါက တရားဝင်ဖြစ်သွားမည်၊ အပြစ်မရှိတော့ဟု ယူဆရမည်ဖြစ်ပြီး အဝင်ခံသည့်အိမ်ရှင်အနေဖြင့် တရားဝင် ဖြစ်သွားမည်ဖြစ်ကြောင်း ထွက်ဆိုသည်။

ထို့နောက် ဂျွန်ယက်တော၏ ရှေ့နေ ဦးခင်မောင်ဦးအား ဦးကြည်ဝင်းမှ ပြန်လှန်မေးရာတွင် ယက်တောသည် တားဆီးခံထားရသည့်အိမ်တွင်းသို့ ညအချိန်ဝင်လျှင် ဥပဒေပုဒ်မ ၄၅၁/၄၅၂ အရ အရေးယူနိုင်မည်ဖြစ်ကြောင်း၊ ထိုအိမ်တွင်းသို့ ပုန်းလျှိုးကျော်နင်းမှုပြုလုပ်ပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ အရသာ အရေးယူနိုင်မည်ဖြစ်ကြောင်း၊ ရှင်းလင်းထွက်ဆိုသည်။

ဇွန်လ(၂) ရက်နေ့တွင် မြောက်ပိုင်းခရိုင်တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၇/၂၀၀၉ တွင် တရားစွဲခံရသူများဘက်မှ တင်ပြသောသက်သေ (၃) ဦးအား ပယ်ချခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ အမိန့်အပေါ် ပြင်ဆင်ပေးရန် ဒေါ်အောင်ဆန်းစုကြည်၊ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့မှ ၎င်းတို့၏ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးညဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့မှတဆင့် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၃၇/၂၀၀၉ အရ ရန်ကုန်တိုင်းရုံးတွင် ပြင်ဆင်မှုလျှောက်ထားသည်။

အဆိုပါ ပြင်ဆင်မှုလျှောက်ထားသူများရှေ့နေ ဦးညဏ်ဝင်း၏လျှောက်လဲချက်အား ကြားနာပြီးနောက် လျှောက်ထားခြင်းအားလက်ခံလိုက်ပြီး ထိုလျှောက်လဲချက်အား ဇွန်လ(၅) ရက်နေ့တွင် ကြားနာမည်ဖြစ်သည်။

ဇွန်လ (၅)ရက်နေ့တွင် မိမိတို့တင်ပြထားသော သက်သေထွက်ဆိုမည့်သူများအား အကြောင်းပြချက် မခိုင်လုံဘဲ တရားခွင်မှပယ်ချခြင်းသည် ဥပဒေနှင့် ညီသော လုပ်ရပ်မဟုတ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ အကျိုးဆောင်ရှေ့နေများမှ တင်ပြပြီးသည့်နောက် အပြီးသတ်ကြားနာစစ်ဆေးမှုကို သီတင်းတပါတ် ရွှေ့ဆိုင်းလိုက်သည်။

ယနေ့နံနက်(၁၀)နာရီတွင် တရားစွဲဆိုခံထားရသူများ တရားခွင်သို့ ရောက်လာခဲ့ပြီး ရုံးထိုင်ကြားနာခြင်း ရှိသည့်တိုင်အောင် တိုင်းတရားရုံးတွင် ပြင်ဆင်မှုများရှိနေခြင်းကြောင့် ရုံးချိန်းကို ဇွန်လ(၁၂)ရက်သို့ ရွှေ့ခဲ့ခြင်းဖြစ်ကြောင်း အကျိုးဆောင် ဦးညဏ်ဝင်းက ဗွီအိုအေသို့ပြောသည်။

"ညနေပိုင်းက တိုင်းတရားရုံးမှာ အစိုးရဘက်ကလည်း လာပါတယ်။ကျနော်တို့ဘက်က ကျနော်ပဲ လျှောက်လဲချက်ပေးပါတယ်။ လျှောက်လဲချက်ပေးပြီးတော့ တိုင်းတရားရုံးကတော့ ဒီပြင်ဆင်မှုနဲ့ ပတ်သက်ပြီးတော့(၉)ရက်နေ့(၃)နာရီမှာ အမိန့်ချမယ်၊ရက်ချိန်းပေးလိုက်ပါတယ်"ဟု ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ခုခံထွက်ဆိုပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ပါတီမှ ဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူး ဦးဝင်းတင်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့မှ တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မိုးမိုးနှင့် ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကြည်ဝင်းတို့အား သက်သေများအဖြစ် တင်သွင်းထားခဲ့သော်လည်း ဦးကြည်ဝင်းတယောက်တည်းကိုသာ ခွင့်ပြုခဲ့ပြီး ကျန်သုံးဦးအား ပယ်ချထားခဲ့သည်။

"အဓိက ပြောချင်တာက ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားတဲ့ ဥပဒေမှာ အရေးကြီးတဲ့ အချက်တွေရှိတယ်။ အဲဒီ အရေးကြီးတဲ့ အချက်တွေဟာ ဒေါ်အောင်ဆန်းစုကြည်လို ပုဂ္ဂိုလ်မျိုးအနေနဲ့ ဖြစ်နိုင် မဖြစ်နိုင်ဆိုတဲ့ ပြဿနာတွေကို တင်မှာပါ။ အဲဒီ ထိန်းသိမ်းတဲ့ ဥပဒေထဲမှာပါတဲ့ နိုင်ငံတော် အေးချမ်းသာယာရေး အများပြည်သူအေးချမ်းသာယာရေးကို နှောင့်ယှက်နေတဲ့သူလား။ သူ့ရဲ့ နိုင်ငံရေးယုံကြည်ချက်၊ နိုင်ငံရေးခံယူချက်နဲ့ ဘယ်လောက်ငြိလဲ။ မငြိဘူးလား၊ ဒါကို ကျနော်တို့ မီးမောင်းထိုးပြချင်တာပါ"ဟု ပြောခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခုခံချေပခွင့် အပြည့်အဝမရခြင်းပင်ဖြစ်ကြောင်း ရေးသား ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပုဒ် ၁၁ (၁) တွင်ပါရှိသော အမှုကို ကြားနာစစ်ဆေးရာ

**စာမျက်နှာ (၇) ကော်လံ (၅) သို့..**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုမှုအပေါ် နိုင်ငံတကာ ခေါင်းဆောင်များ၏ သဘောထား

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နအဖ စစ်အုပ်စုမှ နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၂၂ ဖြင့် ရန်ကုန်မြို့၊ အင်းစိန်ထောင်တွင်ဖမ်းဆီး၊ တရားစွဲဆိုထားမှုအပေါ် နိုင်ငံတကာမှ အစိုးရများနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးရန် ကြေညာချက်များ ထုတ်ပြန်၍ တောင်းဆိုကြသည်။

### ငြိမ်းချမ်းရေးဆုရှင်များ၏တောင်းဆိုချက်

**နိုဗဲလ်ဆုရှင်များ သဘာပတိ ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူး**



တရားစွဲမှုဆိုတဲ့ဟာက အဓိပ္ပာယ်မဲ့လုပ်ရပ်ဖြစ်တယ်။ ဒါက သူ့ကို ထောင်သက်တမ်းတိုးဖို့ စစ်အုပ်စုရဲ့ ဆင်ခြေဆင်လက် တခုသာဖြစ်တယ်။ ကျုပ်တို့ ညီမတော်ကို ချက်ခြင်းလွှတ်ပေးပါ။



**သမတ ဂျင်မီကာတာ**

စစ်အုပ်စုက သူ့ကို လွှတ်မပေးချင်လို့ ရှာဖွေထားတဲ့ ဆင်ခြေတခုပဲဆိုတာ ရှင်းနေတာပဲ။ ကျနော်တို့ ငြိမ်းချမ်းရေး နိုဗဲလ်ဆုရှင်အားလုံး ဒေါ်အောင်ဆန်းစုကြည်ဘက်မှာ ရပ်တည်တယ်။ ကမ္ဘာ့ခေါင်းဆောင်တွေအားလုံးကိုလည်း သူ့ကို အမြန်ဆုံးပြန်လွှတ်ပေးအောင် တောင်းဆိုဖို့ တိုက်တွန်းတယ်။



**မာရီ ရိုဘင်ဆင်**

ဒေါ်အောင်ဆန်းစုကြည်ဟာ (၁၃)နှစ်လုံးလုံး အကျဉ်းကျခံနေခဲ့ရတာလည်း ဥပဒေမဲ့။ အခု တရားစွဲခံနေရတာလည်း ဥပဒေမဲ့ လုပ်ရပ်ပဲဖြစ်တယ်။ ဒါက သူ့ကို အကျဉ်းစံသက်တမ်းတိုးဖို့ စစ်အုပ်စုက မဟာဗျူဟာချပြီး စနစ်တကျ လုပ်ကြံမှုဖြစ်တဲ့အတွက် လက်ခံနိုင်စရာအကြောင်း မရှိဘူး။ သူ့ကို ချက်ခြင်းလွှတ်ပေးရမယ်။ ကျမတို့ နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင် အမျိုးသမီးခြောက်ဦးဖြစ်တဲ့ ဂျိုဒီ ဝီလီယမ်စ်၊ မိုက်းရိဒ် မတ်ဂူရီး၊ရှိုင်ရင် အက်ဘ်ဒီ၊ ဝဲန်ဂါရီ မက်သိုင်း၊ ဘက်တီ ဝီလီယမ်စ်နဲ့ ရီဂိုဘာတာ မဲန်ချူတမ်တို့က မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် အောင်ဆန်းစုကြည်ကို ချက်ခြင်းလွှတ်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။ ကျမတို့ရဲ့ညီမတော် နိုဗဲလ် ငြိမ်းချမ်းရေးဆုရှင်ကို ထောင်သွင်းအကျဉ်းချတဲ့ မြန်မာစစ်အုပ်စုရဲ့ လုပ်ရပ်ကြောင့် အလွန် အမင်းထိတ်လန့် တုန်လှုပ်ခဲ့ကြရပါတယ်။ အောင်ဆန်းစုကြည်ဟာ မြန်မာ့အနာဂတ်အတွက် ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအတွက် အကောင်းဆုံး မျှော်လင့်ချက်အဖြစ် ကိုယ်စားပြုထားသူဖြစ်တယ်။ အခု ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ထဲပို့လိုက်ပါပြီ။ နိုင်ငံတကာရဲ့ တုန့်ပြန်မှုက ဘာများဖြစ်လာပါလိမ့်မလဲ။

### ဗြိတိသျှ အတိုက်အခံပါတီခေါင်းဆောင်၏တောင်းဆိုချက်

ဒီ အပြစ်ကင်းမဲ့တဲ့ အမျိုးသမီးဟာ ဆယ့်သုံးနှစ်ကျော်ကြာအောင် စစ်အာဏာပိုင်တွေရဲ့ ဥပဒေမဲ့ ချုပ်နှောင်မှုကို ခံနေခဲ့ရပြီးလည်းဖြစ်တယ်။ တခြားထောင်ကျလို ခံစားနေရတဲ့ မြန်မာပြည်သူပြည်သားများနဲ့ထပ်တူ သူ့ရဲ့လွတ်လပ်ခွင့်တွေကို ငြင်းဆိုခံနေရသူလည်းဖြစ်သည်။ ပြောင်မြောက်ရဲရင့်တဲ့ ဦးဆောင်နိုင်စွမ်းရှိတဲ့သူ့ကို ချစ်ခင်လေးစားတဲ့ ပြည်သူလူထုနဲ့ အဆက်ဖြတ်ဖို့ အင်းစိန်ထောင်တွင်းတွင် အကျဉ်းချလိုက်ခြင်းအားဖြင့် စစ်အုပ်စုက မြန်မာ့ဒီမိုကရေစီရေးကို ထပ်ပြီး ဖိနှိပ်ပြလိုက်တာဖြစ်တယ်။ သူ့ကို ချက်ခြင်းလွှတ်ပေးဖို့ ကျနော်တို့ တောင်းဆိုတယ်။ အာဆီယံနဲ့ ကုလသမဂ္ဂအဖွဲ့တို့ကလည်း မြန်မာပြည်ကို သံတမန်တွေ ချက်ခြင်းစေလွှတ်ဖို့ တောင်းဆိုတယ်၊ ပြီးတော့ အယောင်ဆောင်တရားစီရင်မှုကို အဆုံးသတ်ဖို့လည်းတောင်းဆိုတယ်။

### အတွင်းရေးမှူးချုပ်၏ ပြောခွင့်ရ ပုဂ္ဂိုလ်က ဖတ်ကြားသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကုလသမဂ္ဂ ကြေညာချက်

အထွေထွေအတွင်းရေးမှူးဟာ ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်ဆီပို့လိုက်ပြီး ရာဇဝတ်မှုနဲ့ တရားစွဲလိုက်တဲ့အပေါ် အလွန်ပဲ စိုးရိမ်ပူပန်ပါတယ်။ အတွင်းရေးမှူးက ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာပြည်တွင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် တွေ့ဆုံဆွေးနွေးရာမှာ မရှိမဖြစ် လိုအပ်သူတယောက်ဖြစ်ကြောင်းနဲ့ စစ်အုပ်စုအနေနဲ့ သည်မျှလောက် အရေးကြီးတဲ့ အခြေအနေအချိန်အခါကို ထိပါးလျော့ကျသွားစေနိုင်တဲ့ ဘယ်လိုပြုမူမှုကိုမှ မဆောင်ရွက်ဖို့ကိုလည်း တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။ အထွေထွေအတွင်းရေးမှူးက အကြိမ်ကြိမ်ပြောနေတာကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ မိမိတို့နိုင်ငံအတွက် ဦးလည်မသုံ တာဝန်ထမ်းဆောင်နိုင်သူအားလုံးကို တာဝန်ထမ်းဆောင်ခွင့်ရအောင် လွှတ်ပေးရမယ်။ ဒါမှသာ နိုင်ငံရေးယုံကြည်ချက်ကို မြန်မာပြည်တွင်းမှာ တည်ဆောက်နိုင်မှာဖြစ်တယ်။



**ကနေဒါ နိုင်ငံခြားရေးဝန်ကြီး လောရင့်စ် ကဲန်နွန်**

ကနေဒါနိုင်ငံအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် အခုလို တရားစွဲဆိုလိုက်ခြင်းနဲ့ ပတ်သက်ပြီး အလွန်အမင်း စိုးရိမ်ပူပန်မိတယ်။ မြန်မာစစ်ခေါင်းဆောင်တွေအနေနဲ့ မြန်မာပြည်သူပြည်သား အားလုံးရဲ့ အခြေခံကျတဲ့ လူ့အခွင့်အရေးနဲ့ လွတ်လပ်မှုကို လေးစားလိုက်နာဖို့ တိုက်တွန်းတောင်းဆိုတယ်။

လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေး ဆိုတာတွေဟာ ကနေဒါရဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ တန်ဖိုးသတ်မှတ်ချက်တွေ ဖြစ်တယ်။ စစ်အစိုးရလုပ်နေတဲ့ ၂၀၁၀ ရွေးကောက်ပွဲဆိုတာကို လက်ခံယုံကြည်ဖို့ ဆိုတာက နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးပြီး အတိုက်အခံအင်အားစုတွေပါ ဒီရွေးကောက်ပွဲမှာ မျှမျှတတ ပါဝင်ဆင်နွှဲနိုင်ဖို့ကို ဒီလုပ်ငန်းစဉ်အတွင်းမှာ ထည့်သွင်းဆောင်ရွက်မှသာလျှင် ဒီ ရွေးကောက်ပွဲကို ကနေဒါနိုင်ငံက လက်ခံ ယုံကြည်မှာ ဖြစ်ပါတယ်။



**အိုင်ယာလန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုက်ကယ် မာတင် တီ ဒီ**

ကျနော်တို့ ရိုသေလေးစားရတဲ့ နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင် မြန်မာနိုင်ငံက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အခုလို ရန်ကုန်က နံမည်ဆိုးနဲ့ကျော်ကြားတဲ့ အင်းစိန်ထောင်ထဲ ပို့လိုက်တာကို ကျနော် အကြွင်းမဲ့ ကန့်ကွက်ရှုတ်ချပါတယ်။ သူ့ကို ဒီလိုဖမ်းဆီးမှုဟာ ဒီမိုကရေစီရေးကို ကာကွယ်စောင့်ရှောက်သွားမယ့် သတ္တိခဲတယောက်အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ အတိုက်အခံတွေဘက်က ခေါင်းဆောင်ပြီး လူထုကိုဦးဆောင်ဖို့ ထွက်လာမဲ့အရေးတားဆီးဖို့သက်သက် လုပ်ရပ်ပဲဖြစ်တယ်။ အီးယူ (ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂနဲ့ တကွတခြားဒေသတွင်း တိုင်းပြည်အားလုံးနဲ့ပူးတွဲပြီး ဒီကိစ္စကို အပြီးသတ် အလုပ်အတူ တွဲလုပ်သွားမှာဖြစ်တယ်။

### အာဆီယံနိုင်ငံများအတွင်း မြန်မာ့အရေး ဆောင်ရွက်သောအဖွဲ့

ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့ မိတ်ဆွေနှစ်ယောက်တို့ရဲ့ ဖြစ်ပျက်ခဲ့ရပုံကတော့ အလွန်အမင်းကို ထိတ်လန့်စိတ်ပျက်ဖို့ကောင်းတယ်။ အစိုးရတရပ်အနေနဲ့ ရှက်စရာလည်းကောင်းတဲ့ အဓိပ္ပာယ်မရှိတဲ့ လုပ်ရပ်ပဲဖြစ်တယ်။

ကျနော်တို့အဖွဲ့က အာဆီယံခေါင်းဆောင်တွေကို စစ်အုပ်စုပြောတိုင်း မယုံဖို့ ထင်ယောင်ထင်မှားဖြစ်အောင် ပြောသမျှကိုမယုံဖို့ အမြဲသတိပေးခဲ့တယ်။ အခု အာဏာကို အလွဲသုံးစားလုပ်ပြီး ထင်ရာစိုင်းလိုက်တဲ့ လတ်တလော အဖြစ်အပျက်က မြန်မာစစ်အုပ်စု ဘာကြောင့် နံမည်ကြီး နေရသလဲဆိုတာကို မီးမောင်းထိုးပြလိုက်တာဖြစ်ပြီး အာဆီယံအနေနဲ့ အဲဒါကို လက်ခံယုံကြည်ဖို့သာ ရှိတော့တယ်။



**နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂျိုနာ့စ် ဂါ့ရ် စတိုးရ်**

ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်ပို့လိုက်တယ်ဆိုတဲ့ သတင်းက နော်ဝေးအစိုးရအဖွဲ့ကို အလွန်အမင်း ပူပင်စေခဲ့တယ်။ ဒါကြောင့် သူ့ကို ချက်ခြင်းလွှတ်ပေးပါလို့ တောင်းဆိုတယ်။ စစ်အုပ်စုအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးကိုလွှတ်ပေးဖို့ အကြိမ်ကြိမ်အထပ်ထပ် တောင်းဆိုလိုက်တယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ထဲထည့်လိုက်တာဟာ လမ်းမှားလိုက်တာသက်သက်ပဲဖြစ်တယ်။ ဒီကနေ့ပဲ နော်ဝေးသံအဖွဲ့ကို တရုတ်၊ အိန္ဒိယ အပါအဝင် ဒေသတွင်းနိုင်ငံများအပြင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးနဲ့ပါ ဒီကိစ္စနဲ့ ပတ်သက်လို့ ဆွေးနွေးမှုတွေ တိုးမြှင့်ဖို့ ကျနော်ညွှန်ကြားမှာဖြစ်တယ်။ ♦

**စာမျက်နှာ (၆) မှ အဆက်**

ဝယ် စွပ်စွဲခံရသည့်ပြစ်မှုအတွက် ခုခံချေပနိုင်ရန် လိုအပ်သော အခွင့်အရေးများကို ထိုသူအား ပေးပြီးဖြစ်စေရမည်ဟူသော အချက်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေ အမှတ် ၅/၂၀၀၀ ဖြစ်သည့် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ၏ တရားစီရင်ရေးဆိုင်ရာမူအဖြစ် ပုဒ်မ ၂ (စ) တွင်ပါရှိသော အမှုတွင် ခုခံချေပခွင့်ပေးခြင်းဟူသော အချက်တို့ကို ချိုးဖောက်နေကြောင်း တို့ကိုလည်း ဖော်ပြထားသည်။

တရားခွင်တွင် လျှောက်လဲချက်များတင်ရန် သတ်မှတ်ရက်များ ရွှေ့ဆိုင်းရခြင်းသည် ယခုအခါ တတိယအကြိမ်မြောက် ဖြစ်ကြောင်းလည်း သိရသည်။

ရန်ကုန်တိုင်းတရားရုံး၌ နှစ်ဘက်ရှေ့နေများ အပြန်အလှန် လျှောက်လဲချိန်တွင် အင်းစိန်ထောင်တွင်းတရားရုံးကဲ့သို့ တံခါးပိတ်ကြားနာခြင်းမျိုးမဟုတ်သောကြောင့် လာရောက်နားထောင်သူ အများအပြားရှိခဲ့ကြောင်းလည်း ဗွီအိုအေသတင်းတွင်ဖော်ပြထားသည်။

ဇွန်လ (၁၂) ရက်နေ့တွင် မိနစ်နှစ်ဆယ်ခန့်သာ ရုံးထိုင်ပြီးနောက် အမှုအား ဒေါ်အောင်ဆန်းစုကြည်ဘက်မှ သက်သေအဖြစ်အစစ်ခံမည့် ဒေါ်ခင်မိုးမိုး တောင်ကြီးမြို့မှ လာရောက်ရန် အချိန်ပေးသည့်အနေဖြင့် အမှုကို ဤသို့ ရက်ချိန်းပြောင်းလိုက်ခြင်းဖြစ်သည်ဟု သိရသည်။

အင်းစိန်ထောင်တွင်းတရာရုံးတွင် ထိုင်သောအမှုအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ ကျန်အမှုစွဲခံရသူအားလုံး တက်ရောက်ကြကြောင်း ဗွီအိုအေသတင်းတွင်ဖော်ပြထားသည်။

ဇွန်လ (၁၁) ရက်နေ့တွင် သက်သေအစစ်ခံရန်ရက်အား (၁၇) ရက်နေ့အဖြစ် ရက်ချိန်းသတ်မှတ်ကြောင်း တရားရုံးချုပ်မှ အကြောင်းကြားစာ ရောက်လာပြီးနောက် ထိုရက်ချိန်းကို ဖျက်သိမ်းကြောင်းနှင့် မကြာခင် ရက်ချိန်းပြန်ပေးမည်ဖြစ်ကြောင်း ညနေ (၄) နာရီခန့်တွင် ပြန်လည် အကြောင်းကြားခဲ့ကြောင်းနှင့် ဇွန်လ (၁၂) ရက်နေ့ ညနေပိုင်းတွင်မူ (၁၇) ရက်နေ့အား အတည်ပြုလိုက်ပြန်ကြောင်း ဦးညဏ်ဝင်းက ပြောသည်။

“တရားရုံးချုပ်ဆိုတာ တိတိကျကျပဲလုပ်တာ၊ ရုံးချိန်းပေးလိုက်၊ ပြင်လိုက်၊ နောက်တခါ အတည်ဖြစ်ပေါ့ဗျာ၊ ဒါကတော့ သူတို့ကိစ္စပဲလေ၊ ကျနော်တော့ မသိဘူးဗျ”□ဟု ဦးညဏ်ဝင်းက ဗွီအိုအေနှင့် အင်တာဗျူးစဉ် ဖြေကြားခဲ့သည်။

ဇွန်လ (၁၇) ရက်နေ့တွင် သက်သေ ရုံးချိန်းအစစ်ခံပြီးနောက် ဇွန်လ (၂၆) ရက်နေ့တွင် အမှုကို အပြီးသတ်ကြားနာစစ်ဆေးလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။

နေအိမ်အကျယ်ချုပ် ကျခံနေရစဉ်က ဒေါ်အောင်ဆန်းစုကြည်သည် ရေဒီယို နားထောင်ခွင့်ရှိသော်လည်း ယခုအခါ နားထောင်ခွင့်မရတော့ကြောင်းနှင့် အင်္ဂလိပ်နှင့် ပြင်သစ်စာအုပ်အချို့ကိုမူ ဖတ်ခွင့်ပြုကြောင်းလည်း သိရသည်။

♦

# ကျနော်တို့လိုချင်တာ နွားတင်းကုပ်မဟုတ်ပါ



““စစ်အစိုးရက ပြည်သူလူထု ကို ရွေးကောက်ပွဲတင်းကုပ်ထဲ ကို ဆွဲခေါ်တော့မယ်။ မြက်ကျွေးလို့ပဲဖြစ်ဖြစ်၊ နွားဖားကြိုး ဆွဲလို့ပဲဖြစ်ဖြစ် ကျနော်တို့ကို ရွေးကောက်ပွဲတင်းကုပ်ထဲ ကို ဆွဲသွင်းတော့မယ်။ စစ် အစိုးရအနေနဲ့နိုင်ငံရေး မရှိတော့ ဘူး။””

(၁)

“စစ်အစိုးရက ပြည်သူလူထုကို ရွေးကောက်ပွဲတင်းကုပ်ထဲကို ဆွဲခေါ်တော့မယ်။

မြက်ကျွေးလို့ပဲဖြစ်ဖြစ် နွားဖားကြိုးဆွဲလို့ပဲဖြစ်ဖြစ် ကျနော်တို့ကို ရွေးကောက်ပွဲတင်းကုပ်ထဲကို ဆွဲသွင်းတော့မယ်။

စစ်အစိုးရအနေနဲ့ နိုင်ငံရေးမရှိတော့ဘူး။”

ဒါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဆရာဦးဝင်းတင်ရဲ့မှတ်ချက်ဖြစ်ပါတယ်။

ဒီမှတ်ချက်အပေါ် ဘယ်လို သဘောရပါသလဲ။

ကျနော်တော့ လုံးဝ သဘောတူတယ်။

စစ်အစိုးရရဲ့နိုင်ငံရေးက ဘာဖြစ်မလဲ။

မြက်ကျွေးလို့ရတဲ့သူကို မြက်ကျွေးပြီး၊ နွားဖားကြိုးဆွဲလို့ရတဲ့သူကို နွားဖားကြိုးဆွဲပြီး ၂၀၁၀ ရွေးကောက်ပွဲဆိုတဲ့ တင်းကုပ်ထဲ အတင်းရော အဓမ္မရော ဆွဲသွင်းနေတဲ့ နိုင်ငံရေးပဲဖြစ်တယ်။ ဒီထက်ပိုပြီး ဘာမှ မရှိတော့ပါဘူး။

သူ့နိုင်ငံရေးကို သူ အပီပြင်ဆုံး လုပ်ဆောင်နိုင်ဖို့အတွက် ၂၀၀၉ ထဲမှာ မီးကုန်ယမ်းကုန် ကြမ်းတော့မယ်ဆိုတဲ့ ကိစ္စဟာ နအဖ စစ်အစိုးရရဲ့ ၂၀၀၉–၂၀၁၀ လုပ်ငန်းစီမံချက် ဖြစ်ပါတယ်။

(၂)

ကျနော်တို့ လိုချင်တာက ဒီမိုကရေစီဖြစ်တယ်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတွေကို အပြည့်အဝအာမခံနိုင်တဲ့ နိုင်ငံသစ်ဖြစ်တယ်။

ပြည်တွင်းစစ်တွေကို ရပ်တန့်ချုပ်ငြိမ်းသွားစေနိုင်တဲ့ ထာဝရငြိမ်းချမ်းတဲ့ ကြောင့်ကျမှုတွေ အားလုံးကင်းပတဲ့ နိုင်ငံသစ်ဖြစ်တယ်။ ကျနော်တို့ လူမျိုးစုံ ညီအကိုမောင်နှမတွေ တယောက်ကိုတယောက် ကျောလုံလုံနှင့် စိတ်ချလက်ချ ယုံကြည်တန်ဖိုးထားပြီး အပြန်အလှန်လေးစား၊ အပြန်အလှန်ချစ်ခင်၊ အပြန်အလှန်အကူအညီပေးနိုင်ကြတဲ့ နိုင်ငံသစ်ဖြစ်တယ်။

သေချာတာကတော့.....

ကျနော်တို့လိုချင်တာ နွားတင်းကုပ် လုံးလုံးမဟုတ်ဘူး။

(၃)

လူတချို့နွားတင်းကုပ်ကို မျက်စပစ်နေကြတာ.....

မကျွေးသေးခင်ကတည်းက ပါးစပ်တပြင်ပြင်ဖြစ်နေကြတာ.....

အဆွဲမခံရခင်ကတည်းက ခြေတကြွကြွဖြစ်နေကြတာ.....

ကျနော်တို့ ကြားကြားနေရတယ်။ ကျနော် တကယ်စိတ်မကောင်းဘူး။

သို့ပေမယ့် ကိုယ့်စဉ်းစားချက်နှင့်ကိုယ် ကိုယ့်ရွေးချယ်မှုနှင့်ကိုယ် လူသားတိုင်းမှာ နိုင်ငံသားတိုင်းမှာ လွတ်လပ်စွာ စဉ်းစား ရွေးချယ်ပိုင်ခွင့် ရှိသင့်တယ်ဆိုတဲ့ ဒီမိုကရေစီလုပ်ဟန်ကို ကျနော် သဘောတူပါတယ်။ ဒါကြောင့် ဒီလိုရွေးချယ်သူတွေနှင့်ပတ်သက်လို့ ကျနော် အထူးအထွေ ဘာမှ မပြောလိုပါဘူး။

ဆရာဦးဝင်းတင်ပြောတဲ့ စကားနှင့်ပဲ ပြောရရင်.....

၂၀၁၀ ရွေးကောက်ပွဲနည်းနှင့် သွားတဲ့လမ်းဟာ ထွက်ပေါက်တော့ ထွက်ပေါက်ပဲ၊ ဒါပေမယ့် အဲဒီထွက်ပေါက်က ငရဲပြည်ရောက်မယ့်ထွက်ပေါက် □ဖြစ်တယ်လို့တော့ သတိထားစရာ အချက်တခုအဖြစ် ထည့်သွင်းစဉ်းစားနိုင်အောင် ကျနော် ထောက်ပြချင်တယ်။

နအဖအစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုတာကြီးကို ဘာမှ မပြုမပြင်ဘဲ ဒီအတိုင်း တစ်လုံးမကျန် လက်ခံလိုက်မယ်ဆိုတာကတော့ အတင့်ရဲလွန်းရာ မကျပေဘူးလား။

ရေဆာနေချိန်မှာ.....

ရေအလွယ်တကူ ရှာမရလို့ ဘေးက အက်စစ်ပုလင်း မော့သောက်လိုက်သလို ဖြစ်မနေပေဘူးလားလို့ ကျနော် တွေးကြည့်မိတာပါ။

(၄)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကျေးဇူးတင်တယ်။

နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၉၂.၄၈% နှင့် အတည်ပြုလိုက်ပါပြီလို့ နအဖအစိုးရက ကြေညာလိုက်တဲ့အချိန်ကတည်းက.....

အဲဒီရလဒ်ကို လုံးဝလက်မခံကြောင်း၊ အဲဒီရလဒ်ဟာ မလျော်ညီဇာသုံးပြီး ပြည်သူတွေရဲ့ဆန္ဒကို အတင်းအဓမ္မရယူခဲ့တာဖြစ်ကြောင်း အချက်အလက်နှင့်တကွ ကန့်ကွက်ခဲ့နိုင်တယ်။

မလျော်ညီဇာသုံးခဲ့တဲ့ ကိစ္စတွေနှင့် ပတ်သက်လို့ လက်လွတ်စပယ်ပြောတာမဟုတ်ဘူး။ သက်သေအထောက်အထားတွေ အပြည့်ရှိတယ်။ ဥပဒေကြောင်းအရ ဆက်ပြီးဆောင်ရွက်သွားမယ်လို့ ရဲရဲရင့်ရင့် ကြေညာချက်ထုတ်ခဲ့တယ်။

ဒီအတွက် ကျနော်ချီးကျူးတယ်။

နောက်တချက်က.....

ဒါဆို ဘာဆက်လုပ်မလဲဆိုတဲ့ အဖြေကိုလည်း ဆက်ပြီး အကြံပြုတယ်။

အများကြီး သူများခေါင်းရှုပ်လောက်အောင် အကြံပြုတာမျိုးမဟုတ်ဘူး။

လိုတိုရှင်းပဲ၊ (၄)ခုပဲ။

၁။ ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိ လွှတ်ပေးရမယ်။

၂။ ပြည်သူ့လွှတ်တော် ခေါ်ပေးရမယ်။

၃။ တွေ့ဆုံဆွေးနွေး အဖြေရှာကြမယ်။

၄။ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ရမယ်။

ဒီ(၄)ချက်ပဲ။

ဒီ(၄)ချက်ကိုလုပ်ရင် တိုင်းပြည်ရဲ့ ကံကြမ္မာကောင်းမယ်။

ဒီ(၄)ချက်ကိုမလုပ်ရင် တိုင်းပြည်ရဲ့ကံကြမ္မာဟာ မကောင်းနိုင်ဘူး။

ဒီ(၄)ချက်အပေါ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စွဲမြဲတယ်။ ဧပြီ ၂၈၊ ၂၉ မှာ ပြုလုပ်တဲ့ စုံညီအစည်းအဝေးမှာ ဒီ(၄)ချက်ကို အခိုင်အမာချမှတ်တယ်။ နအဖက စိတ်တိုင်းကျလုပ်ချင်နေတဲ့ ၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်တဲ့ သဘောထားကိုပါ ရွှေဂုံတိုင်ကြေညာစာတမ်း ထုတ်ပြန်ပြီး အတိအလင်း ထုတ်ဖော်ပြောဆိုလိုက်တာဖြစ်တယ်။

(၅)

အဲဒီလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခပ်မာမာ ရပ်ပြလိုက်တာ.....

နအဖ စစ်အုပ်စုအဖို့ ရှူးမတတ်အခံရခက်သွားတယ်။

သေချာတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မြက်ကျွေးလို့မရဘူး။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နွားဖားကြိုးအထိုးခံ၊ အဆွဲခံမယ့်အမျိုး လုံးလုံးမဟုတ်ဘူး။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၂၀၁၀ တင်းကုပ်ထဲ ဆွဲသွင်းလို့မရနိုင်တော့ဘူးဆိုတာ သူအတတ်သိသွားပြီ။

လူခွဲပြီး ကစားမယ်ဆိုရင်တောင် ကစားရ တော်တော်ကြပ်သွားပြီဆိုတာ သူအတတ်သိသွားပြီ။

နအဖ စိတ်ကူးပျက်ပြီ။

ဒီကြားထဲ ဒေါ်အောင်ဆန်းစုကြည်ကိုသာ ပြန်လွှတ်လိုက်ရရင်.....

စိက်ကူးပျက်ရုံတင်မကဘူး၊ ဘဝပါပျက်တော့မယ်လို့ နအဖ ပူပန်သွားပြီ။

ပူပန်သွားပြီဆိုတာထက် ခေါင်းနပန်းကြီးသွားပြီ၊ ချွေးသီးချွေးပေါက်တွေ ကျသွားပြီလို့ ပြောရမယ့်အဆင့် လုံးလုံးရောက်သွားပါပြီ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သာ နိုင်ငံရေး မပြတ်မသားဖြစ်နေရင်.....ယောင်တောင်တောင်လုပ်နေရင်.....

ဒေါ်စုကို လွှတ်ချင်လွှတ်ရဲလိမ့်ဦးမယ်။

ခုလိုမျိုး နိုင်ငံရေးကလည်း မှန်ကန်ခိုင်မာနေပြီ၊ လူထုလုပ်ဟန်အတွက်လည်း အသေအချာပြင်ဆင်နေကြပြီဆိုတဲ့အခါ နအဖအဖို့တော့ လွှတ်ဖို့ဝေးသွားပါပြီ။

(၆)

နအဖစစ်အုပ်စု ဘာတွေကို အကြောက်ဆုံးလဲ။

နအဖစစ်အုပ်စု ကြောက်တာ လူထုဖြစ်တယ်။

ပြီးတော့ မှန်ကန်ခိုင်မာတဲ့ နိုင်ငံရေးရပ်တည်ချက်ဖြစ်တယ်။

ပြီးတော့ လူထုလုပ်ဟန်ရှိတဲ့ နိုင်ငံရေးဦးဆောင်မှုဖြစ်တယ်။

ပြီးတော့ လူထုက တခဲနက်ထောက်ခံထားတဲ့ လူထုခေါင်းဆောင်ဖြစ်တယ်။

ဒီ(၄)ခု ပေါင်းမိပြီဆိုရင် ဆရာဦးဝင်းတင်ပြောတဲ့ New Politics (နိုင်ငံရေးသစ်) တစ်ခုလုံး ဖြစ်သွားမှာဖြစ်ပါတယ်။

အဲဒီကိစ္စကို နအဖ က ကောင်းကောင်းရိပ်မိပါတယ်။

သူ တစ်ခုလုံး ဘယ်အဖြစ်ခံလိမ့်မလဲ။ ဒီစုစည်းမှုကို တနည်းနည်းနဲ့ ဖျက်ပစ်ဖို့ မုချ သူကြိုးစားမှာဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ မစ္စတာယက်တောဟာ ဘုရားပေးသလို ရောက်လာတယ်။

ဒီအတွက် နအဖဟာ မစ္စတာယက်တောကို အထူးကျေးဇူးတင်မှာ သေချာတယ်။

တချိန်ချိန် သူကောင်းပြုရမယ့်စာရင်းထဲမှာ မစ္စတာယက်တော တယောက် ထုံးတို့ပြီး မှတ်ထားခံရလောက်ပါပြီ။

ဒေါ်စုကို မုချ ထောင်ချပစ်တော့မယ်။

၃ နှစ်လား၊ ၅ နှစ်လား ကမ္ဘာကြီးတခုလုံးက နေ့စဉ်နှင့်အမျှ ဝိုင်းအော်နေမှုအရ သူကိုယ်တိုင်လည်း စာနာစိတ်ရှိသယောင်နှင့် အရေးယူမှာမို့ ၃ နှစ်ဖြစ်ဖို့များပါတယ်။

ထောင်မှာထားမလား၊ အိမ်မှာထားမလား စဉ်းစားစရာရှိပါတယ်။

ထောင်မှာက သတင်းပေါက်စရာ၊ သတင်းယိုစရာ အကွက်အလမ်းတွေ များလွန်းတော့.....

ဆိုင်းငံ့ပြစ်ဒဏ်နဲ့ နေအိမ်အကျယ်ချုပ်နဲ့ပဲ သက်ညှာစွာ ဆက်ထားပါတယ်ဆိုတာမျိုး လုပ်လိမ့်မယ်ထင်ပါတယ်။

သူ့အတွက် အိမ်ထက်ပိုပြီးလုံခြုံတဲ့ သူတို့ကြိုက်တဲ့ တနေရာရာလည်း ဖြစ်နိုင်သေးတာပဲ။

ကုန်းမြင့်သာယာ၊ ရဲမွန် စသဖြင့် နအဖ စစ်အုပ်စုမှာ ထားစရာတွေ ပေါပါတယ်။

(၇)

ကျနော်တို့ ဘာလုပ်ကြမလဲ။

စစ်အုပ်စုဟာ သူ့အလုပ်ကိုသူ အောင်မြင်အောင်လုပ်ဖို့ သန္နိဋ္ဌာန်ချထားပါပြီ။

မဖြစ်ဖြစ်အောင် သူ သေချာလုပ်လိမ့်မယ်။

ဘယ်သူ့ကို ဖမ်းရဖမ်းရ၊ ဘယ်သူ့ကို ထောင်ချပစ်ရ ပစ်ရ၊ ဘယ်သူ့ကို အကြမ်းဖက် ရိုက်နှက်ရ ရိုက်နှက်ရ၊ ဘယ်သူ့ကို သတ်ပစ်ရ သတ်ပစ်ရ သူ့အတွက်တော့ ဘာရိုတ်မရှိတော့ဘူး။

အသိတရား၊ ဆင်ခြင်တုံတရား လွတ်နေတဲ့ သူရူးတယောက်လို ဘာမဆို

**စာမျက်နှာ (၁၂) ကော်လံ (၅) သို့..**

# ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံး ပြန်လွှတ်ပေးရန် အိုဘားမားအပါအဝင် နိုင်ငံတကာမှ စစ်အစိုးရကို ဖိအားပေးတောင်းဆို



မေလ ၂၆ ရက်။၂၀၀၉

အမေရိကန်သမတ ဘာရက် အိုဘားမားက နေအိမ်အကျယ်ချုပ် ချခံထားရသော အန်အယ်ဒီ အတိုက်အခံ ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် မြန်မာစစ်အစိုးရအား တိုက်တွန်းတောင်းဆိုလိုက်ကြောင်း မေလ ၂၆ ရက်နေ့က အိမ်ဖြူတော်တွင် ထုတ်ပြန်သော ကြေငြာချက်တစ်စောင်တွင် ဖော်ပြထားသည်။

သမတအိုဘားမား၏ ကြေညာချက်တွင် စစ်အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ဖြင့် ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားခြင်းကို အပြင်းအထန်ရှုတ်ချကြောင်း၊ နေအိမ်အကျယ်ချုပ်ချထားခြင်းကို ဖောက်ဖျက်သည်ဟု စွပ်စွဲကာ သူမအား လက်ရှိတရားစီရင်နေသောအမှုသည် အခြေအမြစ်မရှိဘဲ လီဆယ် လုပ်ကြံစွပ်စွဲသောအမှုသာ ဖြစ်ကြောင်း ဖော်ပြထားသည်။

၎င်းက ဆက်လက်၍ ယခုအချိန်သည် မြန်မာစစ်အစိုးရအတွက် ဒီမိုကရေစီနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရန်၊ အန်အယ်ဒီအပါအဝင် အတိုက်အခံများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လုပ်ငန်းများ အတူတကွ လက်တွဲ လုပ်ဆောင်သွားရန်၊ မိမိတိုင်းပြည်၏ တရားဥပဒေများနှင့် ပြည်သူလုထုအပေါ် လေးစားမှုရှိကြောင်း ဖော်ထုတ်ပြသသွားရန် အကောင်းဆုံးအခွင့်အရေးတစ်ခု ဖြစ်ကြောင်း ဖော်ပြထားသည်။

သမတအိုဘားမားကဲ့သို့ပင် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ အာဆီယံ၊ နိုဘယ်ငြိမ်းချမ်းရေးဆုရှင်များနှင့် အခြားအဖွဲ့အစည်းများက စစ်အစိုးရကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့ကြပြီး ဒေါ်စုအား အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ သို့သော်လည်း စစ်အစိုးရက ယခုအချိန်အထိနိုင်ငံတကာ၏ ဖိအားနှင့် တောင်းဆိုချက်များအပေါ် လျစ်လျူရှုနေဆဲဖြစ်သည်။

♦

# မြန်မာ့အကျဉ်းသားများ လွှတ်မြောက်ရေးအတွက် လှုပ်ရှားမှု ချက်သမတနိုင်ငံက အထူးကူညီဆောင်ရွက်



ကုလဆိုင်ရာ ချက်သမတနိုင်ငံကိုယ်စားလှယ်မှ အဖွင့်အမှာစကားပြောကြားစဉ်

မေ (၁၆)၊ ၂၀၀၉

မြန်မာ့နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးအား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က မိမိကိုယ်ရေးကိစ္စကဲ့သို့ သဘောထားဆောင်ရွက်ရေး ကမ္ဘာတဝှမ်းက လက်မှတ်ရေးထိုးခဲ့ကြသော စာရွက်စာတမ်းများအား အတွင်းရေးမှူးချုပ်၏လက်ထောက်အား အပ်နှင်းသော အခမ်းအနားတရပ်ကို ကုလသမဂ္ဂရုံးချုပ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သော ကုလပလာဇာ၏ ဒုတိယထပ်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

ထိုအခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်အား စစ်အုပ်စုမှ မတရားအမှုဆင်လျှက် ထောင်ချရန် ကြိုးပမ်းနေမှုအပါအဝင် လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း ဘားမားတူဒေးတွင် ဖော်ပြထားသည်။

ကမ္ဘာတလွှားတွင် ကောက်ခံရရှိခဲ့သော လက်မှတ်ပေါင်း ခြောက်သိန်းခုနစ်သောင်းကျော် (၆၇၇,၂၅၄) ရရှိခဲ့ပြီး ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းလုပ်သားများထံမှ ရရှိသောလက်မှတ်များမှာ ကိုး

**စာမျက်နှာ (၁၁) ကော်လံ (၁) ...**

# စင်ကာပူဝန်ကြီးချုပ် ဂိုချုပ်တောင် မြန်မာပြည်ခရီးစဉ်အတွင်း မြန်မာစစ်အစိုးရအား ဒေါ်အောင်ဆန်းစုကြည်ကို အရေးယူရန်ကြိုးစားနေခြင်းနှင့်ပတ်သက်ပြီး စိတ်ပျက်မိကြောင်းပြောခဲ့



**ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် စင်္ကာပူဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုချုပ်တောင်**

ဇွန်လ (၁၂) ရက်

စင်ကာပူဝန်ကြီးချုပ် ဂိုချုပ်တောင်က မြန်မာစစ်ဗိုလ်ချုပ်များအား ဒေါ်အောင်ဆန်းစုကြည်အား ယခုကဲ့သို့ ဆက်လက် ဖမ်းဆီးထိန်းသိမ်းထားမည်ဆိုပါက မြန်မာစစ်အစိုးရကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲအား တရားဝင်မှုမရှိဟု အများက ဝေဖန်ကြလိမ့်မည်ဟု ပြောခဲ့ကြောင်း မြန်မာနိုင်ငံသို့ လေးရက်ကြာ သွားရောက်ခဲ့သော ခရီးစဉ်အဆုံးတွင် စင်ကာပူ သတင်းသမားများအား ပြောကြားခဲ့သည်။

စင်ကာပူအတိုက်အခံ ဒီမိုကရက်တစ်ခေါင်းဆောင် ဒေါက်တာ ချီစွန်းဂျွန်ကမူ ဤသည်မှာ အများကြားကောင်းအောင် ဟန်ဆောင်ပြောခဲ့ခြင်းဖြစ်ကြောင်းနှင့် သူကိုယ်တိုင် ဝန်ကြီးချုပ်ဖြစ်စဉ်ကာလများ၌ စင်ကာပူတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို အားမပေးခဲ့ကြောင်း ဝေဖန်ပြောကြားလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး မြန်မာစစ်အစိုးရကို ဝေဖန်ပြောဆိုတာ ၂၀၁၀ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့ တောင်းဆိုတာတွေက သူတော်ကောင်းယောင်ဆောင်ပြီး လျှောက်ပြောနေတာပါ။တကယ်တော့ ဂိုချုပ်တောင်ကိုယ်တိုင်က သူ့နိုင်ငံထဲမှာ ဒီမိုကရေစီစနစ်ကို ဖိနှိပ်နေတဲ့ အစိုးရထဲကလူတယောက်ပါ။ စင်ကာပူရွေးကောက်ပွဲတွေမှာဆိုရင် ရွေးကောက်ပွဲဖြစ်စဉ်တခုလုံးကို ဝန်ကြီးချုပ်ရုံးကပဲ ကိုင်တွယ်တာပါ။ သတင်းမီဒီယာတွေအားလုံးကို အစိုးရက အလုံးစုံချုပ်ကိုင်ထားတာပါဟု ပြောသည်။

စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံး နိုင်ငံတခုဖြစ်ပြီး မြန်မာစစ်အုပ်စုအား ဝေဖန်ရှုတ်ချခြင်း အမှန်ဖြစ်ပါက သို့မဟုတ် ဒီမိုကရေစီကို အမှန်တကယ်အားပေးလိုပါက မြန်မာ စစ်အုပ်စုနှင့်လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများအားလုံးကို ရပ်ပစ်ရမည်ဖြစ်ကြောင်း၊ ဤသည်မှာ မြန်မာစစ်အုပ်စုအား သက်ဆိုးရှည်နေစေသည့် အဓိက အကြောင်းအရင်းများဖြစ်ကြောင်းတို့အား ဒေါက်တာချီစွန်းဂျွန်က ပြောကြားခဲ့ကြောင်း ဗွီအိုအေ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံသည် ထိုင်းနှင့် ဗြိတိန်နိုင်ငံတို့ပြီးလျှင် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု၌ တတိယလိုက်သော နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး နိုင်ငံခြားကုန်သွယ်မိတ်နိုင်ငံလည်းဖြစ်သည်။

♦

# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး နိုင်ငံတကာတွင် ဆန္ဒပြတောင်းဆို

ဇွန် (၇) ၀၉

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ထိုင်းနိုင်ငံမဲဆောက်မြို့ ဘက်ခြမ်းရှိ ချစ်ကြည်ရေးတံတားတွင် ဇွန်လ၊ (၇)ရက်နေ့ နံနက်ပိုင်းက မြန်မာ့နိုင်ငံရေး လှုပ်ရှားသူ (၁၀၀)ကျော် မှဆန္ဒပြခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်သည် လူရှင်သချိုင်းအတွင်း အခက်အခဲပေါင်းများစွာနှင့် ဖြတ်သန်းနေစဉ် တတပ်တအားဖြင့် ခွန်အားသတိများ ဖြည့်ဆည်းပေးရမှာဖြစ်ကြောင်း၊ ထို့အတူ မြန်မာနိုင်ငံအတွင်းမှ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး လှုပ်ရှားနေသူများအတွက်လည်း ခွန်အားသတိများဖြစ်စေရန် အခုလို ဆန္ဒပြရခြင်းဖြစ်ကြောင်းကို ထိုဆန္ဒပြပွဲအား ဦးဆောင်လှုပ်ရှားခဲ့သူ ကိုအောင်ခိုင်မှ ပြောသည်။



ထို့နောက် မတရားသည့်အမိန့် အာဏာဟူသမျှဖီဆန်ကြဟု ရေးသားထားသည့်ဆိုင်းဘုတ်များ ကိုင်ဆောင်ပြီး ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး၊ စစ်အာဏာရှင်စနစ် ကျဆုံးရေး ကြွေးကြော်သံများကို ကြွေးကြော် ပြီး ဆန္ဒပြပွဲအား ကမ္ဘာမကျေဘူးသီချင်း သီဆိုရုပ်သိမ်းခဲ့သည်။

၎င်းနောက် ဘန်ကောက်မြို့ မြန်မာသံရုံးရှေ့တွင် ၂၀၀၉ ခုနှစ် ဇွန်လ (၁၁) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ကြွေးကြော်သံများဖြင့် ဆန္ဒပြခဲ့ကြပြီး အန်အယ်ဒီပါတီအား အသိအမှတ်ပြုရန်၊၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ရုပ်သိမ်းပေးရန်နှင့် ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲအား ဖျက်သိမ်းပေးပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေး အကျဉ်းသားများအားလုံး ချက်ချင်းလွှတ်ပေးရန် စာရေးတောင်းဆိုခဲ့ကြသည်။

တရားဥပဒေ စိုးမိုးမှုမဲ့၊ အာဏာရူး စစ်ဗိုလ်ချုပ်တွေက တရားစီရင်ရေးရဲ့ အထက်မှာအမြဲတမ်းရှိနေတဲ့ လူထု မျက်ကွယ် တရားရုံးတခုမှာ လူထုဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင် တက်သုတ်ရိုက်စစ်ဆေးနေတဲ့ သတင်းတွေကို နေ့စဉ်ရက်ဆက်နီးပါး ကြားရ မြင်ရ၊ စိတ်ဆိုးရ ဒေါသဖြစ်ရ မခံချိမခံသာဖြစ်ရ အားမလိုအားမရဖြစ်ရတာတွေက ထုံးစံအတိုင်း ရာနှုန်းအများစုဖြစ်ပြီး ဝမ်းသာအားတက်ရ ကျေနပ် နှစ်သက်ဖြစ်ရတာတွေကတော့ အလွန်နည်းပါးတဲ့ ရာနှုန်းမှာပဲရှိခဲ့ပါတယ်။

# မီးစင်ကြည့်ကရင်း မီးလောင်ပြာကျတော့မယ့် စစ်အာဏာရှင်အစိုးရ

**စိုးနေလင်း**



**သေးငယ်တဲ့ အာခံဆန့်ကျင်မှုလေးတွေရဲ့ အစွမ်းသတ္တိကို သတိပြုမိလာ၊ လုပ်ရဲလာကြရင် နောက် ကြီးမားတဲ့ အာခံ ဆန့်ကျင်မှု အဲဒီကနေမှ တော်လှန်ပုန်ကန်ရဲတဲ့အဆင့်ကို ရောက်ရှိလာကြပါလိမ့်မယ်။**

ခုဆို လူထုဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လိုမှ ကြောင်းကျိုးဆီလျော်မှုမှမရှိ၊ တရားဥပဒေနဲ့ညီညွတ်မှုမရှိဘဲ ဖမ်းဆီးအကျဉ်းချ ရုံးတင်စစ်ဆေးလာခဲ့တာ သီတင်းသုံးပတ်နီးပါးရှိလာခဲ့ ပါပြီ။တရားလိုပြသက်သေတွေကို စစ်ဆေးမေးမြန်းတာတွေ သူတို့ရဲ့အဖြေတွေကိုလည်း အတော်အတန်ကြားခဲ့ပြီးပါပြီ။ဒါပေမယ့် တဖက်မှာတော့စွပ်စွဲခံရသူ ဒေါ်အောင်ဆန်းစုကြည်ဖက်က ခေါ်ယူဖို့တင်ပြလာတဲ့ သက်သေတွေကိုတော့ အားလုံးပယ်ချပစ်ခဲ့ပြီး ခွင့်ပြုခံခဲ့ရတဲ့ တဦးတည်းသောသက်သေ လပွတ္တာမြို့နယ် လွှတ်တော်အမတ် ဦးကြည်ဝင်းရဲ့ထွက်ဆိုချက်နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကိုယ်တိုင် ထွက်ဆိုချက်ကိုပဲကြားခဲ့ရပါတယ်။စွပ်စွဲခံရသူဖက်က တင်ပြလာတဲ့သက်သေတွေကို ဘာဖြစ်လို့ ပယ်ချခဲ့တာပါလဲ။ဘယ်ဥပဒေတွေနဲ့ မညီညွတ်လို့ပါလဲ။

ဘာအကြောင်းပြချက်မှ မပေးဘဲ ပယ်ချပစ်ခဲ့တာပါ။ စစ်ဆေးတဲ့ အမည်ခံ တရားသူကြီးတွေကတော့ အာဏာရှင်ဗိုလ်ချုပ်တွေက ပယ်ဆိုရင် ပယ်ပြီးသားပါ၊ ချဆိုရင်လည်း ချပြီးသားပါဆိုတဲ့ ကျောရိုးမဲ့ အထက်ဖားအောက်ဖိ ကိုယ်ကျိုးသက်သက် သမားတွေပါပဲ။ ဒါလည်း အတွေ့အကြုံအသစ်တော့ မဟုတ်ပါဘူး။ ဗိုလ်နေဝင်းရဲ့ မဆလအစိုးရ လက်ထက်ကတည်းက တရားစီရင်ရေးမှာ ဒီလိုပဲ ဖြစ်ခဲ့တာပါပဲ။ တရားစီရင်ရေးရဲ့အထက်မှာ အာဏာရှင်စစ်ဗိုလ်တွေက စိုးမိုးချယ်လှယ်ခဲ့ကြတာကို သိမှီတွေ့ကြုံခဲ့သူတွေ မေ့ကြလိမ့်အုံးမယ် မဟုတ်ပါဘူး။ ဟော ခုတခါတိုင်းတရားရုံးက ပယ်ချထားတဲ့ သက်သေတွေကို ပြန်ပြီး လက်ခံလိုက်ပြန်ပါပြီ။ မီးစင်ကြည့်ကတဲ့ ကကွက်တခုပါပဲ။ဘာပဲဖြစ်ဖြစ် နောက်ဆုံး လျှောက်လွှဲချက် ပေးပြီးရင် ကြံစည်ထားတဲ့ ကကွက်အတိုင်း ဆက်ကရဲ မကရဲကတော့ စောင့်ကြည့်ရပါလိမ့်မယ်။ အထူးသဖြင့် အာဆီယံဥက္ကဋ္ဌ ထိုင်းနိုင်ငံကတော့ ဒီတကြိမ်မှာ အတော်ကြီး ဝေဖန်ပြစ်တင် တောင်းဆိုလာတာတွေ့ရပါတယ်။ကျေးဇူးတင်ရပါလိမ့်မယ်။

ခုဆောင်းပါးမတိုင်ခင် နအဖစစ်အစိုးရရဲ့ သဘာဝနဲ့ သူတို့ရဲ့ကျင့်သုံးနေတဲ့ နည်းပရိယာယ်တွေနဲ့ပတ်သက်ပြီး မကြာခင်ကပဲ ဆောင်းပါးတချို့ ရေးသားတင်ပြခဲ့ပြီးပါပြီ။ နအဖစစ်အစိုးရဟာ မီးစင်ကြည့်ကတဲ့ နည်းကိုသုံးနေပါတယ်လို့ တာဝန်ရှိဗိုလ်ချုပ်တွေ ကိုယ်တိုင်က ဝန်ခံပြောဆိုခဲ့ပြီးဖြစ်ပါတယ်။ ခုလည်း ပြည်တွင်းက ပြည်သူလူထုနဲ့ အာဆီယံ အပါအဝင် နိုင်ငံတကာက ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထောင်ချဖို့ ကြိုးစားနေတဲ့အပေါ် ဘယ်လိုတုန့်ပြန်မှုရှိသလဲဆိုတာ သူတို့စောင့်ကြည့် အကဲခတ်နေပါတယ်။ အာဆီယံရဲ့ အရင်နဲ့မတူ ဝေဖန်ထောက်ပြသတိပေးပြောဆိုလာမှုကို တန်ပြန်စွပ်စွဲမှုတွေနဲ့အတူ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုအဖြစ် အပြစ်တင် ပယ်ချ တုန့်ပြန်လိုက်သလို လုံခြုံရေးကောင်စီက ထုတ်ပြန်လိုက်တဲ့စာကိုလည်း ဘာတခုမှ လိုက်လျောမှုမလုပ်ဘဲ ၂၀၁၀ခုနှစ်မှာ ရွေးကောက်ပွဲ လုပ်ပေးမယ်ဆိုတဲ့ ဆင်ခြေနဲ့ အာခံအံတုလိုက်ပါတယ်။ အာဆီယံအဖွဲ့ကြီးရဲ့ အဖွဲ့ဝင်နိုင်ငံတခု အနေနဲ့ပြောရရင် မြန်မာစစ်အာဏာရှင်တွေဟာ အာဆီယံ ပဋိညာဉ်စာချုပ်ရဲ့ အခန်း (၇) အပိုဒ် (၁) ပါ ဒီမိုကရေစီကောင်းမွန်တဲ့ စီမံ အုပ်ချုပ်မှုနဲ့ တရားဥပဒေစိုးမိုးမှု၊ အခြေခံ လူ့အခွင့်အရေးတွေကို မြှင့်တင် အကာအကွယ်ပေးရမယ်ဆိုတဲ့ အချက်ကို ဖြောင်ကျကျနဲ့ ဆိုးဆိုးဝါးဝါး ချိုးဖောက်နေတာဖြစ်ပါတယ်။

အဲဒီလိုချိုးဖေါက်နေတာကို ပြန်ပြီး တည့်မတ်ပြင်ဆင်မပေးနိုင်တာဟာ ဒေသဆိုင်ရာအဖွဲ့အစည်းကြီးရဲ့ ဦးတည်ချက်တွေကို ဟန်ပြသဘောသာ ဖြစ်သွားစေပြီး အာဆီယံအဖွဲ့ရဲ့ အပြည်ပြည်ဆိုင်ရာဆက်စပ်မှု ပိုမိုကျယ်ပြန့်လာစေရေးကိုလည်း အားပျော့သွားစေပါတယ်။အာဆီယံ အဖွဲ့ကြီးရဲ့ပဋိညာဉ်စာချုပ်အရ နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးလုံခြုံမှုနဲ့ လူမှုယဉ်ကျေးမှုလုံခြုံမှုဆိုတဲ့ ဒေါက်တိုင်ကြီးသုံးခုကို အခြေခံပြီး၂၀၁၅ ခုနှစ်မကုန်ခင်မှာ ညီညွတ်ပေါင်းစည်းတဲ့ အဖွဲ့ကြီးအဖြစ် ပုံဖော်တည်ဆောက်ရေးဆိုတဲ့ ထည်ဝါခန့်ညားတဲ့ ဦးတည်ချက်တွေကို ခုတကြိမ် မြန်မာနိုင်ငံရဲ့မတော်မတရား အဖြစ်အပျက်က ပထမဆုံး အဓိကထိုးနှက်ချက်တခု အဖြစ် ပေါ်ပေါက်လာခဲ့ပါပြီ။

ခုအခင်းအကျင်းအရ ပေါ်လွင်နေတဲ့အတိုင်း လူထုဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ မကြာမတင်မှာ နောက်ထပ်သုံးနှစ်ကနေ ငါးနှစ်အထိ အကျဉ်းကျခံရမယ့် အခြေအနေဖြစ်နေပြီလို့ ပြောရပါလိမ့်မယ်။

အာဆီယံအဖွဲ့ကြီးရဲ့ ဂုဏ်သိက္ခာကို ပြန်လည်ထိန်းသိမ်း တည်ဆောက်ချင်တယ်ဆိုရင်တော့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေထဲက ပိုပြီးဒီမိုကရေစီရှိတဲ့ နိုင်ငံတွေအနေနဲ့ နအဖစစ်အစိုးရရဲ့ အာဆီယံပဋိညာဉ်စာတမ်းပါ သတ်မှတ်ချက်တွေကို ဖြောင်ကျကျ ချိုးဖောက်နေမှုတွေကို ပြန်ပြီးပြုပြင်တည့်မတ်နိုင်ဖို့ ခိုင်မာတဲ့ ပြစ်ဒဏ်ခတ် အရေးယူမှုအဆင့်တွေကို တာဝန်ယူဆောင်ရွက်ဖို့ လိုအပ်ပါလိမ့်မယ်။ ဆိုလိုတာကတော့ စိုးရိမ်သောက ဖြစ်မိပါကြောင်းဆိုတဲ့ စကားလုံးတွေထက်ပိုပြီး လောက်လောက်လားလားရှိတဲ့ ဝေဖန်ရှုံ့ချမှုမျိုးနဲ့ အာဆီယံအဖွဲ့ကြီးအနေနဲ့ ကမ္ဘာ့အလယ်မှာ ရယ်စရာအဖွဲ့ကြီးတခု ဖြစ်မသွားရလေအောင် မြန်မာနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ်က ယာယီရပ်ဆိုင်းထားတဲ့ အရေးယူမှုမျိုးအထိ တိုးမြှင့်လုပ်ဆောင်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒါတွေက မြန်မာနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်သင့်ခံပြီးဖြစ်တဲ့ အာဆီယံအဖွဲ့ကြီးဘက်က စဉ်းစားလုပ်ဆောင်ပေးရမယ့် ပေးသင့်တဲ့အပိုင်းကို ပြောပြတာပါ။

တခြားကမ္ဘာ့အနောက်နဲ့ ဥရောပနိုင်ငံတွေကလွဲလို့ အထူးသဖြင့် အိန္ဒိယလို၊ တရုတ်လိုနိုင်ငံတွေအနေနဲ့ကတော့ ဈေးကွက်အရ သဘာဝသယံဇာတပစ္စည်းအရ မြန်မာနိုင်ငံကရမယ့် အကျိုးစီးပွားတွေကိုပဲ အလေးထားပြီး အာဏာရှင်စစ်ဗိုလ်ချုပ်တွေနဲ့ အပေးအယူလုပ်နေကြတာဖြစ်တဲ့အတွက် စစ်အာဏာရှင်တွေကို သူတို့ရဲ့ပြည်သူတွေကို စိတ်ထင်တိုင်းဖိနှိပ်နိုင်အောင် အားပေးအားမြှောက် လုပ်နေသလိုပါပဲ။

အမေရိကန်နဲ့ ဥရောပသမဂ္ဂရဲ့ မြန်မာစစ်အာဏာရှင်တွေနဲ့ သူတို့ရဲ့ အသိုင်းအဝိုင်းကို အရေးယူဒဏ်ခတ်မှုတွေဟာ အတိုင်းအတာတခုထိ သူတို့ရဲ့ အကျိုးစီးပွားကို ထိခိုက်စေပါတယ်။ ဒါကိုလည်း အာဏာရှင်ဗိုလ်ချုပ်တွေရဲ့ တုန့်ပြန်တောင်းဆိုတာတွေက မြင်သာထင်ရှား ပြသနေပါတယ်။

ဒါပေမယ့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကအစ ပြင်းထန်တဲ့ စကားလုံး အသုံးအနှုန်းမပါရအောင် ဝေဖန်ပြောဆိုနေရ၊ အတွင်းရေးမှူးချုပ်ကိုတောင်မှ မခန့်လေးစား အလုပ်ခံနေရတဲ့ အခြေအနေမျိုးအောက်မှာ စစ်အာဏာရှင်တွေက ကမ္ဘာကို သူတို့ကအရေးမစိုက်ပေမယ့် ကမ္ဘာက သူတို့နဲ့ အလုပ်မလုပ်လို့မရ၊ မဆက်ဆံလို့မရပါဘူးလို့ ယုံကြည်နေကြတာပါ။ တကယ်လို့ သူတို့က အတိုက်အခံတွေကို မဖွယ်မရာစွပ်စွဲချက်တွေနဲ့ စွဲချက်တင်လိုက်ရင်တောင်မှ ကမ္ဘာက ထုံးစံအတိုင်း ဖြစ်ဖြစ်ညှစ်ညှစ်နဲ့ သူတို့ရဲ့ ဆိုနေကျ သီချင်းဟောင်းကြီးဖြစ်တဲ့ "များစွာပူပင်ကြောင့်ကျ ဖြစ်မိပါကြောင်း"ဆိုတဲ့ တုန့်ပြန်မှုကလွဲလို့ တခြား ဘာဖိအားပေးမှုမှ လုပ်လာလိမ့်မယ်မဟုတ်ဘူးလို့လည်း နားလည်လက်ခံထားကြပါတယ်။

တကယ်တော့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ပါတီဟာ ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ခံထားရတာဖြစ်ပြီး အဲဒီလိုပါတီရဲ့ ခေါင်းဆောင်တယောက်ဟာ ဘယ်လိုမှ နေအိမ်အကျယ်ချုပ် ချခံရတာမျိုး မဖြစ်သင့်ပါဘူး။ ခုလို နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများရန်မှ ကာကွယ်သည့် ဥပဒေနဲ့ တရားစွဲဆိုတာမျိုးကတော့ ဘယ်လိုမှ သည်းခံခွင့်လွှတ်ဖို့ မသင့်အောင်ကို ရိုင်းပျစော်ကားတဲ့ လုပ်ဆောင်ချက်ပါ။ တရားဝင်ဒီမိုကရေစီရွေးကောက်ပွဲတခုမှာ လူထုထောက်ခံမှုအပြည့်အဝနဲ့ အနိုင်ရထားတဲ့ ပါတီတခုရဲ့ခေါင်းဆောင် တယောက်ဟာ ဘယ်လိုနည်းနဲ့ နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူ တယောက် ဖြစ်သွားရတာပါလဲ။ သာမန်လူပိန်းတယောက်ရဲ့ စဉ်းစားတွေးခေါ်မှုလောက်နဲ့တင် ဒါဟာမှန်တယ်၊ မှားတယ်ဆိုတာ သိသာထင်ရှားဖြစ်နိုင်ပါတယ်။

ဒါဟာ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၁၀ ခု ရွေးကောက်ပွဲပြီးချိန်အထိ ဆက်လက်အကျဉ်းချထားလိုတဲ့အတွက် စစ်အာဏာရှင် အစိုးရက မတရားအပြစ်ရှာ တရားစွဲဆိုပြစ်ဒဏ်ချဖို့ အပြင်းအထန် ကြိုးစားနေတာဖြစ်ပါတယ်။ ဒါကို ကုလသမဂ္ဂလုံခြုံရေးကောင်စီလို အရေးယူနိုင်တဲ့ အခွင့်အာဏာရှိတဲ့ ထုံးစံအတိုင်း များစွာစိုးရိမ်ပူပန်မိပါကြောင်း၊ အမြန်ဆုံးလွှတ်ပေးဖို့ တိုက်တွန်းလိုက်ပါကြောင်းဆိုတဲ့ အရေးယူအပြစ်ပေးမှုမပါတဲ့ တိုက်တွန်းတောင်းဆိုမှုလောက်ပဲ လုပ်ဆောင်မယ်ဆိုရင်တော့ မိမိတို့ပြည်တွင်းရေးသာဖြစ်သည်ဆိုတဲ့ဆင်ခြေနဲ့ နှစ်ပေါင်းများစွာ ကိုယ့်ပြည်သူပြည်သားတွေကို ရက်ရက်စက်စက် ဖိနှိပ်အုပ်ချုပ်နေပြီး တိုင်းပြည်ကိုဆင်းရဲတွင်းထဲဆွဲချ အဖက်ဖက်က ပျက်စီးယိုယွင်းအောင် လုပ်နေတဲ့ စစ်အာဏာရှင်အစိုးရကို ဆက်ပြီး ပြည်သူလူထုကို နှိပ်စက်ညှဉ်းပမ်းခွင့် ကျွန်ပြုစေခိုင်းခွင့် လူ့အခွင့်အရေးချိုးဖောက်ခွင့် ပေးထားသလိုဖြစ်နေပါလိမ့်မယ်။

ဒီမိုကရေစီချစ်မြတ်နိုးတဲ့ နိုင်ငံတကာ လူ့အဖွဲ့အစည်းတွေအနေနဲ့ ခုတကြိမ် စစ်အစိုးရရဲ့ ကောက်ကျစ်စဉ်းလဲယုတ်ညံ့တဲ့လုပ်ရပ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုံ့ချသလို အရေးယူဆောင်ရွက်ဖို့လည်းလိုအပ်ပါတယ်။ လက်တွေ့အရေးယူ ဆောင်ရွက်မှုပါတဲ့ ဆုံးဖြတ်ချက်မျိုးချမှတ်ကြဖို့လည်း အရေးတကြီးလိုအပ်ပါတယ်။ စိုးရိမ်ပူပန်မှုသက်သက်ကို ရပ်ဆိုင်းပြီး မတရားအကျဉ်းကျခံရတော့မယ့် ဒီမိုကရေစီခေါင်းဆောင်ကို ကယ်တင်ရမယ့် အချိန်ဖြစ်တယ်လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။ တပြိုင်နက်တည်းမှာပဲ ပြည်တွင်းမှာ စစ်အာဏာရှင်အောက်မှာ တုံးအောက်ကဖားတွေ ပြားပြားဝပ် ဖြစ်နေကြရတဲ့ ပြည်သူလူထုကြီးကိုလည်း စစ်အစိုးရခြိမ်းခြောက်တိုင်း၊ စေခိုင်းတိုင်း ဘာတတ်နိုင်မှာလည်း လုပ်ရမှာပေါ့ဆိုတဲ့ အလျှော့ပေး အညံ့ခံစိတ်မထားပဲ အန္တရာယ်နည်းပါးတဲ့ ကိုယ်တိုင်လည်း လုပ်ဆောင်ဖို့ သိပ်မခက်ခဲတဲ့ အာဏာဖီဆန်မှုမျိုးတွေကို ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့ တိုက်တွန်းချင်ပါတယ်။ စစ်အစိုးရရဲ့ မတရားနှိပ်စက်ညှဉ်းပမ်းမှု၊အကျဉ်းချထားမှု ခံခဲ့ကြရတဲ့သူတွေကို ကူညီအားပေးကြဖို့ မိသားစုတွေကို ကူညီဖေးမစောင့်ရှောက်ဖို့၊ ကိုယ့်မျက်စေ့ရှေ့မှာ အာဏာရှိသူတွေရဲ့ မတရားအနိုင်ကျင့်မှုကို ခံနေရတဲ့သူတွေကိုတွေ့ရင် ကိုယ်နဲ့မဆိုင်ပါဘူးဆိုပြီး ရှောင်ဖယ်မသွားဘဲ မတရားအနိုင်ကျင့်ခံရသူတွေဖက်က အနိမ့်ဆုံး ကူညီခုခံကာကွယ်ပေးဖို့ကြိုးစားသင့်ပါတယ်။ ဒါဟာ လောကကို စောင့်ရှောက်တာဖြစ်သလို အမှန်တရားကို ကာကွယ်စောင့်ရှောက်ရာလည်းကျပါတယ်။ သေးငယ်တဲ့ အာခံဆန့်ကျင်မှုလေးတွေရဲ့ အစွမ်းသတ္တိကို သတိပြုမိလာ၊ လုပ်ရဲလာကြရင် နောက် ကြီးမားတဲ့ အာခံဆန့်ကျင်မှု အဲဒီကနေမှ တော်လှန်ပုန်ကန်ရဲတဲ့အဆင့်ကို ရောက်ရှိလာကြပါလိမ့်မယ်။ အဲဒီအခါ....။ ♦

**စာမျက်နှာ (၉) မှ ....**

သောင်းသုံးထောင်ဖြစ်ကြောင်းလည်း သိရသည်။

ထိုအခမ်းအနားသို့ အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ ကုလဆိုင်ရာကိုယ်စားလှယ်ရုံးများမှ တာဝန်ရှိသူပေါင်း (၃၀) ခန့် တက်ရောက်ခဲ့သည်။



**ချက်နိုင်ငံ ကုလကိုယ်စားလှယ်ရုံးမှ ပြောခွင့်ရပုဂ္ဂိုလ် Mr.Borek Lizec**

မြန်မာ့အရေးကို နှစ်ပေါင်း နှစ်ဆယ်ကြာအောင် အစဉ်တစိုက် အားပေးကူညီနေခဲ့သော ချက်သမတနိုင်ငံမှ ကုလကိုယ်စားလှယ်ရုံး၏ ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သော Mr. Borek Lizec က ချက်ရီပတ်ဗလီကင်နိုင်ငံဟာ စစ်အာဏာရှင်လက်အောက်မှာ နေခဲ့ရတယ်။ ဒီနှစ်ဟာ Velvet Revolution လို့ခေါ်တဲ့ စစ်အာဏာရှင် လက်အောက်က လွတ်မြောက်ခဲ့တဲ့ အနှစ်နှစ်ဆယ် ပြည့်မြောက်တဲ့နှစ်ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်က ဒေသအချို့မှာ ဖြစ်ပေါ်နေတဲ့ လူ့အခွင့်အရေးလှုပ်ရှားမှုတွေကို အကူအညီပေးဖို့၊ လူ့အခွင့်အရေးလှုပ်ရှားသူတွေကို အထောက်အကူပေးဖို့၊ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေး လုပ်ငန်းစဉ်တွေမှာ အခြားနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ချက် နိုင်ငံခြားရေးရာ မူဝါဒအဖြစ် ချမှတ်ခဲ့ပါတယ်ဟု ယနေ့မြန်မာသတင်းဌာနသို့ ဖြေကြားခဲ့သည်။

လက်မှတ်စုဆောင်းမှုတွင် ချက်ပြည်သူများ၏ လက်မှတ်ပေါင်း ငါးသောင်းပါဝင်ခဲ့ကြောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင် ပါဝင် လက်မှတ်ရေးထိုးခဲ့ကြောင်းလည်းသိရသည်။

ချက်နိုင်ငံအနေနှင့် မြန်မာ့ လူ့အခွင့်အရေးလှုပ်ရှားမှုနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများအား ဆက်လက်ထောက်ခံသွားမည်ဆိုခြင်းအား အာမခံကြောင်းလည်း ၎င်းက ထည့်သွင်းပြောကြားသွားခဲ့သည်။

ချက်ရီပတ်ဗလီကင်ပြည်သူများသည် နှစ်ပေါင်း (၄၀) ခန့် ကွန်မြူနစ်စစ်အာဏာရှင်လက်အောက်တွင် နေခဲ့ကြရသောကြောင့် လူ့အခွင့်အရေးကိစ္စများကို စိတ်ဝင်စားကြောင်း၊ ယခု လက်မှတ်စုဆောင်းမှုအား အစိုးရမဟုတ်သော အဖွဲ့အစည်းတခုဖြစ်သည့် People in Need က ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းလည်း ဆက်လက်ပြောကြားသွားသည်။

ချက်နိုင်ငံသည် ယခု လက်ရှိ ဥရောပသမဂ္ဂဥက္ကဋ္ဌ နိုင်ငံအဖြစ် တာဝန်ယူနေပြီး မြန်မာ့အရေးကို အထူးကူညီဆောင်ရွက်ပေးနေသော နိုင်ငံတခုလည်းဖြစ်သည်။ ချက်သမတဟောင်း၊ စာရေးဆရာ ဗားကလပ်ဗ်ဟာဗဲလ်သည်လည်း ဒေါ်အောင်ဆန်းစုကြည်၏ (၆၄) နှစ်မြောက် မွေးနေ့အတွက် ဆုတောင်းခြင်းနှင့် လွတ်မြောက်ရေး တိုက်တွန်းနှိုးဆော်မှုများကို ဆောင်ရွက်နေကြောင်းလည်း သိရသည်။

♦

# ရုံးတော်သို့ အမှုရင်ဆိုင်ရန် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဝင်လာချိန်တွင် နိုင်ငံခြားသံတမန်များက မတ်တပ်ရပ်လျှက် အရို အသေပြုခဲ့ကြ




မေလ (၂၆) ရက်

သတ္တမမြောက်နေ့အဖြစ် အမှုရင်ဆိုင်ရန် တရားရုံးတော်တွင်းသို့ ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်လာစဉ်တွင် နိုင်ငံခြားသံတမန်များက မတ်တပ်ရပ်လျက် ကြိုဆိုခဲ့ကြကြောင်းနှင့် လုံခြုံရေးဝန်ထမ်းများက ထိုင်ရန်ပြောသည်ကိုပင် မထိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

ရာဇဝတ်ကျင့်ထုံးအရ ဒေါ်အောင်ဆန်းစုကြည်သည် တရားရုံးတွင် တရားခံအဖြစ် အစစ်ခံပြီး သက်သေအဖြစ် အစစ်မခံသောကြောင့် နှစ်ဘက်ရှေ့နေများမှ မေးခွန်းမေးခွင့်မရှိကြောင်းနှင့် တရားရုံးကသာ မေးခွန်းမေးခွင့်ရှိကြောင်း ဦးညဏ်ဝင်းက ဒီဗွီဘီသို့ ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်မှ မစ္စတာယက်ထောဝင်ရောက်ခဲ့မှုနှင့် ပတ်သက်ပြီး ရုံးတော်သို့ဖြေကြားရာတွင် ရဲတပ်ဖွဲ့မှ လာရောက်သိမ်းဆည်းသွားသော မစ္စတာယက်ထော၏ ပစ္စည်းများဆိုသည်မှာ သူ့ကို ပေးခဲ့ခြင်းမဟုတ်ဘဲ ချန်ခဲ့ခြင်း၊ သို့မဟုတ် ကျန်ခဲ့ခြင်းဆိုသည်ကို ကာယကံရှင်သာ သိမည်ဖြစ်ကြောင်း၊ နေအိမ်အတွင်းသို့ ခါတ်ပုံနှင့် ဗွီဒီယိုမှတ်တမ်းများ ရိုက်ကူးယူသွားခဲ့သည်ကိုလည်း ရုံးရောက်မှသာ သိရခြင်းဖြစ်ကြောင်း၊အိမ်ရှင်ကို အသိပေးခြင်းမရှိဘဲ ရိုက်ကူးခဲ့ခြင်းသာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဖြေသွားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မစ္စတာယက်ထော ပြန်ချိန်သည် (၅) ရက်နေ့ည (၁၁) နာရီနှင့် (၁၂) နာရီကြားဖြစ်ပြီး ရေကန်ဘက်မှာ မှောင်နေသောကြောင့် မည်သည့်လမ်းက ထွက်သွားသည်ကို မသိကြောင်းနှင့် အိမ်ပတ်ဝန်းကျင်တွင် လုံခြုံရေးများလည်းမရှိကြောင်း ဖြေဆိုသွားခဲ့သည်ဟု သိရသည်။

သံတမန်များသည် ဒေါ်အောင်ဆန်းစုကြည်၏ ထွက်ဆိုချက်ကို ကြားနာပြီးသည်နှင့် မစ္စတာဂျွန်ယက်ထော၏ ထွက်ဆိုချက်ကိုပင် နားမထောင်ကြဘဲ ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်းလည်း ရန်ကုန်မှလာသော သတင်းများအရ သိရသည်။

တရားရုံးမှ အမှုကို အမြန်ဆုံး အမိန့်ချနိုင်ရေးကိုသာ ရှေ့ရှုပြီး နေ့စဉ်ရက်ဆက် စစ်ဆေးနေခြင်း၊ ယင်းအမှုနှင့် ပတ်သက်၍ အဓိကတာဝန်ရှိသူများ ဖြစ်ကြသော လုံခြုံရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် လုံခြုံရေးချိုးဖောက်သူများကိုလည်း အရေးယူ တရားစွဲဆိုထားခြင်းမရှိကြောင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားသောအမှုတွင် တရားမျှတမှုမရှိကြောင်း အဖွဲ့ချုပ်၏ ယနေ့ကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် အစဉ်တစိုက် ကြိုးပမ်းနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် ထပ်မံတောင်းဆိုလိုက်ကြောင်း ဗဟိုအလုပ်အမှုဆောင်နှင့် ဗဟိုဥပဒေ အထောက်အကူပြုအဖွဲ့တို့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ♦

# ထိုင်းပညာရှင်များက ဘန်ကောက်တက္ကသိုလ်တခုတွင် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ အထိမ်းအမှတ်ပွဲ ကျင်းပ




ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ချူလာလောင်ကွန်း တက္ကသိုလ်တွင် ဇွန်လ (၁၉) ရက်တွင် ကျရောက်မည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပပေးခဲ့သည်။

ထိုင်းနိုင်ငံအခြေစိုက် သည်နေးရှင်း The Nation သတင်းထောက် မစ္စတာဆူပလော့ခ်ကန်ချနာခွန်ဒီးက လက်ရှိမြန်မာနိုင်ငံတွင်ဖြစ်ပျက်နေသော အခြေအနေများနှင့်စပ်လျဉ်းပြီး ထိုင်းလူမျိုးများ၏ အမြင်၊ သုံးသပ်ချက်များနှင့် စိုးရိမ်မကင်းဖြစ်ရမှုများကို မြန်မာပြည်သူများနှင့်တကွ၊ နိုင်ငံတကာကလည်း သိစေချင်ကြောင်း၊ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သည့်သတင်းများအား ကြားနေရသည့်အပေါ် အတော်လေး စိတ်မကောင်းဖြစ်မိကြောင်းနှင့် ထို့အတွက် ထိုင်းပညာရှင်များအနေနှင့် ဘာလုပ်ပေးနိုင်မည်လည်းဆိုသည်ကို ဆွေးနွေးခဲ့ကြကြောင်း အာရ်အက်ဖ်အေသို့ ပြောသည်။

ဆက်လက်၍ ထိုင်းအစိုးရအနေနှင့်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်ပြီး တစုံတရာ ဆောင်ရွက်ပေးနိုင်ရန် မျှော်လင့်ကြောင်း ပြောသွားခဲ့သည်။

ထိုင်းပညာရှင် ပါမောက္ခများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မီဒီယာသမားများ စုံစုံညီညီတက်ရောက်ခဲ့ကြောင်းနှင့် တက်ရောက်လာသူပေါင်း (၁၀၀) ခန့်ရှိကြောင်း ဖော်ပြထားသည်။

♦

# အဖွဲ့ချုပ်လူငယ်များ ကြေညာချက်ထုတ်ပြန်ခြင်းကြောင့် ခေါ်ယူသတိပေးခံရ

ဇွန် (၆) ၂၀၀၉

ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုထားသည့်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းဖော်ဆောင်ရေး အလုပ်အမှုဆောင်အဖွဲ့မှ ကန့်ကွက်ကြောင်းကြေညာချက် ထုတ်ပြန်ခြင်းကြောင့် ရဲမှူးကြီးဝင်းနိုင်ထွန်း (ပြည်ထဲရေး) နှင့် တဝတဥက္ကဋ္ဌတို့မှ အဖွဲ့ချုပ်၏ တာဝန်ရှိလူကြီးများအား ၅၊ ၆၊ ၀၉ နေ့က ခေါ်ယူသတိပေးခံရသည်။



အဖွဲ့ချုပ်လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့အနေနှင့် ဒေါ်အောင်ဆန်းစုကြည်အား အများပြည်သူကြားနာခွင့်မရှိပဲ တရားစီရင်နေခြင်းအပေါ် အပြင်းအထန်ကန့်ကွက်ကြောင်း ဇွန်လ (၂)ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ထိုကြေညာချက်တွင် ပြည်သူလူထုအား ဆူပူစေရန် လှုံ့ဆော်ထားသည့် အချက်များပါရှိနေသည်ဟုဆို၍ ခေါ်ယူသတိပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

လူငယ်လုပ်ငန်းအဖွဲ့သည် မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းမဟုတ်သည့်အတွက် ကြေညာချက် ထုတ်ပြန်ခွင့်မရှိကြောင်း၊ အဆိုပါကြေညာချက်သည် အင်တာနက်စာမျက်နှာများပေါ်တွင် ရောက်ရှိနေပြီး အရေးယူလျှင်ရကြောင်းလည်းပြောသည်။

ထိုကိစ္စနှင့်ပတ်သက်၍ အကျိုးဆက်များပေါ်ပေါက်လာလျှင် စီအီးစီမှ တာဝန်ယူကြောင်း လက်မှတ်ရေးထိုးခဲ့ရသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနသို့ သွားရောက်ခဲ့သည့်အထဲတွင်ပါသည့် ဦးသန်းထွန်းမှ ပြောကြောင်း သိရှိရသည်။

ထို့အတူ လူငယ်အဖွဲ့မှ တာဝန်ရှိသူများအားလည်း ဗဟန်းမြို့နယ် မဝတရုံးမှ ထိုနေ့တွင်ပင် ခေါ်ယူသတိပေးခဲ့ကြောင်းလည်းပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အား စွဲဆိုထားသည့် ၇၄ အခြေခံဥပဒေသည် ၁၉၈၈ ခုနှစ်၊ စစ်တပ်မှ အာဏာသိမ်းသည့်အချိန်ကတည်းကပင် ပျက်ပျယ်နေပြီဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးစောမောင်၏ "ကျုပ်တို့က စစ်အုပ်ချုပ်တဲ့နည်းနဲ့ လုပ်နေတာ။ ဘယ်အခြေခံဥပဒေမှ မရှိတော့ဘူး၊ အခြေခံဥပဒေနဲ့ပတ်သက်တာ ရွေးကောက်ပွဲမှာနိုင်တဲ့ ကိုယ်စားလှယ်တွေရဲ့အလုပ်၊ ပါတီတွေရဲ့အလုပ်" ဆိုသည့်စကားအရ ပျက်ပျယ်နေပြီဖြစ်ကြောင်း လူငယ်တာဝန်ခံ ကိုမျိုးညွန့်ပြောကြားချက်အား ဒီဗွီဘီသတင်း စာမျက်နှာတွင် ဖော်ပြထားသည်။ ♦

# အကြီးကျယ်ဆုံးဂျွန်ဆားချက်တဲ့မြန်မာဗိုလ်ချုပ်ကြီးများ



နိုင်ငံရေးသမားတဦး

"အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က လဤ်တ်တော်ခေါ်ပေးပါ။ နိုင်ငံရေး အကျဉ်းသားတွေလဤ်တ်ပေးပါ။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခွင့်ပြုပါ။ စစ်အစိုးရကို လဤ်တ်တော်မှတဆင့် ဆက်လက် အသိအမှတ် ပြုပေးမယ်၊"

နိုင်ငံတော်လုံခြုံမှု ကာကွယ်ရေး ဥပဒေအရ ပုဒ်မ (၁၀) (ခ) နဲ့ အရေးယူ အကျဉ်းချခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို (၁၄.၅.၀၉) နေ့မှာ အင်းစိန် အကျဉ်းထောင်ပို့လိုက်ပါတယ်။ (၁၈.၅.၀၉) နေ့မှာ တားမြစ်မိန့် ပုဒ်မ (၁၀) (ခ) ချိုးဖောက်မှုနဲ့ ပုဒ်မ (၂၂) နဲ့ အမှုဖွင့်စွဲချက်တင်လိုက်ပြန်တယ်။

စစ်ဝါဒီတွေ ဘယ်အကြောင်းကြောင့် အမှုဖွင့်စွဲချက်တင်ရပါသလဲ?

ဒီကိစ္စကို အပေါ်ယံအားဖြင့် တည်ဆဲဥပဒေကိုချိုးဖောက်လို့ အရေးယူတာခံရတယ်လို့ မြင်နိုင်ပါတယ်။ နက်နက်ရှိုင်းရှိုင်း စဉ်းစားလိုက်မယ်ဆိုရင် ဗိုလ်ချုပ်သန်းရွှေ၊ ဗိုလ်ချုပ်မောင်အေးတို့ရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ နိုင်ငံရေးအရ ဗျူဟာမြောက် ထိုးစစ်ဆင်လိုက်ခြင်းဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ်ချထားခဲ့တာ (၆) နှစ်ပြည့်ခါနီးမှာ ဥပဒေကြောင်းအရ လွှတ်ပေးရတော့မှာဖြစ်ပါတယ်။ သူမ လွတ်မြောက်လာခဲ့ရင် ဦးဝင်းတင်နဲ့တွဲဖက်ပြီး လူထုလှုပ်ရှားမှုတွေ ဖော်ဆောင်နိုင်စွမ်းရှိတယ်ဆိုတာ စစ်ကောင်စီက ကောင်းစွာ သဘောပေါက်နေပါတယ်။ ဒါကြောင့်မို့ ရွှေဉာဏ်တော်စူးရောက်လှတဲ့ အာဏာရူးဗိုလ်ချုပ်ကြီးများက ပုဒ်မ (၂၂) နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အမှုဖွင့်စွဲချက်တင်လိုက်ခြင်းဖြစ်ပါတယ်။

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ ဒီမိုကရေစီအင်အားစုတွေက နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ချွင်းချက်မရှိလွှတ်ပေးပြီး စားပွဲဝိုင်းဆွေးနွေးပွဲတွေ စတင်ကြဖို့ တိုက်တွန်းနေချိန်မှာ အမှုဖွင့်လိုက်ခြင်းဖြစ်ပါတယ်။

စစ်သည်အင်အား (၄) သိန်းကျော်ကို အမိန့်ပေးနိုင်စွမ်းရှိနေသေးတဲ့ ဗိုလ်ချုပ်သန်းရွှေ၊ ဗိုလ်ချုပ်မောင်အေးတို့ဟာ ဒေါ်အောင်ဆန်းစုကြည် ပါးစပ် တပေါက်ထဲက နိုင်ငံရေးအရ ပြည်သူ သန်း (၅၀) ကျော်ကို စည်းရုံးလှုံ့ဆော်နိုင်စွမ်းရှိတယ်ဆိုတာ သူတို့သိကြတယ်။ လူထုလှုပ်ရှားမှုတွေကို သူတို့ အကြီးအကျယ်ကြောက်လန့် စိုးရိမ်နေကြပါတယ်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က လွှတ်တော်ခေါ်ပေးပါ၊ နိုင်ငံရေး အကျဉ်းသားတွေလွှတ်ပေးပါ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခွင့်ပြုပါ၊ စစ်အစိုးရကို လွှတ်တော်မှတဆင့် ဆက်လက်အသိအမှတ်ပြုပေးမယ်။ နောက်ထပ်အထွေထွေရွေးကောက်ပွဲ တနှစ်အတွင်းကျင်းပပေးဖို့ တောင်းဆိုချက်တွေဟာ တရားမျှတပြီး စစ်ဗိုလ်ချုပ်များကို နိုင်ငံရေးထွက်ပေါက်ဖွင့်ပေးခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းတဲ့ နည်းလမ်းတွေအရ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ဖို့ အဖွဲ့ချုပ်က နိုင်ငံရေး ကမ်းလှမ်းချက်တွေ ထုတ်ပြန်ထားတာဖြစ်ပါတယ်။

ခေါင်းမာလွန်းတဲ့ ဗိုလ်ချုပ်ကြီးများက အထက်ပါကမ်းလှမ်းချက်တွေကို ဘာ့ကြောင့်ငြင်းဆိုနေရပါသလဲ?

–ပထမအကြောင်းက နဝတ ခေတ် တောတွင်းရှိ လက်နက်ကိုင် အင်အားစုတွေကို ငြိမ်းအဖွဲ့များအဖြစ် အသွင်ပြောင်းလဲနိုင်ခဲ့တယ်။ စစ်ရေးအောင်မြင်မှု သက်သက်မဟုတ်၊ နိုင်ငံရေးအရ အမြတ်ထွက်ခဲ့သလို ဒေါ်လာငွေမဲတွေလည်း လက်ခံရရှိလိုက်ပါတယ်။

–ဒုတိယအကြောင်းက အိမ်နီးနားချင်း တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံတို့နဲ့ စစ်ရေးပဋိပက္ခမရှိခဲ့တာမို့ နယ်စပ်ဒေသငြိမ်းချမ်းရေးကို တည်ဆောက်ထားနိုင်ခဲ့တယ်။

–တတိယအကြောင်းက အမေရိကန် ဦးဆောင်တဲ့ နေတိုးအုပ်စုက ပထဝီနိုင်ငံရေးအရ ကျူးကျော်မှု လုံးဝမပြုလုပ်နိုင်ဆိုတာ နေပြည်တော်ရှိ ဗိုလ်ချုပ်ကြီးများက သဘောပေါက်နေကြတယ်။

–စတုတ္ထအကြောင်းက ရုရှားနဲ့ တရုတ်တို့ဟာ သူတို့ရဲ့ အမျိုးသား ကိုယ်ကျိုးကြည့်ဝါဒအရ စစ်လက်နက်ပစ္စည်းတွေ ရောင်းချနိုင်ရုံသာမက လုံခြုံရေးကောင်စီမှာ မြန်မာ့အရေးတင်ပြချက်တွေကို ဗီတိုအာဏာသုံးပယ်ချလိမ့်မယ်ဆိုတာ နအဖက အပိုင်တွက်ထားပါတယ်။

အထက်ပါအကြောင်းတွေကြောင့် နအဖ စစ်အစိုးရဟာ နှစ်ပေါင်း (၂၀) ကြာ အာဏာရှင်စနစ်ကို ထိန်းသိမ်းထားနိုင်ခြင်းဖြစ်ပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံကြီးကို အကြမ်းဖက်ဖြိုခွဲပြီးနောက် စစ်ကောင်စီက ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံ ဒီမိုကရေစီစနစ်နဲ့ လွတ်လပ်၍တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးမယ်ဆိုတဲ့ ကတိကဝတ်တွေနဲ့ အာဏာရယူခဲ့ပါတယ်။ နှစ်ပေါင်း (၂၀) ကျော်လာပေမယ့် အာဏာရှင်ကြီးများဟာ သူတို့ရဲ့ ကတိပြုချက်တွေကို ဖျက်ဆီးပစ်လိုက်ပြီး စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးစနစ်တွေကို လုံးဝဖော်ဆောင်ပေးခြင်းမရှိသေးပါ။

(၂၀၀၈) ခုနှစ် မေလမှာ အတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာရှင်စနစ် ဆက်လက်အသက်သွင်းနိုင်ဖို့ ဗိုလ်ချုပ်ကြီးများ ကြိုးပမ်းနေပြန်ပါတယ်။

ကုလသမဂ္ဂနဲ့ နိုင်ငံတကာ ဒီမိုကရေစီအင်အားစုတွေရဲ့ စီးပွားရေးအရ၊ နိုင်ငံရေးအရ အကြပ်ကိုင်မှုတွေကလည်း ထိရောက်မှုမရှိဖြစ်နေပါတယ်။ အကြောင်း နှစ်ချက်ကြောင့်ဖြစ်တယ်။

(၁) ၉၀ ခုနှစ် ရွေးကောက်ပွဲအပြီးမှာ ဒီချုပ်အဖွဲ့ရဲ့ လွှတ်တော်ခေါ်ပေးပါဆိုတဲ့ တောင်းဆိုချက်ကို စစ်ဗိုလ်၊ စစ်သားတွေရဲ့ တက်ကြွတဲ့ ထောက်ခံချက်တွေ မရရှိခဲ့ပါ။

(၂) တရုတ်၊ ရုရှားစတဲ့ နိုင်ငံတချို့ရဲ့ထောက်ခံမှုမရရှိခဲ့တာကြောင့် စစ်အာဏာရှင်တွေဟာ အမျိုးသားညီလာခံလမ်းကြောင်းကို ရွေးချယ်လိုက်ပြီး သူတို့ရဲ့ အာဏာကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တယ်။

ခုအခါမှာ နေပြည်တော်အစိုးရဟာ နာဂစ်ဖွဲ့စည်းပုံဥပဒေကို ဆုပ်ကိုင်ထားပြီး တရုတ်၊ ရုရှား၊ အိန္ဒိယစတဲ့ နိုင်ငံကြီးတချို့ရဲ့ ကျောထောက်နောက်ခံ အားပေးမှုနဲ့ (၂၀၁၀) ရွေးကောက်ပွဲဆီ ဦးတည်လျှောက်လှမ်းနေပါတယ်။

စစ်ကောင်စီဟာ ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုတွေရဲ့ တိုက်ပွဲဆင်မှုကြောင့် စီးပွားရေးအရ၊ နိုင်ငံရေးအရ၊ စစ်ရေးအရ အကြပ်အတည်းပေါင်းစုံနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီချုပ်ဟာလည်း ခြေတွေ၊ လက်တွေ ဖြတ်တောက်ခံထားရပြီး မတရားအသင်းကြေညာခံရမယ့် အန္တရာယ်နဲ့လည်း ရင်ဆိုင်နေရပါတယ်။

ပြည်တွင်းရှိ ဒီမိုကရေစီ အင်အားစုအားလုံးတို့ဟာ စည်းလုံးညီညွတ်ကြပြီး ဥပဒေတွင်း၊ ဥပဒေပ တိုက်ပွဲမျိုးစုံအသုံးချပြီး

(က) နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး

(ခ) ဒီချုပ်ရုံးခန်းတွေဖွင့်ပေးရေး၊ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ရရှိရေး

(ဂ)နာဂစ်ဖွဲ့စည်းပုံဥပဒေပြင်ဆင်ခွင့်ရရှိရေး

(ဃ) တန်းတူရေးကိုအခြေခံတဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးတည်တဲ့ စားပွဲဝိုင်းဆွေးနွေးပွဲတွေစတင်နိုင်ဖို့ အချက်တွေအပေါ်မှာအခြေခံပြီး ပြည်သူတွေဟာ သမိုင်းပေးတာဝန်တွေကို ထမ်းဆောင်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။

♦

## ဇွန်မှိုင်းဆောင်းပါးမှ...

ကျူးလွန်ရဲနေပြီ။

ကျူးလွန်ဖို့လည်း ဆုံးဖြတ်ထားပြီးပြီဖြစ်ပါတယ်။

ကျနော်တို့ ဘာလုပ်ကြမလဲ။

(၈)

ကျနော်တို့မှာ ရွေးစရာ (၂) လမ်းပဲရှိပါတယ်။

နအဖ စစ်အစိုးရ ဆွဲခေါ်ရာကို၊ ကိုယ်မယုံကြည်တာကြီးကို ဘာသံမှ မထွက်တော့ဘဲ ခေါင်းငုံ့နှုတ်ဆိတ်ပြီး၊ လုံးဝ အလျှော့ပေးပြီး ဒရွတ်သီ လိုက်ပါသွားတော့မလား။

ဒါမှမဟုတ် မိမိ ယုံကြည်တာကို ယုံကြည်တယ်လို့ ရဲရဲပြောရင်း.....

နားဖားကြိုးလာထိုးတဲ့ လက်ကို ပြတ်ပြတ်သားသား ရိုက်ချပစ်လိုက်မလား။

ဒီ (၂)လမ်းတည်းပါပဲ။ ဘယ်လမ်းကို ရွေးချယ်ချင်ပါသလဲ။

ဒုတိယလမ်းကို ရွေးမယ်ဆိုရင်တော့ ညီညွတ်ဖို့လိုတယ်။

ဘယ်လိုချော့ချော့ ဘယ်လိုခြောက်ခြောက် တောင့်ခံရဲတဲ့ သတ္တိရှိဖို့လိုတယ်။

မှန်ကန်ခိုင်မာတဲ့ နိုင်ငံရေး ရပ်ခံချက်တွေနှင့်အတူ နောက်မဆုတ်စတမ်း၊ နောက်မတွန့်စတမ်း လျှောက်လှမ်းရဲတဲ့၊ ပြတ်သားရဲရင့်တဲ့ သန္နိဋ္ဌာန်ရှိဖို့လိုတယ်။

မိမိနှင့် မိမိနိုင်ငံတော်ကို ချစ်တတ်တဲ့ သစ္စာရှိတဲ့ နှလုံးသားရှိဖို့လိုတယ်။

ကျနော်တို့ဆောင်ရွက်သမျှဟာ ကျနော်တို့တန်ဖိုး ကျနော်တို့သမိုင်းဖြစ်ပါလိမ့်မယ်။

ကျနော်တို့ ဘယ်လမ်းကို ရွေးချယ်သင့်ပါသလဲ။ ။

လမ်းကြောင်းမှန်ကို ရွေးချယ်နိုင်ကြပါစေ။

ဇွန်မှိုင်း

၁၉၊၆၊၂၀၀၉။

## ခွာညိုဆောင်းပါးမှ....

သော အတွေးသုံးမျိုး ပေါ်ပေါက်လာသည်။ သူသည် စစ်အုပ်စုထံ မိမိကိုယ်ကိုယ်ရောင်းစားပြီး စစ်အုပ်စုခိုင်းသမျှ လုပ်ပေးမည့်သူ။

နောက်တခုက ပေါ်ပြူလာ ဖြစ်လိုသောသူ။ ကမ္ဘာကျော်အောင် ဤနည်းဖြင့် ကြိုးစားအားထုတ်လိုက်သူ။

သို့တည်းမဟုတ် သူပြောသည့်အတိုင်း သူ့ဘွဲ့လွန်အတွက် တကယ် လုပ်ခဲ့တာဆိုလျှင်တော့ သူ့လောက် အတ္တကြီးသူ နောက်တယောက် မရှိတော့ကြောင်း ကမ္ဘာ့မှတ်တမ်းတွင် တင်ထားသင့်သည့်သူ။ အဘယ့်ကြောင့်ဆိုသော် သူ၏စာတမ်းတစောင်အား သူများနှင့်မတူသော ရှုဒေါင့်မှတင်ပြနိုင်ရေးအတွက် ထိုနိုင်ငံနှင့် နိုင်ငံတွင်းနေထိုင်သူ လူပေါင်းသန်း (၆၀) ကျော်၏ အနာဂတ်ကို ရင်းနှီးမြှုပ်နှံရန် ကြံစည်ခဲ့သောကြောင့်ပင်ဖြစ်သည်။ ♦

### အဲန်အယ်လ်ဒီမှ ထုတ်ပြန်သော ကြေညာစာတမ်းမှ ...

ထားပြီး မိမိတို့လိုချင်သော ရလဒ်ဖြစ်အောင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခဲ့ခြင်း၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ (၃) ကိုချိုးဖောက်ပြီး ၁၉၉၀ ရွေးကောက်ပွဲရလဒ်အား လျစ်လျူရှုခဲ့ခြင်း၊ နောက်ရွေးကောက်ပွဲအသစ်ကို ကျင်းပရန် ပြင်ဆင်ခြင်းသည် တပ်မတော်အနေနှင့် မဲဆန္ဒရှင် ပြည်သူလူထုအား တရားဝင် ပေးထားသည့်ကတိများကို မိမိတို့ကိုယ်တိုင် ပြန်ပြီး မထေမဲ့မြင်ပြုခဲ့ခြင်းဖြစ်ကြောင်း အတိအလင်းဖော်ပြထားသည်။

ထို့အပြင် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်မည်ဟု ကြွေးကြော်နေသော နအဖရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါသောအချက်များသည် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် လုံးဝဆန့်ကျင်သည်ကို တွေ့ရှိရကြောင်း၊ ၁၉၉၀ ပါတီစုံ ရွေးကောက်ပွဲသည်သာ ပြည်သူလူထု၏ ဒီမိုကရေစီလိုလားကြောင်း အကောင်းဆုံး သက်သေဖြစ်နေသောကြောင့် ကုလသမဂ္ဂ အထွေထွေညီလာခံအသီးသီး၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရန် အာဏာပိုင်တို့တွင် တာဝန်ရှိကြောင်းလည်း ပါရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနိုင်ရေးတို့အတွက် တာဝန်ရှိသည့် အားလျော်စွာ နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးပွဲ ပေါ်ပေါက်လာရေးဆောင်ရွက်ပေးရန် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် တစိုက်မတ်မတ် စတင်ကြိုးပမ်းနေသူ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မလွဲမသွေပါဝင်ရန် လိုအပ်လျက်ရှိနေကြောင်း တိုက်တွန်းတောင်းဆိုထားသည်။

သို့ဖြစ်၍ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစိုက် ကြိုးပမ်းနေခဲ့သော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အားလည်းကောင်း၊ တိုင်းရင်းသား လူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည် မဟုတ်သောကြောင့်လည်း ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွှန့်လွင်နှင့် အခြား တိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်ထောင်ဒဏ် ကျခံနေကြရခြင်းများမှ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊ ထို့အပြင် နိုင်ငံရေးယုံကြည်ချက်ကြောင့် နှစ်ရှည်ထောင်ဒဏ်များ ကျခံနေကြရသော ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များနှင့်တကွ ရဟန်း၊ ရှင်၊ လူ ပြည်သူအပေါင်းအားလည်း ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊ ခေတ္တဟူ၍ အကြောင်းပြကာ (၆) နှစ်ခန့် ချိတ်ပိတ်ထားခံခဲ့ရသော နိုင်ငံရေးပါတီများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်တို့ကို ထိုကြေညာချက်တွင် တိုက်တွန်း တောင်းဆိုထားခဲ့သည်။ ♦

## ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် လူထုလှုပ်ရှားမှုများပြုလုပ်

ဒီဗွီဘီ၊ ဇွန်၊ ၅

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ် ဥပဒေ ဖေါက်ဖျက်မှုဖြင့် အင်းစိန်ထောင်တွင်း တရားရင်ဆိုင်နေရခြင်းနှင့် ပြန်လည်လွှတ်မြောက်ရေးအတွက် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းတို့တွင် လှုပ်ရှားမှုများ ပြုလုပ်နေကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များသည် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် မေတ္တာပို့ ဆုတောင်းပွဲများပြုလုပ်ရန် လှုံ့ဆော်မှုများ၊ ဖရီးစာတမ်းပါ အဖြူရောင်တီရှပ် ဝတ်ဆင်သည့်လှုပ်ရှားမှုများ၊ ဒေါ်အောင်ဆန်းစုကြည်အား အမြန်ပြန်လွှတ်ပေးရန် တောင်းဆိုထားသည့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်နေကြသည်။

ဒေါ်အောင်ဆန်းစုကြည် ဓါတ်ပုံပေါ်တွင် လွှတ်ပါဟု စာရေးသားထားပြီး ဈေးများနှင့် အခြားလူစည်ကားရာနေရာများတွင် ဖြန့်ဝေခြင်း၊ ကပ်ခြင်းများ ပြုလုပ်နေကြသည်။

မန္တလေးတိုင်းတွင် ကျောက်ပန်းတောင်း၊ မြိုင်၊ ကံမ၊ မြစ်ခြေတို့တွင် ပြုလုပ်နေကြောင်း၊ မကွေးတိုင်းတွင် မကွေး၊ ပုခုက္ကူ၊ ပေါက်၊ ရေနံချောင်း အစရှိသည့် ဒေသများတွင်ပြုလုပ်နေကြပြီး ထိုသို့ လှုပ်ရှားနေရခြင်း၏ ရည်ရွယ်ချက်မှာ ဒေါ်အောင်ဆန်းစုကြည်အား မတရားသည့် ဥပဒေဖြင့် ဖမ်းဆီးစစ်ဆေးနေခြင်းအပေါ် သဘောမတူ၊ကန့်ကွက်ကြောင်းအား လူထုသိရှိ၊ နိုးကြားလာစေရန် လုပ်ဆောင်ခြင်းဖြစ်သည်ဟု မကွေးတိုင်းမှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဝင်တဦးမှ ဒီဗွီဘီသို့ ပြောကြားသည်။

ထို့ပြင် မကွေးတိုင်း၊ ရေနံချောင်းမြို့တွင်လည်း ဖရီးဆိုသည့် စာရိုက်နှိပ်ထားသည့်တီရှပ် ဝတ်ဆင်ခြင်းများ ပြုလုပ်ကြကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏နောက်တွင် လူထုရှိကြောင်း သက်သေပြကြပြီး နအဖအနေနှင့် မရားသည့်ဥပဒေဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဆိုလျှင် လူထုမှ ၎င်းတို့၏ဆန္ဒအား ဖေါ်ထုတ်လိမ့်မည်ဖြစ်ကြောင်းကိုလည်း မကွေးတိုင်းအမျိုးသမီးအဖွဲ့ တာဝန်ခံ ဒေါ်ခင်စောမြွေးမှ ပြောသည်။

ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် ဖြန့်ဝေသည့်ဓါတ်ပုံများအား လာရောက် တောင်းယူ အားပေးကြသောကြောင့် ဓါတ်ပုံများ မလောက်၍ ခေတ္တရပ်ဆိုင်းထားရကြောင်း လည်းပြောသည်။

ထိုလှုပ်ရှားမှုအား စစ်ကိုင်းတိုင်း မုံရွာမြို့၊ပဲခူးတိုင်းအနောက်ခြမ်း ဇီးကုန်းမြို့၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ပြုလုပ်ကြကြောင်း သိရှိရသည်။

## ဒေါ်အောင်ဆန်းစုကြည်ဘက်မှ သက်သေများ အစစ်ခံသင့် မခံသင့် ဆုံးဖြတ်ရန် ရုံးချိန်းနောက်ဆုတ်

ဇွန်လ (၅) ရက်။

မိမိတို့တင်ပြထားသော သက်သေထွက်ဆိုမည့်သူများအား အကြောင်းပြချက်မခိုင်လုံဘဲ တရားခွင်မှပယ်ချခြင်းသည် ဥပဒေနှင့်ညီသော လုပ်ရပ်မဟုတ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ အကျိုးဆောင်ရှေ့နေများမှ တင်ပြပြီးသည့်နောက် အပြီးသတ်ကြားနာစစ်ဆေးမှုကို သီတင်းတပါတ် ရွှေ့ဆိုင်းလိုက်သည်။

ယနေ့နံနက် (၁၀) နာရီတွင် တရားစွဲဆိုခံထားရသူများ တရားခွင်သို့ ရောက်လာခဲ့ပြီး ရုံးထိုင်ကြားနာခြင်းရှိသည့်တိုင်အောင် တိုင်းတရားရုံးတွင် ပြင်ဆင်မှုများရှိနေခြင်းကြောင့် ရုံးချိန်းကို ဇွန်လ (၁၂) ရက်သို့ ရွှေ့ခဲ့ခြင်းဖြစ်ကြောင်း အကျိုးဆောင် ဦးဉာဏ်ဝင်းက ဗွီအိုအေသို့ ပြောသည်။

"ညနေပိုင်းက တိုင်းတရားရုံးမှာ အစိုးရဘက်ကလည်း လာပါတယ်။ ကျနော်တို့ဘက်က ကျနော်ပဲ လျှောက်လဲချက်ပေးပါတယ်။ လျှောက်လဲချက် ပေးပြီးတော့ တိုင်းတရားရုံးကတော့ ဒီပြင်ဆင်မှုနဲ့ ပတ်သက်ပြီးတော့ (၉) ရက်နေ့ (၃) နာရီမှာ အမိန့်ချမယ်၊ ရက်ချိန်းပေးလိုက်ပါတယ်" ဟု ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် ဘက်မှ ခုခံထွက်ဆိုပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) ပါတီမှ ဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူး ဦးဝင်းတင်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့မှ တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မိုးမိုးနှင့် ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်းတို့အား သက်သေများအဖြစ် တင်သွင်းထားခဲ့သော်လည်း ဦးကြည်ဝင်းတယောက်တည်းကိုသာ ခွင့်ပြုခဲ့ပြီး ကျန်သုံးဦးအား ပယ်ချထားခဲ့သည်။

"အဓိက ပြောချင်တာက ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားတဲ့ ဥပဒေမှာ အရေးကြီးတဲ့အချက်တွေရှိတယ်။ အဲဒီ အရေးကြီးတဲ့ အချက်တွေဟာ ဒေါ်အောင်ဆန်းစုကြည်လို ပုဂ္ဂိုလ်မျိုးအနေနဲ့ ဖြစ်နိုင် မဖြစ်နိုင်ဆိုတဲ့ ပြဿနာတွေကို တင်မှာပါ။ အဲဒီ ထိန်းသိမ်းတဲ့ ဥပဒေထဲမှာပါတဲ့ နိုင်ငံတော် အေးချမ်းသာယာရေး အများပြည်သူအေးချမ်းသာယာရေးကို နှောင့်ယှက်နေတဲ့သူလား။ သူ့ရဲ့နိုင်ငံရေးယုံကြည်ချက်၊ နိုင်ငံရေးခံယူချက်နဲ့ ဘယ်လောက်ငြိလဲ။ မငြိဘူးလား၊ ဒါကို ကျနော်တို့ မီးမောင်းထိုးပြချင်တာပါ" ဟု ပြောခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက် အမှတ် ၁၅/ ၀၅/ ၀၉ ထုတ်ပြန်ခဲ့ရာတွင် ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုထားသောအမှုနှင့်စပ်လျှဉ်း၍ အမှု မစစ်ဆေးမီ ရှေ့နေများနှင့် ညှိနှိုင်းဆွေးနွေးရန် လုံလောက်သောအချိန်ကို အာဏာပိုင်များက မပေးခဲ့ကြောင်းနှင့် တရားရုံးမှ တရားစွဲသူ တရားလိုအတွက် တရားလိုပြသက်သေ (၁၅) ဦးကို စစ်ဆေးခွင့်ပေးခဲ့ပြီး စွပ်စွဲခံရသူအတွက် သက်သေ (၁) ဦးကိုသာ စစ်ဆေးခွင့်ပြုခြင်းသည် တရားမျှတမှုလုံးဝကင်းမဲ့နေကြောင်းနှင့် စွပ်စွဲခံရသူများ အနေနှင့် ခုခံချေပခွင့် အပြည့်အဝမရခြင်းပင်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပုဒ် ၁၁ (၁) တွင်ပါရှိသော အမှုကို ကြားနာစစ်ဆေးရာဝယ် စွပ်စွဲခံရသည့် ပြစ်မှုအတွက် ခုခံချေပနိုင်ရန် လိုအပ်သော အခွင့်အရေးများကို ထိုသူအား ပေးပြီးဖြစ်စေရမည်ဟူသော အချက်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေ အမှတ် ၅/ ၂၀၀၀ ဖြစ်သည့် □၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ၏ တရားစီရင်ရေးဆိုင်ရာမူအဖြစ် ပုဒ်မ ၂ (စ) တွင်ပါရှိသော အမှုတွင် ခုခံချေပခွင့်ပေးခြင်းဟူသော အချက်တို့ကို ချိုးဖောက်နေကြောင်းတို့ကိုလည်း ဖော်ပြထားသည်။

တရားခွင်တွင် လျှောက်လဲချက်များ တင်ရန် သတ်မှတ်ရက်များ ရွှေ့ဆိုင်းရခြင်းသည် ယခုအခါ တတိယအကြိမ်မြောက် ဖြစ်ကြောင်းလည်း သိရသည်။

ရန်ကုန်တိုင်းတရားရုံး၌ နှစ်ဘက်ရှေ့နေများ အပြန်အလှန် လျှောက်လဲချိန်တွင် အင်းစိန်ထောင်တွင်း တရားရုံးကဲ့သို့ တံခါးပိတ်ကြားနာခြင်းမျိုး မဟုတ်သောကြောင့် လာရောက်နားထောင်သူ အများအပြားရှိခဲ့ကြောင်းလည်း ဗွီအိုအေ သတင်းတွင်ဖော်ပြထားသည်။ ♦

## ဒေါ်အောင်ဆန်းစုကြည်အပေါ်ထားသော ကန့်သတ်မိန့်ရုပ်သိမ်းခြင်းသည် ပြစ်မှုအသစ်ဖြင့် တရားစီရင်ရန်ပြင်ဆင်ခြင်းဖြစ်

မေလ (၂၆) ရက်

အင်းစိန်ထောင်အတွင်းသို့ ပြောင်းရွှေ့ချုပ်နှောင်ထားသည့်အိမ်၌ ဥပဒေအကျိုးဆောင်နှစ်ဦး၏ရှေ့မှောက်တွင် ဒေါ်အောင်ဆန်းစုကြည်အား ကန့်သတ်မိန့် ပုဒ်မ ၁၀ (ခ) အား ပယ်ဖျက်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက လာရောက်အကြောင်းကြားခဲ့ကြောင်းသိရသည်။

တရားရုံးသို့ အမှုရင်ဆိုင်ရန် မထွက်ခွာခင် ဒေါ်အောင်ဆန်းစုကြည်အား ယာယီနေခွင့်ပြုထားသော အင်းစိန်ထောင်တွင်းရှိနေအိမ်အား လုံခြုံရေးအပြည့်ချပြီးနောက် ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းတို့ ရောက်လာကာ ရဲမှူးချုပ်မြင့်သိန်းက ဖတ်ပြခဲ့ကြောင်း အဲန်အယ်လ်ဒီပြောခွင့်ရ ဦးဉာဏ်ဝင်းက ပြောသည်။

အဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) ၏ ပြောခွင့်ရတဦးဖြစ်သော ဒေါက်တာဝင်းနိုင်က ၁၀ (ခ)သည် အခြားပြစ်မှုတခုခုနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်အား ဖမ်းဆီးတရားစွဲမည်ဆိုပါက ပုဒ်မ ၄၃ အရ အလိုအလျောက်ပယ်ဖျက်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၁၀ (ခ) ကို ပယ်ဖျက်ကြောင်း အကြောင်းကြားခြင်းသည် ဒေါ်အောင်ဆန်းစုကြည်အား တနည်းမဟုတ်တနည်းနှင့် အပြစ်ပေးရန် စတင်နေခြင်းဟု ယူဆ၍ရကြောင်း ဗွီအိုအေသို့ပြောခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အား စွဲဆိုသောပြစ်မှုမှာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးရန်မှ တားဆီးကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ (၂၂) ဟူ၍ဖြစ်ပြီး အတူနေ ပါတီဝင်နှစ်ဦးဖြစ်သူ ဒေါ်ခင်ခင်ဝင်းနှင့် သမီးဖြစ်သူ ဒေါ်ဝင်းမမတို့အားလည်းကောင်း၊ အမေရိကန်နိုင်ငံသား မစ္စတာ ဂျွန်ဝီလီယမ် ယက်ထောအားလည်းကောင်း စွဲဆိုသောပြစ်မှုမှာ အားပေးကူညီမှု ပုဒ်မ ၂၂/ပြစ်မှု ပုဒ်မ ၁၀၉ ဖြစ်သည်။

မစ္စတာ ယက်ထောအား လူဝင်မှု လတ်တလော ပြဋ္ဌာန်းချက် အက်ဥပဒေ ပုဒ်မ ၁၃ (၁) ပြစ်မှုကြီး အမှုအမှတ် ၄၈/ ၂၀၀၉ အရလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအက်ဥပဒေပုဒ်မ ၂၈ ပြစ်မှုကြီးအမှုအမှတ် ၄၉/ ၂၀၀၉ အရလည်းကောင်း သီးခြား (၂) မှုဖြင့် ထပ်မံစွဲဆိုထားသေးသည်။

ဒေါ်အောင်ဆန်းစုကြည်က မိမိတွင်အပြစ်မရှိကြောင်း ပြန်လည်ချေပသော မေလ (၂၆) ရက်တွင် နေ့စဉ်လာရောက်နေခဲ့သော အဲန်အယ်လ်ဒီ အတွင်းရေးမှူး ဦးဝင်းတင်အပြင် တိုင်းရင်းသား ခေါင်းဆောင်များဖြစ်ကြသော ဇိုမီးအမျိုးသား ကွန်ဂရက်မှ ပူကျင့်ရှင်းထန်၊ ရခိုင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအေးသာအောင်တို့လည်း လာရောက်ခဲ့ကြကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ချေပချက်ထွက်ပေါ်မလာခင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ရဲမှူးချုပ်မြင့်သိန်းက ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထားရမည့်အချိန်ထက် ပိုမိုစောပြီး လွှတ်ပေးရန် အစီအစဉ်ရှိခဲ့ပြီးဖြစ်သော်လည်း ဒေါ်အောင်ဆန်းစုကြည်က ဥပဒေထက် ကျော်လွန်လုပ်ဆောင်မှုများကြောင့် ယခုကဲ့သို့ ဖမ်းဆီးထိန်းသိမ်းရခြင်းဖြစ်ကြောင်း တို့ကို ခုခံပြောဆိုခဲ့ကြောင်း ထိုပွဲသို့ တက်ရောက်ခဲ့သော စာနယ်ဇင်းသမားများက ပြောကြောင်း ဗွီအိုအေတွင် ရေးသားဖော်ပြထားသည်။

♦

# တရားရုံးတွင် မေးမြန်းသည်တို့ကို ဒေါ်အောင်ဆန်းစုကြည်နှင့် အတူနေသူ ဗဟိုအမျိုးသမီးအဖွဲ့ဝင် ဒေါ်ခင်ခင်ဝင်းနှင့် ပါတီဝင် မဝင်းမမတို့၏ ဖြေကြားချက်များ

မေလ (၂၇) ရက်တွင်အမှုစစ်သည့် အဋ္ဌမနေ့အဖြစ် မြောက်ပိုင်းခရိုင်တရားရုံးတွင် ဆက်လက်စစ်ဆေးရာ အမှုကြီးအမှတ် ၄၇/ ၂၀၀၉ အရ ဒေါ်ခင်ခင်ဝင်းအား တရားရုံးမှ အောက်ပါအတိုင်း စစ်မေးခဲ့သည်။

*မေး။ ဒေါ်ခင်ခင်ဝင်းသည် ရုံးရှေ့ရှိ ဒေါ်အောင်ဆန်းစုကြည်၏အိမ်တွင် ၎င်းနှင့်အတူနေထိုင်သည်မှာ ဘယ်လောက်ကြာခဲ့ပြီလဲ။*

ဖြေ။ (၆)နှစ်ကြာခဲ့ပြီဖြစ်ပါသည်။

*မေး။ ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏နေအိမ်ခြံဝင်းကိုကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တာဆီးမိန့်များ ထုတ်ပြန်ထားတာ မှန်ပါသလား။*

ဖြေ။ အဲဒီကိစ္စ ကျွန်မ မသိပါ။ မထွက်ရတာကိုဘဲ သိပါသည်။

*မေး။ ဒေါ်ခင်ခင်ဝင်းတို့အနေဖြင့် ပြင်ပသို့ မထွက်ရဘဲ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း ၎င်းကဲ့သို့ပင် နေထိုင်ရပါသလား။*

ဖြေ။ ကျွန်မထွက်ချင်လျှင် ထွက်လို့ရသည်ဟု ပြောပါသည်။

*မေး။ နေထိုင်ခဲ့သည် (၆)နှစ်ကာလအတွင်း မိမိသဘောနှင့် ဘယ်နှစ်ကြိမ်ထွက်ဖူးပါသလဲ။*

ဖြေ။ ကျွန်မသဘောနှင့် ကျွန်မတော့ မထွက်ပါ။ သတင်းပို့၍ ယဉ်ကျေးမှုအရ အသိပေးပြီး ထွက်ပါသည်။

*မေး။ ဒေါ်အောင်ဆန်းစုကြည်၏အိမ်သို့ ၂၀၀၈ ခုနှစ် နိုဝင်ဘာ(၃၀) ရက်ညက မည်ကဲ့သို့အချက်ပေးပြီး ဂျွန်ယက်တော ဝင်ရောက်လာပါသလဲ။*

ဖြေ။ ကျွန်မ အိမ်ထဲမှ လှမ်းမြင်ခြင်းသာဖြစ်ပါသည်။ မှောင်နေ၍မည်သူမှန်း မသိပါ။

*မေး။ မစ္စတာဂျွန်ယက်တောသည် မည်သည့်ပစ္စည်းကို ဒေါ်ခင်ခင်ဝင်းတို့အိမ်ထားခဲ့ပါသလဲ။*

ဖြေ။ ကျွန်မ ချက်ချင်းတော့မသိပါ။ ရက်တော်တော်ကြာမှ သန့်ရှင်းရေးလုပ်ရင်းတွေ့ခြင်း ဖြစ်ပါသည်။

*မေး။ ဒေါ်ခင်ခင်ဝင်းတို့နေသည့်အိမ်ကို မေ ၃ ရက်ညဘယ်အချိန် မစ္စတာယက်တော ရောက်ရှိပါသလဲ။*

ဖြေ။ မေ ၄ ရက်နံနက် ၃ နာရီခွဲ အချိန်ခန့်တွင် လူတယောက်ငြီးသံကြားပါတယ်။

*မေး။ မစ္စတာယက်တောသည် မည်ကဲ့သို့သောနည်းဖြင့် ဆက်သွယ်ပြီး ဒေါ်ခင်ခင်ဝင်းတို့ နေထိုင်သည့်အိမ်အတွင်း ဝင်ရောက်လာပါသလဲ။*

ဖြေ။ အပြင်တွင်လူတယောက် တုံးလုံးကြီးလဲနေ၍ အစ်မထံ ကျမသတင်းပေးပါသည်။ မိုးလင်းသည့်အခါမှ အိမ်ထဲသို့ ဝင်ခွင့်ပြုပြီး ခိုလှုံခွင့်ပေးခြင်း ဖြစ်ပါသည်။

*မေး။ မစ္စတာယက်တောသည် ဘယ် နှစ်ရက် ဒေါ်ခင်ခင်ဝင်းတို့အိမ်မှာ နေထိုင်သွားပါသလဲ။*

ဖြေ။ မေ (၅) ရက်ည ၁၂ နာရီ မထိုးမီ ပြန်သွားခြင်းဖြစ်သည်။

*မေး။ ဒေါ်ခင်ခင်ဝင်းတို့နေအိမ်မှ ပြန်ထွက်သွားသူ ဂျွန်ယက်တောသည် ဘယ်လမ်းကနေ ပြန်သွားပါသလဲ။*

ဖြေ။ ကန်ဘက်ကိုသွားသည်ကိုသာ မြင်လိုက်ပါသည်။ ဘယ်လမ်းကနေ ပြန်သည်ကိုတော့ ကျွန်မ မသိပါ။

*မေး။ ဒေါ်ခင်ခင်ဝင်းတို့အနေဖြင့် နေထိုင်၊ စားသောက်၊ စကားပြောဆိုရန် ယက်တောအား မည်ကဲ့သို့စီစဉ်ပေးပါသလဲ။*

ဖြေ။ ကျွန်မ အင်္ဂလိပ်စကားမတတ်ပါ။ စကားပြောစရာလည်းမရှိပါ။ အစားအစာကိုတော့ အစ်မကပြောလျှင် သွား၍ချပေးပါသည်။ နေထိုင်စရာနှင့် အိပ်ဖို့နေရာကိုတော့ ကျွန်မတို့ကဘဲ စီစဉ်နေရာချပေးပါသည်။

*မေး။ မစ္စတာယက်တော၏ သမီးက ပေးလိုက်တယ်ဆိုသည့်စာတွေကို ဒေါ်အောင်ဆန်းစုကြည်အား ဒေါ်ခင်ခင်ဝင်းမှတဆင့် ပေးခဲ့ပါသလား။*

ဖြေ။ မဟုတ်ပါ။

*မေး။ မည်ကဲ့သို့ အဆိုပါစာများကို ပေးခဲ့ပါသလဲ။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ ယက်တောသည် မည်သည့်ပစ္စည်းများကို ဒေါ်ခင်ခင်ဝင်းတို့အိမ် ထားခဲ့ပါသလဲ။*

ဖြေ။ ထားပစ်ခဲ့သောပစ္စည်းများမဟုတ်ပါ။ ကျန်ရစ်ခဲ့သောပစ္စည်းများကို ရဲထံပေးအပ်လိုက်ပါသည်။

*မေး။ ယက်တောက နောက်ထပ်လာဦးမည်လို့ ပြောသွားပါသလား။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အိမ်အတွင်းသို့ ဝင်ရောက်ရန် အတွင်းမှ တံခါးဖွင့်မပေးဘဲ ဝင်ရောက်နိုင်ပါသလား။*

ဖြေ။ တံခါးဖွင့်ပေးမှသာ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

*မေး။ ဒေါ်ခင်ခင်ဝင်းသည် အငြိမ်းစား အလယ်တန်းပြဆရာမတယောက် ဖြစ်တယ်ဆိုတာ ဟုတ်ပါသလား။*

ဖြေ။ မဟုတ်ပါ။ အငြိမ်းစားမူလတန်းပြကျောင်းဆရာမဖြစ်ပါသည်။

*မေး။ ဒေါ်ခင်ခင်ဝင်းကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် သက်ဆိုင်ရာတာဝန်ရှိသူထံ ဆက်သွယ်သတင်းပို့ဆောင်ရွက်ပေးရသူဖြစ်သည်ဆိုတာ ဟုတ်ပါသလား။*

ဖြေ။ ဟုတ်ပါသည်။

*မေး။ ယက်တော ဒုတိယအကြိမ် လာရောက်ခြင်းသည် ပထမအကြိမ်ကပင် အဆက်အသွယ်ရှိခဲ့ပြီးဖြစ်၍ လာရောက်ခြင်းဖြစ်သည်မဟုတ်လား။*

ဖြေ။ မစ္စတာဘယက်တောကို ပထမ တခေါက်က မသိပါ။ ဒုတိယအခေါက်ရောက်မှသာ အရင်တခါလာသူဆိုတာကို သိရခြင်းဖြစ်ပါသည်။

ယင်းနောက် မဝင်းမမ (ခ) အငယ်လေးက တရားရုံး၏ မေးမြန်းသည့် မေးခွန်းများကို အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသည်။

*မေး။ မဝင်းမမ (ခ) အငယ်လေးသည် ရုံးရှေ့ရှိ ဒေါ်အောင်ဆန်းစုကြည်၏အိမ်တွင် ၎င်းနှင့်အတူ အမြဲတစေ နေထိုင်ပါသလား။*

ဖြေ။ နေထိုင်သည်မှာ (၄) နှစ်ရှိပြီဖြစ်ပါသည်။

*မေး။ ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏နေအိမ်ခြံဝင်းကို ကန့်သတ်မိန့်၊ တားဆီးမိန့်၊ ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ထားတာ မှန်ပါသလား။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ နေထိုင်ခဲ့သည့်ကာလအတွင်း မိမိသဘောနှင့် ဘယ်နှစ်ကြိမ်ထွက်ခဲ့ဖူးပါသလဲ။*

ဖြေ။ မထွက်ခဲ့ဖူးပါ။

*မေး။ ဒေါ်အောင်ဆန်းစုကြည်၏အိမ်သို့ ၂၀၀၈ ခုနှစ်နိုဝင်ဘာလ (၃၀)ရက်ညက မည်ကဲ့သို့အချက်ပေးပြီး မစ္စတာယက်တော ဝင်ရောက်လာခဲ့ပါသလဲ။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ မစ္စတာယက်တောသည် မည်သည့်ပစ္စည်းကို မဝင်းမမ (ခ) အငယ်လေးတို့နေထိုင်သည့်အိမ်မှာ ထားခဲ့ပါသလဲ။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ မဝင်းမမ (ခ) အငယ်လေးတို့ နေသည့်အိမ်ကို မေ ၃ ရက်ည ဘယ်အချိန် မစ္စတာယက်တော ရောက်ရှိလာပါသလဲ။*

ဖြေ။ နံနက်အစောပိုင်းတွင် ငြီးသံကြား၍ အပြင်သို့ အထွက်ပါ။ မိုးလင်းမှသာ မစ္စတာယက်တော အိမ်ထဲသို့ရောက်ရှိလာခြင်း ဖြစ်ပါသည်။

*မေး။ မဝင်းမမ (ခ) အငယ်လေးတို့ အနေဖြင့် မည်သည့်အကြောင်းကြောင့် မစ္စတာယက်တောအား ဝင်ခွင့်ပြုခဲ့ပါသလဲ။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ မစ္စတာဂျွန်ယက်တောသည် ဘယ်နှစ်ရက်ကြာသည်အထိ မဝင်းမမ (ခ) အငယ်လေးတို့အိမ်တွင် နေထိုင်သွားပါသလဲ။*

ဖြေ။ မေ (၅)ရက် ည (၁၂)နာရီဝန်းကျင်ခန့်တွင် ပြန်သွားပါသည်။

*မေး။ မစ္စတာယက်တောသည် မည်သည့်လမ်းကနေ ပြန်သွားပါသလဲ။*

ဖြေ။ ကန်ဘက်ကိုဘဲသွားတာသိပါသည်။ ဘယ်လမ်းကပြန်သွားသည်ကိုတော့ မသိပါ။

*မေး။ မစ္စတာယက်တော စားသောက် နေထိုင်နိုင်ရန်အတွက် မဝင်းမမ (ခ) အငယ်လေးတို့က မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးရပါသလဲ။*

ဖြေ။ ထမင်းကျွေးချိန်တန်လျှင် ကျွေးပါသည်။ နေထိုင်စရာပေးသည်ကိုတော့ လူကြီးတွေ စီစဉ်တာဖြစ်၍ ကျွန်မ မသိပါ။

*မေး။ မစ္စတာယက်တောသည် ၎င်း၏ သမီးကပေးလိုက်သည်ဆိုသည့် စာတွေကို မဝင်းမမ(ခ)အငယ်လေးကနေ တဆင့် ဒေါ်အောင်ဆန်းစုကြည်အား ပေးခဲ့ပါသလား။*

ဖြေ။ ကျွန်မ မသိပါ။ ရဲကလာသိမ်းသည့်အခါမှ ကျွန်မထုတ်ပေးလိုက်ပါသည်။

*မေး။ မစ္စတာယက်တောသည် မည်သည့်ပစ္စည်းများကို မဝင်းမမ (ခ)အငယ်လေးတို့အိမ်တွင် ထားခဲ့ပါသလဲ။*

ဖြေ။ ထားပစ်ခဲ့ခြင်းမဟုတ်ပါ။ ကျန်ရစ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

*မေး။ မစ္စယက်တောက နောက်ထပ်လာဦးမည်လို့ ဒေါ်အောင်ဆန်းစုကြည်အား ပြောသွားပါသေးသလား။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ မဝင်းမမ(ခ)အငယ်လေးအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံ ဆက်သွယ်သတင်းပို့ဆောင်ရွက်ပေးရသူဖြစ်ပါသလား။*

ဖြေ။ ထိုသို့ဆောင်ရွက်ပေးရခြင်းမရှိပါ။

*မေး။ မစ္စတာယက်တောသည် ဒုတိယအကြိမ် လာရောက်ခြင်းမှာ ပထမအကြိမ်ကပင် အဆက်အသွယ်ရှိခဲ့ပြီးဖြစ်၍ လာရောက်ခြင်းဖြစ်သည်ဆိုလျှင်။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ မစ္စတာယက်တောသည် နောက်တကြိမ်လာရောက်ရန်အတွက် ၎င်း၏ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများကို ဒေါ်အောင်ဆန်းစုကြည်၏အိမ်တွင် ထားခဲ့ပါသလား။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ မဝင်းမမ (ခ) အငယ်လေးတို့ အနေဖြင့် နေအိမ်အတွင်း ဓာတ်ပုံရိုက်ခြင်း။ စကားပြော မှတ်တမ်းတင်ခြင်းတို့ကို မစ္စတာ ယက်တောပြုလုပ်ခြင်းကို တားဆီးခဲ့ပါသလား။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ မဝင်းမမ(ခ) အငယ်လေးနှင့် မိခင်ဖြစ်သူ ဒေါ်ခင်ခင်ဝင်းတို့၏ ပံ့ပိုးကူညီမှုများ မရရှိခဲ့ပါက ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် နိုင်ငံခြားသားတစ်ဦးအား နေအိမ်တွင် လက်ခံနိုင်မည်လော။*

ဖြေ။ ကျွန်မ မသိပါ။

*မေး။ မဝင်းမမ (ခ)အငယ်လေးတို့ အနေဖြင့် နေအိမ်သို့ရောက်ရှိလာသူ မစ္စတာယက်တောအား နေရာချပေးခြင်း။ စားသောက်စရာပေးခြင်းများကိုရော ပြုလုပ်ခဲ့ရပါသလား။*

ဖြေ။ အန်တီဒေါ်အောင်ဆန်းစုကြည် ခိုင်းသည့်အတိုင်း ဆောင်ရွက်ပေးရပါသည်။

ထို့နောက် မစ္စတာယက်တောအား ဆက်လက်စစ်ဆေးရာ မစ္စတာယက်တောမှ ရုံးရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုပြီး ကိုယ်တိုင်သက်သေအဖြစ် အစစ်ခံရာတွင် ပထမအကြိမ်ဝင်ရောက်ခဲ့စဉ်က ည ၁၁ နာရီခန့်ဖြစ်ကြောင်း၊ ရေမြောင်းထဲမှ ဖြတ်လျှောက်၍ အင်းယားကန်စောင်းမှ တဆင့် ခြံစည်းရိုးကိုကျော်၍ဝင်ခဲ့ကြောင်း ခြံဝင်းအတွင်းသို့သာ ဝင်ရောက်ခဲ့ပြီး နောက်ဖေးဘက်တွင် Book of Mormon စာအုပ်ကို ထားခဲ့ကြောင်း၊ ဒုတိယအကြိမ်အဖြစ် မေ ၃ရက် နံနက် ၄ နာရီခန့်တွင် နေအိမ်ဝင်းအတွင်းရောက်ရှိခဲ့ကြောင်း ခြေထောက်နှစ်ဖက်စလုံး ကြွက်တက်နေပြီး နွမ်းနယ်နေ၍ နေအိမ်နောက်ဖေးပေါက်အနီးတွင် လဲလျောင်းနေကြောင်း၊ နောက်ဖေးတံခါးကို သော့ခတ်ထားခြင်းမရှိ၍ အလွယ်တကူ ဝင်ရောက်နိုင်ခဲ့ကြောင်း၊ မေ (၃) ရက် ညမှစ၍ နေထိုင်ခဲ့ပြီး မေ(၅)ရက် သန်းကောင်အချိန်ခန့်တွင် ပြန်ထွက်ခဲ့ကြောင်း၊ နေအိမ်တွင်းရှိနေစဉ် ဓာတ်ပုံများ၊ ဗွီဒယို မှတ်တမ်းများ၊ ရိုက်ကူးခဲ့သည်ကို ဒေါ်အောင်ဆန်းစုကြည် လုံးဝသိရှိခြင်း မရှိကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ကလည်း လုံးဝမသိရှိကြောင်း၊ မိမိ ပြန်ထွက်စဉ် မှောင်နေ၍ မိမိပစ္စည်းများ မေ့လျော့ကျန်နေခဲ့ခြင်းသာဖြစ်ကြောင်း၊ ထို့ပြင် ၎င်းမှာ စစ်မှုထမ်းဟောင်းတဦး ဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည် နေအိမ်တွင်နေစဉ် ထမင်းကြော်နှင့် ရေသန့်ဘူးများ ပေးကြောင်းတို့ကို ထွက်ဆိုသွားသည်။

ထို့နောက် အမှုအား မေလ (၂၈) ရက်သို့ ချိန်းဆိုလိုက်သည်။

အမှုအား နဝမ မြောက်နေ့အဖြစ် မေလ(၂၈) ရက်နေ့တွင် မြောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/ ၂၀၀၉ မှ တရားခံပြ သက်သေ ဦးကြည်ဝင်းအား နံနက်(၁၀)နာရီတွင် စတင်စစ်ဆေးသည်။

ဦးကြည်ဝင်းမှ သက်သေခံ (ခ–၁) ဆက်လက်တားဆီးမိန့် အပိုဒ် (ခ)တွင် (အခြားသို့စာဖြင့် ဆက်သွယ်ခြင်းမပြုရ) ဆိုသောစကားရပ်အား အခြားသို့ မဆက်သွယ်ရဟူ၍ မိမိသဘောပေါက်ကြောင်း၊ အခြားက ဆက်သွယ်လာခြင်းနှင့် သက်ဆိုင်မည်မဟုတ်ကြောင်း၊ ထိုသို့ မိမိပြောရခြင်းမှာ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပါယ်ဖွင့်ဆိုရေး ဥပဒေ အခန်း(၂) ပုဒ်မ ၃ (က) တွင် (ပြဋ္ဌာန်းချက် အရပ်ရပ်တွင်ပါဝင်သော စကားရပ်များသည် သာမန်နေ့စဉ်သုံး အနက်အဓိပ္ပါယ်အတိုင်း ဆောင်ရွက်ရမည်) ဟု ဖော်ပြထားသဖြင့် ပြောရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၇၅ ခုနှစ်ဥပဒေသည် သက်ဝင် ထင်ရှားမရှိတော့ဟု မိမိအနေနှင့် ထွက်ဆိုတင်ပြရခြင်းဖြစ်ကြောင်း ယက်တောသည် တားဆီးထားသည့်အိမ်သို့ နှစ်ကြိမ်တိုင်တိုင်ဝင်ရောက်ခဲ့သဖြင့် လုံခြုံရေးမှ ခွင့်ပြုလျှင်လည်း ၎င်းတို့ပါဥပဒေချိုးဖောက်သည်ဟုယူဆရကြောင်း၊ ယင်းကိစ္စကို အရေးမယူပါက တရားဝင်ဖြစ်သွားမည်၊ အပြစ်မရှိတော့ဟု ယူဆရမည်ဖြစ်ကြောင်း၊ အဝင်ခံသည့်အိမ်ရှင်အနေဖြင့် တရားဝင်ဖြစ်သွားမည်ဖြစ်ကြောင်း ထွက်ဆိုသည်။

ထို့နောက် ဂျွန်ယက်တော၏ ရှေ့နေ ဦးခင်မောင်ဦးအား ဦးကြည်ဝင်းမှ

**စာမျက်နှာ(၁၅)ကော်လံ(၁)သို့ ...**

စာမျက်နှာ(၁၄)မှ အဆက် ...

ပြန်လှန်မေးရာတွင် ယက်တောသည် တားဆီးခံထားရသည့်အိမ်တွင်းသို့ ည အချိန်ဝင်လျှင် ဥပဒေပုဒ်မ ၄၅၁/၄၅၂ အရ အရေး ယူနိုင်မည်ဖြစ်ကြောင်း၊ ထိုအိမ်တွင်းသို့ ပုန်းလျှိုးကျော်နင်းမှုပြုလုပ်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၆ အရသာ အရေးယူနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းထွက်ဆိုသည်။

♦

## ဒေါ်အောင်ဆန်းစုကြည်အား ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆု မွေးနေ့တွင်ချီးမြှင့်



**ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်လွှတ်တော်အမတ်များသမဂ္ဂအဖွဲ့မှ ဆုချီးမြှင့်ခြင်း အခမ်းအနား**

ဒေါ်အောင်ဆန်းစုကြည်၏ ၆၄ နှစ်မြောက်မွေးနေ့ဖြစ်သည့် ဇွန်လ (၁၉) ရက်နေ့တွင် မြန်မာ့ဒီမိုကရေစီအရေးအား ထောက်ခံအားပေးသည့် ဂျပန်လွှတ်တော်အမတ်များသမဂ္ဂအဖွဲ့ GIREN မှ ဒေါ်အောင်ဆန်းစုကြည်အား ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆုကို ချီးမြှင့်လိုက်သည်။

ထိုဆုအား မြန်မာ့ဒီမိုကရေစီအရေးထောက်ခံအားပေးသည့် လွှတ်တော်အမတ်များအဖွဲ့၏ ဥက္ကဋ္ဌ တာဒါမိုရိ အိုရှီးမားမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ– ဂျပန်ဌာနခွဲ)၏ ဥက္ကဋ္ဌ ဦးသန့်ဇင်ဦး အားပေးအပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာ့ဒီမိုကရေစီအရေးအား ပိုမိုထိရောက်စေရန်နှင့် ဝိုင်းဝန်းကူညီပေးနိုင်ရန်အတွက် ကျိုးစား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တာဒါမိုရိ အိုရှီးမားမှ ကတိပြု ပြောကြားသွားသည်။



**တိုကျိုမြို့ မြန်မာသံရုံးရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး တောင်းဆိုဆန္ဒပြနေစဉ်**

ထိုအခမ်းအနားအပြီးတွင် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူများသည် တိုကျိုမြို့ မြန်မာသံရုံးနှင့် ကုလသမဂ္ဂရုံးရှေ့တို့တွင် သွားရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ဆုတောင်းပွဲ ပြုလုပ်ကြပြီး ဒေါ်အောင်ဆန်းစုကြည် အမှုအား အမြန်ရပ်ဆိုင်းရန်နှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်လွှတ်ပေးရန် တောင်းဆိုခဲ့ကြောင်းလည်း သိရှိရသည်။ ♦

## jrefmAdkvf}uD;rsm; &Sufwwf&if




**"ရွှေဂုံတိုင်ကြေညာချက်ဆိုတာ ဗိုလ်ချုပ်ကြီးများကို နိုင်ငံရေးအရ ထွက်ပေါက်ပေးခြင်းဖြစ်ပါတယ်။"**

နဝတ (နအဖ) စစ်အာဏာရှင်စနစ် အုပ်စိုးခဲ့တာ (၂၁) နှစ်ရှိခဲ့ပါပြီ။ အာဏာသိမ်းစဉ်က ကတိပေးခဲ့တဲ့ ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်တို့ဟာ ဒီကနေ့အထိ ဘာတခုမှ အကောင်အထည်ဖော်နိုင်စွမ်းမရှိသေးပါ။ တရားမျှတမှုရှိတဲ့ (၉၀) ခုနှစ်ရွေးကောက်ပွဲတုန်းက အနိုင်ရခဲ့တဲ့အမတ်မင်းများဟာလည်း ထောင်ထဲသွင်းခံရသူခံရ၊ တောတောင်တွေဆီ မောင်းထုတ်ခံလိုက်ရတဲ့သူတွေလဲ ရှိခဲ့ပါတယ်။ ရွေးကောက်ပွဲပြီးစမှာ လွှတ်တော်ခေါ်ပေးခဲ့ရင် အဝေးရောက်အစိုးရဆိုတာလည်း ပေါ်ပေါက်စရာမလိုခဲ့။ နိုင်ငံသူ၊ နိုင်ငံသား သိန်းသန်းတို့ဟာလည်း ပြည်ပနိုင်ငံတွေဆီ ရောက်သွားစရာ အကြောင်းမရှိကြပါ။

မဆလ တပါတီအာဏာရှင်စနစ်ကို မကျေနပ်ကြလို့ ရှစ်လေးလုံးအရေးတော်ပုံ ပေါ်ပေါက်ခဲ့သော်လည်း ပြည်သူတို့ဟာ ဒီကနေ့အထိ သူတို့ လိုလားခဲ့တဲ့ ဒီမိုကရေစီအစိုးရကို မတွေ့မြင်ကြရသေးပါ။

(၂၁) နှစ်အုပ်စိုးနေတဲ့ စစ်အစိုးရက လမ်းညွှန်မြေပုံအတိုင်း စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နေပါတယ်လို့ ကြွေးကြော်နေဆဲဖြစ်ပါတယ်။

ရှက်တတ်ကြရင် စစ်ဗိုလ်ချုပ်ကြီးများ အောက်ပါမေးခွန်းများကို ဖြေဆိုကြည့်ကြပါ။

(၁) အာဏာသိမ်းပြီးနောက် နိုင်ငံရေး ပါတီတွေ ထူထောင်ခွင့်ပေးခဲ့တယ်။ ၁၉၈၉ ခုနှစ် ဧပြီလက စတင်ပြီး ကျောင်းသားခေါင်းဆောင်တွေကို စတင်ဖမ်းဆီးခဲ့တယ်။ ဇူလိုင်၊ ဩဂုတ်လတွေမှာ နိုင်ငံရေးသမားတွေကို ဆက်တိုက်ဖမ်းဆီးခဲ့တယ်။ (၉၀) ခုနှစ် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးသမားတွေ ထောင်ချီ အဖမ်းခံခဲ့ရပါတယ်။ ပြည်သူတွေအများစု ထောက်ခံမှုရရှိနေတဲ့ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦးနဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ပါ အဖမ်းခံခဲ့ရတယ်။ ပါတီစုံစနစ်ဆိုတာ လူဖမ်းပွဲကျင်းပနေတာ မဟုတ်ဘူးလား? နှစ်ပေါင်း (၂၀) အတွင်းမှာ သောင်းချီရှိတဲ့ နိုင်ငံရေးသမားတွေကို ထောင်သွင်းအကျဉ်းချခဲ့တာ ဘယ်တုန်းက ဝန်ခံခဲ့ဘူးပါသလဲ? အလွန်ရှက်စရာကောင်းတဲ့ နိုင်ငံရေးကိစ္စကြီးမဟုတ်ပါလား?

(၂) တောတွင်းလက်နက်ကိုင်အင်အားစုဒေသတွေကို စစ်ဆင်ရေးဆင်နွှဲရာမှာ အခမဲ့ ပေါ်တာအလုပ်သမားတွေကို အသုံးပြုခဲ့တယ်မဟုတ်လား? ရောက်ရာဒေသတွေမှာ လူမျိုးစုပြည်သူတွေကို ဗမာ့ တပ်မတော်က လုယက်၊ သတ်ဖြတ်၊ မုဒိန်းမှုတွေကို ကျူးလွန်နေတာမဟုတ်ပါလား? ထောင်ပေါင်းများစွာရှိတဲ့ ကျေးရွာတွေ မီးရှို့ပြီး ရွာသူရွာသားတွေ အိမ်နီးချင်းနိုင်ငံတွေဆီ မောင်းထုတ်နေဆဲ မဟုတ်ပါလား?

(၃) အရွယ်မရောက်သေးတဲ့ အလယ်တန်း၊ အထက်တန်းကျောင်းသားတွေကို တပ်ရင်းမှူးတွေကိုယ်တိုင် အကြပ်တပ်သားတွေကို ဆုကြေးငွေတွေပေးပြီး အတင်းအကြပ် တပ်ထဲသွင်းစေခိုင်းနေတာ မဟုတ်လား? ကမ္ဘာကျော်အရေးကိစ္စ မဟုတ်လား?

(၄) နယ်စပ်မျဉ်းကြောင်းတလျှောက်မှာ ခိုအောင်းနေကြတဲ့ ဘိန်းမှောင်ခို၊ သောင်းကျန်းသူအဖွဲ့များနဲ့ စေ့စပ်ရေးတွေ ပြုလုပ်ပြီး အပစ်အခတ်ရပ်စဲခဲ့တယ်။ ဒေါ်လာ ငွေမဲတွေကို ငွေဖြူလုပ်ပြီး ဗိုလ်ချုပ်ကြီးများ အိတ်ကပ်ထဲရောက်ကုန်တယ် မဟုတ်လား? ၂၀၀၅ ခုနှစ်ကျမှ ငွေမဲခဝါချမှုကို ပိတ်ပင်တဲ့ ဥပဒေပြဋ္ဌာန်းခဲ့တယ် မဟုတ်လား? လောစစ်ဟန်နဲ့ ခွန်ဆာတို့ရဲ့ တပည့်နောက်လိုက်တွေ ဘဏ်သူဌေးကြီးတွေ၊ ကုမ္ပဏီပိုင်ရှင်ကြီးတွေ ဖြစ်လာခဲ့တယ် မဟုတ်ပါလား? ဒီကနေ့တိုင် ကမ္ဘာပေါ်မှာ အာဖဂန်နိုင်ငံပြီးရင် မြန်မာနိုင်ငံဟာ ဘိန်းဖြူ၊ ဘိန်းမဲ ဒုတိယ ထုတ်လုပ်နိုင်စွမ်းရှိတဲ့ ဒေသကြီးမဟုတ်ပါလား? ဗိုလ်ချုပ်ကြီးများကတော့ ရှက်ရကြောက်ရမှန်း မသိကြသေးပါ။

(၅) မြန်မာလူမျိုးတွေရဲ့ ဓလေ့ထုံးစံတွေအရ ဆရာ၊ ဆရာမတွေဟာ အနန္တဂိုဏ်းဝင်တွေဖြစ်ကြတယ်။ လုပ်အားလစာငွေနည်းလွန်းတာကြောင့် တပည့်တွေရဲ့ လည်မျိုကိုညှစ်ပြီး ကျူရှင်လခတွေ မတန်တဆ တောင်းနေကြတယ်မဟုတ်ပါလား။ ငါ့ဝမ်းပူဆာ မနေသာတဲ့ အနန္တဂိုဏ်းဝင်တွေ ဖြစ်နေကြပြီဆိုတာ ဗိုလ်ချုပ်ကြီးများ မမြင်ချင်၊ မကြားချင်ယောင်ဆောင်နေတယ်မဟုတ်လား?

(၆) မြို့ရော၊ တောပါ ဘုရားပွဲတွေ ကျင်းပပြီး လောင်းကစားဝိုင်းတွေဖွင့်နေကြတာ၊ နှစ်လုံးထီ၊ သုံးလုံးထီနဲ့ ဘောလုံးပွဲ ဒိုင်တွေ မှိုလိုပေါက်နေတာ ဗိုလ်ချုပ်ကြီးများ သိကြတယ်မဟုတ်လား? ရဲစခန်းတွေ၊ မဝတတွေ၊ ရဝတတွေ ဆက်ကြေး အမျိုးမျိုး ကောက်ခံနေကြတယ်မဟုတ်လား? ဗိုလ်ချုပ်ကြီးများ လုံးဝ စဉ်းစားပုံမရကြသေးပါ။

(၇) ထိုင်း၊ မလေး၊ စင်္ကာပူစတဲ့နိုင်ငံတွေမှာ မြန်မာနိုင်ငံက လူငယ်၊ လူလတ်တွေဟာ သန်းချီရောက်ရှိနေကြတယ်။ လုပ်အားခ အနည်းဆုံးနဲ့ စီးပွားရှာနေကြရတယ်။ ဖိနှိပ်မှု၊ အနိုင်ကျင့်မှုတွေ ခံနေကြရတယ်။ မိန်းကလေးများစွာ ပျက်စီး ကုန်ကြတယ်။ မြန်မာနိုင်ငံသားတွေ သူ့ကျွန်ဘဝရောက်နေကြတာ ဗိုလ်ချုပ်ကြီးများ သိကြပါသလား?

(၈) ရန်ကုန်၊ မန္တလေးအပါအဝင် နေ့စဉ် လျှပ်စစ်မီး (၆) နာရီတောင် မပေးနိုင်တာကြောင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေ ပျက်စီးကုန်ကြတယ်။ မီးမရတာကြောင့် ကျန်းမာရေး၊ ပညာရေးတွေ ကျဆင်းနေတာ ဗိုလ်ချုပ်ကြီးများသိပါရဲ့လား? လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အောင်မြင်နေတယ်ဆိုတာ စာနယ်ဇင်းတွေမှာ ဖတ်ရှုရတော့ ပြည်သူတွေထဲမှာ ဟာသပြက်လုံးတွေ ဖြစ်နေပါတော့တယ်။

(၉) လောင်စာဆီဈေးနှုန်းတွေ ခုန်တက်လို့ အနီးအဝေးဘတ်စ်ကားခတွေလည်း နှစ်ဆ၊ သုံးဆ မြင့်တက်လာတာ ဗိုလ်ချုပ်ကြီးများ သိကြပါသလား?

(၁၀) ၂၀၀၃ ခုနှစ် မေလ (၃၀) ရက်နေ့မှာ ဒီပဲယင်းနိုင်ငံတော်လုပ်ကြံမှုဟာ ဗိုလ်ချုပ်သန်းရွှေရဲ့ တိုက်ရိုက်အမိန့်ပေးမှုကို ဗိုလ်ချုပ်စိုးဝင်း၊ ဗိုလ်ချုပ်ဌေးဦးတို့ဦးစီးပြီး လူသတ်ပွဲကြီးကိုကျူးလွန်ကြတာလို့ ပြည်သူတွေက သိမှတ်ပြုနေကြတယ်။ နိုင်ငံတကာ တရားရုံးကြီးဆီ လုပ်ကြံမှုကြီး ရောက်နေပြီမဟုတ်ပါလား?

(၁၁) ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးမှာ ရဟန်း၊ သံဃာတော်များ အပါအဝင် ပြည်သူတွေကို ရွှေတိဂုံခြေရင်းနဲ့ ဆူးလေဘုရားပတ်ဝန်းကျင်တွေမှာ လူသတ်မှုတွေ ကျူးလွန်ခဲ့ကြတယ် မဟုတ်လား? ဗိုလ်ချုပ်သန်းရွှေ တိုက်ရိုက်အမိန့်ပေးခဲ့တာ မဟုတ်ဖူးလား? သာသနာဖျက်မင်းအဖြစ် သမိုင်းဝင်ခဲ့ပါပြီ။

အထက်ဖော်ပြပါ အကြောင်းအချက်တွေဟာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြတဲ့ ဗိုလ်ချုပ်ကြီးများ ရှက်တတ်ကြမယ်ဆိုရင် အလွန့်အလွန် ရှက်စရာကောင်းတဲ့ တိုင်းရေးပြည်ရာကိစ္စကြီးများ ဖြစ်ကြပါတယ်။ တောရောမြို့ပါ ပြည်သူတွေ နေ့စဉ်နဲ့အမျှ ခံစားရချက်များဖြစ်ပါတယ်။

နာဂစ်ဖွဲ့စည်းပုံဥပဒေကို ဆုပ်ကိုင်ထားပြီး လမ်းညွှန်မြေပုံ (၇) ချက်အတိုင်း ဆက်လက်လျှောက်လှမ်းကြမယ်ဆိုရင် မြန်မာဗိုလ်ချုပ်ကြီးများ အသူရာနက်တဲ့ချောက်ကြီးထဲ ကျရောက်တော့မှာ သေချာနေပါပြီ။

ဗိုလ်ချုပ်ကြီးများ နိုင်ငံအာဏာစွန့်လွှတ်ဖို့ အချိန်ကျရောက်နေပါပြီ။ ပြည်တွင်းရှိပြည်သူတွေပါမက ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအစိုးရများ၊ ဒီမိုကရေစီအင်အားစုများက နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့၊ စားပွဲဝိုင်းဆွေးနွေးပွဲတွေ စတင်ကြဖို့ တောင်းဆိုနေကြပါပြီ။

နေပြည်တော်ဗိုလ်ချုပ်ကြီးများ ခွေးကျ မကျ၊ ကြောင်ကျ ကျအောင် တောင်းဆိုနေကြခြင်းဖြစ်ပါတယ်။ ရွှေဂုံတိုင် ကြေညာချက်ဆိုတာ ဗိုလ်ချုပ်ကြီးများကို နိုင်ငံရေးအရ ထွက်ပေါက်ပေးခြင်းဖြစ်ပါတယ်။ ရှဉ့်လဲလျှောက်သာ၊ ပျားလဲစွဲသာတဲ့ တင်ပြချက်ဖြစ်ပါတယ်။

မြန်မာပြည်သူတွေဟာ ဖောက်ပြန်တဲ့ လူမှုစနစ်တွေကို တိုက်ဖျက်ရာမှာ သမိုင်းအစဉ်အလာ ကြီးမြတ်သူတွေဖြစ်ကြပါတယ်။ သူတို့ပုခုံးပေါ်ကျရောက်နေတဲ့ ငြိမ်းချမ်းသာယာ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဆက်လက်ရန်းကန် တိုက်ပွဲဆင်သွားမှာ ဖြစ်ပါတယ်။

♦

ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်၊ အမျိုးသားခေါင်းဆောင်တဦးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အား နအဖ စစ်အုပ်စုမှ တရားစွဲဆိုလိုက်ခြင်းနှင့် ပတ်သက်၍ မြန်မာလူမျိုးတိုင်းမှာ စိတ်ပျက်ဒေါသထွက်နေကြရသည်။ မြန်မာလူမျိုးမှန်သမျှ၏ စိတ်မှန်းချက် ဖြစ်နိုင်ချေတွက်ဆမှုမှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်သိက္ခာထိခိုက်လျော့ပါးစေရန်နှင့် နိုင်ငံရေးဆောင်ရွက်မှု ကန့်သတ်ချုပ်ခြယ်ခြင်းအား လာမည့် ရွေးကောက်ပွဲကာလဖြစ်သော ၂၀၁၀ အထိ အထီးကျန် ထောင်ချလျှက် လူထုနှင့် ဆက်လက် အဆက်အသွယ်ဖြတ်ထားနိုင်ရန် စစ်အုပ်စုက စနစ်တကျ ဖန်တီးစီမံထားသည့် ပြဇာတ်တပုဒ် ဖြစ်သည်ဟူ၍ပင်။

ယက်ထော ဆိုသည့် နိုင်ငံခြားသားတယောက် အင်းလျားကန်ကို လက်ပစ်ကူးလျှက် ဒေါ်အောင်ဆန်းစုကြည်၏ ခြံထဲသို့ ဝင်ရောက်ခဲ့သည် ဆိုသည့် သတင်းကိုကြားရသူတိုင်း ဘယ်သူမှ မယုံကြည်နိုင်။ တကြိမ်တည်းလည်း မဟုတ်။ အသွားအပြန် စုစုပေါင်း လေးကြိမ်ဖြတ်ကူးခဲ့ခြင်းဖြစ်သည်။ အင်းလျားကန်ဘေးမှာ ကြီးပြင်းလာသူများသည်ပင်လျှင် တကြိမ်တည်းကူးဖြတ်ရန်ပင် အောင်မြင်စွာကူးဖြတ်ရန် မဖြစ်နိုင်ကြောင်း ဒေသခံ ရန်ကုန်သားအားလုံးက အပ်ချမတ်ချ သိကြသည်။

အလွန်ကျယ်ဝန်းရှည်လျားသော အင်းယားကန်ဘေးတွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကြီးနှင့် မြန်မာနိုင်ငံအောက်ပိုင်းအတွက် ဘွဲ့နှင်းသဘင် ခန်းမကြီးရှိသည်။ ဗြိတိသျှကိုလိုနီလက်ထက်က အဆောက်အဦးကြီးဖြစ်ကာ ခိုင်မာ ခန့်ညားလှသော ထင်ရှားကျော်ကြားသော လူငယ် တက္ကသိုလ်ဝင်ကျောင်းသားတိုင်း၏ အိပ်မက်နယ်မြေတခုလည်းဖြစ်သည်။ ထိုတက္ကသိုလ်၏နောက်ကျောဘက်တွင် လမ်းလေးတလမ်းသာခြားလျှက် အင်းလျားကန်တည်ရှိသည်။ တက္ကသိုလ်များ လှေလှော်အသင်းရှိသည်။ တက္ကသိုလ်ကျောင်းသားများက လှေစီး၍ အင်းလျားကန်ထဲမှာ ဟိုဟိုဒီဒီ လှော်ခတ် ရွက်လွှင့်နေတတ်ကြသည်။ သို့သော် တားမြစ် ဧရိယာကို ကျော်၍မရ။

ထိုတက္ကသိုလ်များ လှေလှော်အသင်းရှိရာနှင့် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တို့မှာ ဓားလွယ်ခုတ် အနေအထားနှင့် အနည်းဆုံး တမိုင်ခန့်တော့ ကွာဝေးမည်ဖြစ်သည်။ အင်းလျားကန် အတွင်းတွင် ကျွန်းငယ်လေးတွေလည်း ရှိတတ်ပြီး လူငယ်များက ရေမကူးရ တားမြစ်ထားသည့် ထိုအင်းလျားကန်တွင် ကျွန်းငယ်လေးများဆီသို့ လှေလှော်ခတ်သွားပြီး ရေခိုးကူးတတ်ကြသည်။ ထိုသို့ ရေခိုးကူးသူများ၊ တားမြစ်နယ်မြေကို ကျော်လွန်ကာ ဖြတ်ရန်ကြိုးစားမှုများ အတွက် အခက်အခဲ နှစ်မျိုးရှိသည်။ တမျိုးမှာ ဒိုက်သရောများကို ဖယ်ရှားရှင်းလင်းမှု မှန်မှန်မပြုလုပ်သည့်အတွက် အင်းလျားကန်အတွင်းတွင် ရေအောက် မှော်ပင်များ အလွန်ထူထပ်ပေါများခြင်းနှင့် မိုးကျရွှေကိုယ်သဖွယ် ပေါ်ပေါ်လာတတ်သော လက်နက်ကိုင် လုံခြုံရေးများပင်ဖြစ်သည်။ ယခုအခါ အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသော လူငယ်တဦးဖြစ်သူ ကိုညဏ်က □ကျနော်နဲ့ ကျနော့်သူငယ်ချင်းတွေ အဲဒီဘက်မှာ ရေကူးဖို့ ခဏ ခဏ ကြိုးစားဖူးတယ်။ အဲဒီမှာ ရေမှော်ပင်တွေက အများကြီးနဲ့ ဆယ်မိနစ်လောက် လှုပ်လှုပ်ရှားရှားလုပ်လိုက်တာနဲ့ ခြေထောက်ကို လာပတ်တော့တာပဲ။ ရေမှော်နဲ့ မညီဘူးဆိုရင်လည်း စက်သေနတ်ကိုင်ထားတဲ့စစ်သားတွေက ပုန်းနေရာကနေ အလျှိုအလျှို ထွက်လာလိုက်ကြတာ။ မှော် မျက်လှည့်နဲ့ ထုတ်ယူလိုက်သလိုပဲ။ ဘယ်ကနေဘယ်လို ရောက်လာကြမှန်းကို မသိတာဟု ပြောသည်။

ဤမျှ အစောင့်အကြပ် ထူပျောသည်မှာ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ် ရှိနေယုံမျှသာမက ထိုဘက်ခြမ်းတွင် နိုင်ငံတော်ဧည့်ဂေဟာလည်း ရှိနေသောကြောင့်ဖြစ်သည်ဟုလည်း ၎င်းက ဆိုသည်။ ထို့ကြောင့် ဤမျှ ထူထပ်များပြားသော လုံခြုံရေးများကို ဖြတ်ကျော်ကာ လေးကြိမ်လေးခါ ဝင်ထွက်ခဲ့သည် ဆိုခြင်းမှာ မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ကြောင်း သုံးသပ်ပြသည်။

ထိုအင်းလျားကန်စပ်တွင် အိမ်ပိုင်နှင့် နေခဲ့ဖူးသူ လူငယ်လေး တယောက်ကလည်း ထိုသုံးသပ်ချက်ကို ထောက်ခံခဲ့ရပြီး နှစ်ပေါင်းများစွာ အဆင့်ဆင့် စီးပွားလျှောကျခဲ့သည့်ဒဏ်ကြောင့် အင်းလျားကန်ဘေးကအိမ်ကို စွန့်ခွာခဲ့ရသော မိသားစု အသိုင်းအဝိုင်းမှဖြစ်သည်။

ယက်ထောအဖမ်းခံခဲ့ရသည် ဆိုသောနေရာမှာ ဘားမားတူဒေးတွင် ပြထားသည့်ဓာတ်ပုံနှင့် ခန့်မှန်းချက်အရ အနည်းဆုံး တမိုင်ကျော်ကျော် အကွာအဝေးရှိသည်။ ထို့ကြောင့် လူသားချင်း စာနာထောက်ထားတတ်သည့် စိတ်ကောင်းစေတနာအရ ဒေါ်အောင်ဆန်းစုကြည်မှ သူ့နေအိမ်အတွင်း တရက်တာမျှ နေထိုင်ခွင့်ပြုချက်ရရန် ဤမျှ အန္တရာယ်ပြွန်းသော အင်းလျားကန်ရေကို ထိုနိုင်ငံခြားသားမည်သို့ ဖြတ်ကူးခဲ့သလဲဆိုသည်မှာ မေးခွန်းထုတ်ဖွယ် ကောင်းလှသည်။

ယက်ထောမျိုးနွယ်များ ကတော့ သူတို့အဖေ သူ့ယောက်ျားက ရိုးသားပါတယ်... ဖြူစင်ပါတယ်... ခင်မင်ဖွယ်လူတစ်ယောက်ပါ... ဒေါ်အောင်ဆန်းစုကြည် ဒုက္ခရောက်ဖို့ မရည်ရွယ်ပါဘူး... သူက လူကောင်းပါ။ ရူးမနေပါဘူး ... စသည်ဖြင့် ကိုယ်က ပြန်သနားရမတတ် ပြောနေခဲ့ကြသည်။

တကယ်လို့ သည်အလုပ်ကို လုပ်သူက ရူးမနေပါဘူးဆိုလျှင် ဖြစ်နိုင်သော အချက်နှစ်ချက်ရှိသည်။ တချက်က စစ်အုပ်စုထံမှာ သူ့ကိုယ်သူ ရောင်းစားပြီး စစ်အုပ်စု ခိုင်းသမျှလုပ်ပေးနေသူ။

အကယ်၍ ထိုအချက်က မှား

# ကမ္ဘာကျော်အင်တာဗျူးတခုနှင့် ဗမာပြည် အနာဂတ်

ဦးညို

သည်။ သူက ရေမှော်ပင်များအကြောင်းနှင့် ရေအောက်ချောက်များရှိကြောင်းကို ပြောခဲ့သည်။

ကန်ရေက အမသိတဲ့အတိုင်း ရေသေ။ ရေငြိမ်နေရင် ရေမှော်တွေကလည်း ငြိမ်နေတယ်။ ရေပြင်လှုပ်သွားတာနဲ့ ရေမှော်တွေကလည်း လိုက်လှုပ်လာတယ်။ အဲဒီအခါကျတော သူတို့ကြားထဲရောက်လာတဲ့ ဘယ်အရာကိုမဆို ဆွဲရစ်သလိုဖြစ်ပြီး လှုပ်လေ ရစ်ပတ်မိလေနဲ့ နောက်ဆုံး ရေထဲဆွဲနှစ်လိုက်သလိုဖြစ်ပြီး သေကုန်ကြတာပဲ။ အဲလိုနဲ့ ရေခိုးကူးတဲ့သူတွေ သေတာနည်းတာမှ မဟုတ်တာ။ နောက်ပြီး ကမ်းစပ်တွေနားလောက်မှာ ချောက်တွေရှိတယ်။ ကမ်းစပ်ရောက်ပြီဆိုပြီး ခြေထောက်ပြီး လမ်းလျှောက်လိုက်ရင်း တွင်းထဲကျွံပြီး သေကုန်တာမျိုးလည်း ရှိတယ်။ ဒီလူကြီးက ဒီကန်အကြောင်း ဘာမှ သိတာလည်းမဟုတ်ဘဲနဲ့ ဒီလောက် အရှည်ကြီးကို ရေကူးသွားနိုင်ခဲ့တယ်ဆိုတာ ကျနော်တော့ လုံးဝမယုံဘူးဟု ပြောသည်။

ထိုလူငယ်လေးက နိုင်ငံရေး အကြောင်းကို နားလည်သူထဲက မဟုတ်။ သို့သော် သူ့ဘိုးဘွားများပိုင်သော စီးပွားရေးလုပ်ငန်းကြီးတခု ပြည်သူပိုင်အသိမ်းခံယွင်းပြီး စစ်အုပ်စုထံမှာ သူ့ကိုယ်သူ ရောင်းစားထားသူ မဟုတ်လျှင်တော့ သူသည် ကမ္ဘာ့စံချိန်မှတ်တမ်းမှာ အတ္တကြီးသည့်အရာတွင် စံချိန်ချိုးသူအဖြစ် စာရင်းသစ်ဖွင့်ရမည့်သူဖြစ်သည်။ ဗွီအိုအေ အင်တာဗျူးတွင် သူက ဒေါ်အောင်ဆန်းစုကြည်နှင့် အင်တာဗျူးရလိုက်ပါက သူတို့အကြွေးကျေရန်၊ သူ့သီးစစ်လည်း ကမ္ဘာကျော်ရန် မျှော်လင့်ထားသည်။ သူ့ရဲ့ မိသားစုမှာ တင်နေသော ပုဂ္ဂလိက ငွေကြေးအခက်အခဲကို ပြေလည်ရေးအတွက် နိုင်ငံတနိုင်ငံနှင့် လူပေါင်းသန်းခြောက်ဆယ်၏ အနာဂတ်ကို လာရောက်ရင်းနှီးမြှုပ်နှံ ရက်ခဲ့သူတယောက်ကို □လူကောင်းဟု သတ်မှတ်ပေးရန် အလွန်ပင် ခက်ခဲလှပါသည်။ လူဆိုးလူမိုက်မဟုတ်လျှင် သူရူး တယောက်သာ ဖြစ်ပေမည်။

သူက ခွင့်လွှတ်ခြင်းနှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အင်တာဗျူးလိုသည်ဟု ဆိုသည်။ သူက ဥပဒေကို လေးစားလိုက်နာသော၊ စည်းကမ်းရှိရန်နှင့် အကြမ်းမဖက်ရန် အမြဲတမ်း ပါတီဝင်လူငယ်များကို မှာလေ့ရှိသော (သတ်ရင် အသေခံလိုက်ပါဟုပင် စကားကုန်ဆိုထားသူ) တယောက်ဆီက အင်တာဗျူးရလိမ့် မည်မဟုတ်ကြောင်းကို ကြိုတင်ခန့်မှန်းတွက်ဆနိုင်ခဲ့ပါလိမ့်မည်။

ဂျွန်ဝီလီယမ်ယက်ထော၏ ခွင့်လွှတ်မှုကို စမ်းသပ်ခြင်းသည် ဒေါ်အောင်ဆန်းစုကြည်တယောက်တည်းကို မဟုတ်ဘဲ မြန်မာလူမျိုး သန်း (၆၀) ကျော်၏ ခံနိုင်ရည်အားနှင့် ခွင့်လွှတ်ခြင်းကိုသာ စမ်းသပ်လိုက်ခြင်းဖြစ်သည်။ သူ၏ စမ်းသပ်မှုအတွက် သူ့ဘုရားကလည်း သူ့ကို ခွင့်လွှတ်နိုင်ပါစေဟူ၍သာ ဆုတောင်းပေးလိုပါသည်။

သူက သီးဆစ်စ်တခုအတွက် အသက်နဲ့ ရင်းပြီး အင်တာဗျူးဖို့ တကယ်လုပ်တယ်ဆိုရင် တော်တော် အရူးထတဲ့သူပဲ။ မဟုတ်နိုင်ဘူးထင်တယ်□ဟုလည်း ပြောသည်။

စစ်သားများသည် ညအချိန်မတော် ထိုကမ်းစပ်ကိုကပ်ပါက အချိန်မရွေး ပစ်ချရန် အသင့်ရှိနေသူများဖြစ်ကြောင်း လူစိမ်းတယောက်အတွက် အလွန်အန္တရာယ်များသော လူစိမ်းမကပ်နိုင်သော ဧရိယာဖြစ်ကြောင်းကိုလည်း ပြောသည်။

နောက်လူငယ်တယောက် ကတော့ အင်းလျားကန်အတွင်းရှိ ဒိုက်များ မှော်များနှင့် ရေသေ၏သဘောသဘာဝကို ရှင်းပြသည်။

အင်းလျားကန်က ဘယ်တုန်းကမှ သန့်ရှင်းရေးလုပ်ခဲ့တာမဟုတ်တော့ အရမ်းညစ်ပတ်ပြီး ကျန်းမာရေးနဲ့ မညီညွတ်ဘူး။ ဒီလိုရေမျိုးထဲမှာ ကျန်းမာရေးမကောင်းတဲ့သူက တညလုံးစိမ်နိုင်ခဲ့တယ်ဆိုတာ အံ့ဩစရာကောင်းတယ်။ နောက်ပြီး အင်းလျားကန်ရေက ရေသေ။ ရေသေက နစ်ရင် ကြောက်ဖို့ကောင်းတယ်။ နောက်တခုက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်ဘေးနားမှာ ရေအောက်ဂျောက်လည်း ရှိနေသေးတယ်ဟု ပြောသည်။ ဆက်လက်၍ မှော်ပင်များနှင့်ပတ်သက်ပြီးလည်း ရှင်းပြသည်။

မှော်ပင်တွေက ရေအောက်မှာ ရှုပ်ယှက်ခတ်ပြီး အပြည့်ရှိနေတာ။ ရေငြိမ်နေရင် သူတို့ကလည်းငြိမ်နေတယ်။ တယောက်ယောက်က ရေကူးလိုက်လို့ လှုပ်သွားရင် သူတို့ကလည်း လိုက်လှုပ်လာပြီး ခြေထောက်ကိုရစ်ပတ်မိတာပဲ။ ပြီးတော့ ညိနေတဲ့မှော်ပင်တွေကြားမှာ လှုပ်လေ ညိလေနဲ့ ရေအောက်ကို ဆွဲချလိုက်သလို ဖြစ်ပြီး သေရတာချည့်ပဲ။ အင်းလျားကန်ထဲမှာ မှော်ညိပြီး သေတဲ့သူတွေ နည်းတာမှ မဟုတ်တာ။ ဒီလို ဒီနည်းနဲ့ လေးခေါက်တောင် မှော်တွေကို ဖြတ်နိုင်ခဲ့တယ်ဆိုတာ ယုံစရာ အကြောင်းကိုမရှိဘူး။

ယတ်ထော၏မိသားစုများက ယတ်ထောက အလွန်ခင်မင်ဖွယ် ကောင်းသူဖြစ်သည်။သည်လိုဖြစ်ရန် မရည်ရွယ်ရိုးအမှန်ပါဟု ပြောသည်။ အခြားမိသားစုဝင်တယောက်က ယတ်ထောက စိတ်ဝေဒနာတော့မရှိပါဟုလည်း ပြောသည်။

ဤနေရာတွင် မြန်မာလူမျိုးများအကြားမှ ယတ်ထောနှင့် ပတ်သက်

စာမျက်နှာ (၁၂) ကော်လံ(၅)သို့...

စာမျက်နှာ (၁၈) မှ အဆက် ...

ဒေါ်ခင်ခင်ဝင်းကိုတော့ ဒေါ်စုအိမ်ဂျူတီအဖြစ် အမြဲထားကြပါတယ်။ ဒေါ်စုအိမ်မှာ ဗဟိုအမျိုးသမီးခေါင်းဆောင် တယောက် အမြဲရှိနေတဲ့အတွက် ကျမတို့ ဝမ်းသာကြပါတယ်။ ဒေါ်စုကို ကျမတို့ အသက်အရွယ် အမျိုးသမီးအဖွဲ့ဝင်များက အမတယောက်လို အားကိုးချစ်ခင်ကြတဲ့အတွက် ဒေါ်စုကို 'အမ' လို့ ခေါ်ကြပါတယ်။

ဒေါ်ခင်ခင်ဝင်းဟာ အမဒေါ်စုအတွက် ဘာမဆိုရင်ဆိုင်ဝံ့ပါတယ်။ ကိုယ်ကရယူဖို့ထက် ကိုယ်ကဘယ်လို ပေးဆပ်ရမလဲဆိုတဲ့စိတ်ရှိပါတယ်။ သူကိုယ်တိုင်ကျန်းမာရေး သိပ်မကောင်းတဲ့အတွက် သမီးဖြစ်သူဝင်းမမကိုပါ အခုလို သူနဲ့အတူလိုက်ပါစောင့်ရှောက်ဖို့ ခေါ်သွားခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၃ ခု မေ (၃၀) ရက် ဒီပဲယင်းအကြမ်းဖက်ခံရပြီးချိန်ကစပြီး အကျယ်ချုပ်တတိယအကြိမ်ကျခဲ့ရတဲ့ဒေါ်စုနဲ့အတူ အမကိုကူညီစောင့်ရှောက်ပြီး နေခဲ့ကြသူများဖြစ်ပါတယ်။

အခု ဂျွန်ယက်တောကိစ္စကြောင့် ဒေါ်စုနဲ့အတူ ဒေါ်ခင်ခင်ဝင်းတို့သားအမိပါ မတရားအမှုဆင်ခံရပေမယ့်လည်း ဒေါ်စုနဲ့အတူရင်ဆိုင်သွားမယ့်သူတယောက်ဖြစ်ကြောင်း အတူနေခဲ့ဖူးတဲ့ကျမက သိနေပါတယ်။

အဝေးရောက် ဗဟိုအမျိုးသမီးအဖွဲ့ဝင်တယောက်ဖြစ်နေရတဲ့ ကျမက အမနဲ့ ဒေါ်ခင်ခင်ဝင်းတို့သားအမိ□အမြန်ပြန်လွတ်မြောက်ပါစေကြောင်း အဝေးကပဲ ဦးညွှတ်လျက် ဆုတောင်းလိုက်ပါတယ်။

( မီဒီယာအသီးသီးမှ ဒေါ်ခင်ခင်ဝင်းအား အဖေါ်အဖြစ်အတူနေသူဟု ဖော်ပြနေကြခြင်းအပေါ် ၊ အမှန်မှာ ဒေါ်ခင်ခင်ဝင်းသည် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ဖွဲ့စည်းပေးခဲ့သော အန်အယ်ဒီ ဗဟိုအမျိုးသမီးခေါင်းဆောင်တယောက်ဖြစ်ကြောင်း သိရှိနိုင်ရန် ရေးသားရခြင်းဖြစ်ပါသည်။)

ဒေါ်စမ်းစမ်းအောင်

♦

စာမျက်နှာ (၁၇) မှ...

သက်မှု များစွာရှိနေသည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားသွားခဲ့သည်။

ဗြိတိန်မှာက အမေရိကန်နဲ့ မတူဘဲ ဘဏ္ဍာရေးငွေစီးဆင်းမှုဆိုင်ရာ ပိတ်ဆို့အရေးယူမှုတွေမရှိဘူး။ အာမခံတွေရောင်းဖို့ ခွင့်ပြုထားပြီး မြန်မာစစ်အစိုးရရဲ့ လေကြောင်း လိုင်းတွေနဲ့ သင်္ဘောလုပ်ငန်းတွေကို အထောက်အပံ့ပြုနေတယ်ဟုလည်း ဆက်လက်ပြောကြားသွားသည်။

ထိုသို့ ကုမ္ပဏီအထပ်ရှိရာသို့ ကြိုးမပါ၊ ထောက်ကူပြုပစ္စည်းများမပါဘဲ အနောက်တိုင်းဝတ်စုံပြည့်နှင့် တက်ကာ စာတမ်းချိတ်ဆွဲခဲ့သူ အမြင့်တက်သမား မိုက်ခ်အား ယခုအခါ အေးချမ်းမှုအား နှောင့်ယှက်ဖျက်ဆီးမှု၊ ခွင့်ပြုချက်မရဘဲ ပိုင်နက်ကျူးလွန်မှုတို့ဖြင့် တရားစွဲဆိုထားကြောင်းလည်းသိရသည်။ မိုက်ခ်က သူ့အနေနှင့် လုပ်သင့်တာကို လုပ်ခဲ့ခြင်းဖြစ်၍ နောင်တမရကြောင်း ပြောသည်။ ♦

# လူထုဦးစိန်ဝင်း၏ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ ခရီးစဉ်နှင့် စပ်လျဉ်း၍ သဘောထားအမြင်

*ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီလာခဲ့တဲ့ ခရီးစဉ်နဲ့ အကျိုးဆက်တွေပေါ့၊ ဆရာ ဘယ်လိုမြင်ပါသလဲခင်ဗျာ။*

ဒီအကြောင်းကိုတော့ဗျာ့ ကျနော် အရင်ကလည်းပဲ ဂမ်ဘာရီလာခဲ့တဲ့ အကြိမ်တွေမှာလည်း ကျနော် ခဏခဏ ပြောဖူးပါတယ်။ ဂမ်ဘာရီပဲ လာလာ၊ ဘန်ကီမွန်းပဲ လာလာ ဟုတ်လား ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေ တခုလုံးပဲ လာလာ၊ အခြေအနေတွေကတော့ ဘာမှ ထူးခြားမယ်လို့ ကျနော်ကတော့ မယူဆဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ကာ ဒီကုလသမဂ္ဂကလည်းပဲ သူ့မှာက ဘာမှ တကယ်တမ်း သူက လုပ်ပေးနိုင်တဲ့ အခွင့်အာဏာ သူ့မှာ ဘာမှမရှိဘူး။ အရင်တုန်းက ဦးသန့်ပြောခဲ့ဖူးတဲ့ စကားလေးတခွန်းရှိတယ်။ ဦးသန့်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ်နဲ့ ရှိနေစဉ်တုန်းက ဦးသန့်က ပြောခဲ့ဖူးတယ်။ သူ့မှာ ဘာမှ လုပ်ပိုင်ခွင့်အာဏာတွေ မရှိပါဘူးတဲ့။ သူ့အလုပ်ဟာ တကယ်တော့ ဂုဏ်ထူးဆောင် စာရေးတော်ကြီးအလုပ်ပါပဲတဲ့။ ဆိုတော့ အခုလည်းပဲ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ ဘာတို့မှာက ဘာမှ လုပ်ပိုင်ခွင့်တွေ၊ အခွင့်အာဏာတွေ မရှိဘူး။ ဒီလို အခွင့်အာဏာတွေ မရှိတဲ့အတွက် ဒီအစိုးရကလည်း သူတို့ကို သိပ်ပြီးတော့ လေးစားမှု၊ အထင်ကြီးမှု မရှိဘူးခင်ဗျ။

နောက်ပြီးတော့ ဂမ်ဘာရီဆိုတဲ့ ပုဂ္ဂိုလ်အပေါ်မှာလည်း ပုဂ္ဂိုလ်ရေးအရကို ကျနော်က ဂမ်ဘာရီကို မယုံကြည်ဘူးဗျ။ သူဟာ စစ်မှန်တဲ့ ကုလသမဂ္ဂရဲ့ ကိုယ်စားလှယ်လို့ ကျနော်က မယူဆတော့ဘူး။ ဘာကြောင့်လဲဆိုတော့ သူအရင်တုန်းက (၇) ကြိမ်လောက်လာခဲ့တယ်။ လာခဲ့တဲ့ အကြိမ်တိုင်းမှာလည်း သူက တိုးတက်ပါတယ် ပြောသွားတာပဲရှိတယ်။ တကယ်တမ်းတော့ ဘာမှ တိုးတက်တာတွေ ဖြစ်မလာဘူး။ အဲတော့ ကျနော်ကတော့ ဂမ်ဘာရီဟာ သူ့ကို စွဲချက်တောင်မှ (၂) ခုပဲ ကျနော်က တင်ချင်တယ်။ ပထမစွဲချက်ကတော့ လိမ်လည်မှု။ သူက ဟုတ်လား ဘာမှမတိုးတက်ဘဲနဲ့ အခြေအနေတွေက ဆိုးနေတာပဲရှိတယ်။ ဆိုးနေတာတွေကို ကောင်းပါတယ်၊ ကောင်းပါတယ်၊ တိုးတက်ပါတယ်ဆိုပြီး လိမ်ညာပြီးတော့ လုံခြုံရေးကောင်စီကို အစီရင်ခံနေတယ်။ ဒါတချက်ပေါ့။

နှစ်အချက်ကတော့ ဂမ်ဘာရီဟာ သူ့ကို လုံခြုံရေးကောင်စီက ပေးအပ်ထားတဲ့ အခွင့်အာဏာတွေမရှိဘဲနဲ့ အာဏာကို သူအလွဲသုံးစားလုပ်တယ်လို့ ကျနော်က ယူဆတယ်။ လုံခြုံရေးကောင်စီက အခွင့်အာဏာ ပေးထားတာက၊ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်က မြန်မာပြည် နိုင်ငံရေးမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဖြစ်ပေါ်လာစေဖို့ အဲဒီအတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ ဒါကို လုံးပမ်းဖို့ လုံခြုံရေးကောင်စီက ဆုံးဖြတ်ထားတာ။ အခု ဂမ်ဘာရီတို့ ဘန်ကီမွန်းတို့က ဂမ်ဘာရီက ဘာတွေလုပ်ခဲ့လဲဆိုတော့ သူက ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အသိအမှတ်ပြုပြီးတော့ ဒီရွေးကောက်ပွဲကို အသိအမှတ်ပြုပြီးတော့ ရွေးကောက်ပွဲမှာ တရားမျှတမှုဖြစ်ဖို့၊ နိုင်ငံတကာ ကြီးကြပ်သူတွေလာဖို့တို့ ဒီအကြောင်းတွေကို သူက ပြောပြတယ်။ ဒါဟာ သူ့အခွင့်အာဏာထဲမှာ မပါဘူးဗျ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အသိအမှတ်ပြုဖို့လည်း သူ့ကို အခွင့်အာဏာ အပ်နှင်းမထားဘူး၊ ဒီရွေးကောက်ပွဲကို အသိအမှတ်ပြုဖို့လည်း သူ့ကို အခွင့်အာဏာ အပ်နှင်းမထားဘူး။ ဒါကြောင့်မို့ ကျနော်ကတော့ ဂမ်ဘာရီကို ခုနက လိမ်ညာမှုရယ်၊ အာဏာ အလွဲသုံးစားလုပ်မှုရယ်နဲ့ စွဲချက်တင်ပြီးတော့ ဒီနေရာကနေပြီးတော့ ဖယ်ရှားပစ်သင့်တယ်လို့ ကျနော်က ယူဆတယ်။

*လက်ရှိ အဲတော့ ဆရာ မြန်မာ့နိုင်ငံရေးမှာ ဒီကုလသမဂ္ဂအဖွဲ့အစည်းရဲ့ လုပ်ဆောင်မှုတွေက ဘာမှ ထိရောက်မှု မရှိဘူးလို့များ ပြောနေတာလားခင်ဗျ။*

ဟုတ်ကဲ့ ဘာမှ ထိရောက်မှု မရှိပါဘူးခင်ဗျ။ ဘာမှထိရောက်မှု မရှိပါဘူး။ ကုလသမဂ္ဂက အခုနက ဦးသန့်ပြောခဲ့တဲ့ အတိုင်းပါပဲ။ ဘာအခွင့်အာဏာမှမရှိတဲ့ toothless tiger ပါပဲ။

*ဟုတ်ကဲ့ အဲဒါဆို မြန်မာပြည်သူလူထုအကျိုးအတွက်က ဘယ်လို ပုံသဏ္ဌာန်နဲ့ပဲ ဖြစ်လာနိုင်မလဲ။*

မြန်မာပြည်သူလူထုနော် တိုင်းပြည်အတွက်ကတော့ ကျနော်တို့ မြန်မာပြည်သူလူထုကိုယ်တိုင်ပဲ ဘယ်သူ့ကိုမှ အားမကိုးဘဲနဲ့ ကုလသမဂ္ဂကိုလည်း အားမကိုးဘဲနဲ့ အမေရိကန်ကိုလည်း အားမကိုးနဲ့ အီးယူကိုလည်း အားမကိုးနဲ့ ကိုယ့်ပြည်သူ့အားကိုပဲ ကိုယ်အားကိုးပြီးတော့ ကိုယ့်အချင်းချင်းပဲ ညှိနှိုင်းတိုင်ပင်ဆောင်ရွက် လုပ်သင့်တယ်လို့ ကျနော်က ယူဆတယ်။ အန်အယ်လ်ဒီအဖွဲ့အစည်းနဲ့ ဒီအစိုးရနဲ့ တိုင်းရင်းသားတွေနဲ့ အတူရှိနေကြတဲ့ သုံးပွင့်ဆိုင်တွေပေါ့ဗျာ။ ဒီ လူတွေ အချင်းချင်းကိုပဲ ကိုယ့်ဟာကိုယ် တွေ့ဆုံညှိနှိုင်းပြီးတော့ ဖြေရှင်းသင့်တယ်လို့ ကျနော်က ထင်တယ်။ ဒီကုလသမဂ္ဂတို့ ဘာတို့ကို အားကိုးပြီးတော့ အချိန်တွေက ကြာနေပြီ။ အနှစ် (၂၀) ရှိပြီ။ တိုင်းပြည်က နာသထက်နာနေပြီ။ လူတွေက ဒုက္ခရောက်သထက်ရောက်နေပြီ။

*ဟုတ်ကဲ့ဆရာ ဒါပေမယ့်လည်း မြန်မာစစ်အစိုးရက တွေ့ဆုံဆွေးနွေးရေးကို အခုအချိန်အထိ လုံးဝ လက်မခံသလို လက်ခံမယ့် အလားအလာလည်း မတွေ့ရဘူးခင်ဗျ။ အဲတော့ ဒီကိစ္စက ဖြစ်နိုင်ခြေရှိပါ့မလား။*

ဟုတ်ကဲ့ ဖြစ်နိုင်ခြေမရှိတာ၊ အခု အနှစ် (၂၀) လုံး ရေစုန်မျောနေတာက စစ်အစိုးရကလည်းပဲ ဒီ တွေ့ဆုံဆွေးနွေးရေးကို လက်မခံဘူး ငြင်းပယ်နေတာက ရှင်းရှင်းပြောရရင်တော့ အန်အယ်လ်ဒီကို သူတို့က လေးစားစရာ အဖွဲ့အစည်းလို့ မယူဆတော့လို့ပဲဗျ။ အန်အယ်လ်ဒီကို လေးစားစရာအဖွဲ့အစည်းတခုလို့ ယူဆရင် သူတို့ဒီလို ငါတကောမကောရဲပါဘူး။ အဲန်အယ်လ်ဒီကလည်း လေးစားစရာအဖွဲ့အစည်းလို့ မယူဆတာဟာ သူတို့အစိုးရရဲ့ အမှားလည်း မဟုတ်ဘူးဗျ။ ကျနော့်အမြင်ကလည်း အန်အယ်လ်ဒီ ကိုယ်နှိုက်က လေးစားစရာ အဖွဲ့အစည်းတရပ်လို့ လှုံ့ဆော်မှုပေါ့ဗျာ activities အနှစ် (၂၀) အတွင်းမှာ ဘာမှမရှိဘူးဗျ။ ရှင်းရှင်းပြောရရင် အဲန်အယ်လ်ဒီဌာနချုပ်ကို သွားပြီးတော့ ကြည့်လိုက်လို့ရှိရင်လည်းပဲ နိုင်ငံရေးပါတီဌာနချုပ်နဲ့ မတူဘူး။ နိုင်ငံရေးပါတီအဖွဲ့အစည်းတခုဆိုတာ သဘောတရားတွေ၊ လမ်းစဉ်တွေ ဆွေးနွေးနေရမယ်၊ ငြင်းခုံနေရမယ်၊ နေ့စဉ်နဲ့အမျှ ငြင်းခုံဆွေးနွေးပွဲတွေ နဲ့ ရှုပ်ယှက်ခတ်နေရမယ်။ အခု အဲန် အယ်လ်ဒီဌာနချုပ်က ငြိမ်သက်ပြီးတော့ ဘာမှ ပြောသံဆိုသံလည်း မရှိဘူး ဘာမှ လှုပ်ရှားမှုလည်းမရှိဘူး။ ဘာနဲ့တူလဲ ဆို တော့ နိုင်ငံရေးပါတီဌာနချုပ်နဲ့ မတူဘဲနဲ့ ဆွံ့အနားမကြားကျောင်းတခုလို ဖြစ်နေတယ်။

*ဆရာ မရှိမသေ တခုဖြတ် မေးပါရစေ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောက်လျှောက်ဆောင်ရွက်တောင်းဆို ပြောကြားချက်တွေကကော ထိရောက်မှု မရှိဘူးလို့ ပြောတာလားခင်ဗျ။*

ဟုတ်ပါတယ်ခင်ဗျ။ ထိရောက်မှု မရှိပါဘူး။ ပါးစပ်နဲ့ ပြောနေတာပဲ ရှိတယ်။ အလုပ် လက်တွေ့မပါဘူးဗျ။ နော်ဟိုနေ့ ဒီနေ့ကျရင် ကြေညာချက်ကလေးတွေ ထုတ်မယ်၊ နော် နအဖဥက္ကဋ္ဌဆီကို စာပို့မယ်၊ ဒီဟာကလွဲလို့ နိုင်ငံရေး မလုပ်တတ်တော့ဘူးလို့ ကျနော်က ယူဆတယ်။ ဟုတ်ကဲ့ အဲဒါဆိုလို့ရှိရင် အဲန်အယ်လ်ဒီ အနေနဲ့ လက်တွေ့ဆောင်ရွက်ချက်တွေ ပေါ်လာအောင် ပထမဦးဆုံး ခြေလှမ်း အနေနဲ့ဆို ဘယ်လိုဟာမျိုးတွေ ဘယ်လို လုပ်ငန်းမျိုးတွေ ဆောင်ရွက်သင့်ပါသလဲခင်ဗျာ။

အခု အန်အယ်လ်ဒီမှာရှိနေတဲ့ ခေါင်းဆောင်မှုက ခုနက ကျနော်ပြော သလို ပဲ ဆွံ့အနားမကြားကျောင်းလို ဖြစ်နေတယ်။ နော် ဘာမှလှုပ်ရှားမှုမရှိဘူး၊ နောက် အသက်တွေကလည်းပဲ လူတွေက ရှစ်ဆယ်ကျော်တွေ ကိုးဆယ်ကျော်တွေ ဖြစ်ကုန်ပြီဗျ။ သူတို့ ကျန်းမာရေး အခြေအနေအရရော အန်အယ်လ်ဒီကို စွမ်းစွမ်းတမံ ဦးဆောင်နိုင်တဲ့ အခြေအနေ မရှိတော့ပါဘူး။ ဆိုတော့ အန်အယ်ဒီမှာ အင်မတန်တော်တဲ့လူတွေ အောက်ခြေမှာ အများကြီးရှိပါတယ်။ ဥပမာ အမျိုးသမီးတွေထဲကတောင်မှ ကျနော် လူချင်းမတွေ့ဖူးပါဘူး။ နာမည်တွေ ကျနော်မှတ်မိတယ်။ မန္တလေးက ဒေါ်ဝင်းမြမြတို့၊ မိတ္ထီလာက ဒေါ်မြင့်မြင့်အေးတို့၊ ဘားအံက ဒေါ်နန်းခင်ထွေးမြင့်တို့၊ ရေနံချောင်း မကွေးဘက်က ဒေါ်အုန်းမြတို့၊ ဒေါ်ခင်စောမွေးတို့ တကယ့်အမျိုးသမီးတွေဟာ အင်မတန် တက်တက်ကြွကြွနဲ့ လုပ်နေတယ်။ အင်မတန်လည်း သတ္တိကောင်းကြတဲ့ အမျိုးသမီးတွေပါ။

ဒီလိုအောက်ခြေမှာရှိတဲ့ လူငယ်တွေနဲ့ ခုနက ခေါင်းဆောင်မှုကို ဝိုင်းရံရမယ်။ လူငယ်တွေကို နေရာပေးရမယ်။ လူငယ်တွေကို လုပ်ကိုင်ခွင့်တွေ ပေးရမယ်။

အဲလိုဆိုရင် အန်အယ်လ်ဒီဟာ စွမ်းစွမ်းတမံ လုပ်နိုင်လိမ့်မယ်။ လုပ်နိုင်လို့ရှိရင် အစိုးရကလည်း လေးစားပြီးတော့ လာမှာပါပဲ။ ကျနော့်မြင်တာကတော့ အန်အယ်လ်ဒီဟာ ပြည်သူလူထုက မန်းဒိတ်ပေးထားတဲ့ ပါတီအဖွဲ့အစည်းဖြစ်တယ်။ အဲတော့ကာ ဘာမှမလုပ်ဘဲနေရင် ပြည်သူလူထုမန်းဒိတ်ပေးထားတဲ့ တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်ရုံတင် မကဘူး ပြည်သူလူထုကို သစ္စာ ဖောက်ရာလည်း ရောက်တယ်။ ဒါကြောင့်မို့ အဲန်အယ်လ်ဒီဟာ တက်တက်ကြွကြွ စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်အောင် လူငယ်တွေကို ပြောခွင့်ပေးပါ၊ လုပ်ခွင့်ပေးပါ၊ လူငယ်တွေနဲ့ ဝန်းရံပါလို့ ကျနော်ကတော့ နောက်ဆုံး ပြောလိုက်ချင်တယ်။ ♦



လူထုစိန်ဝင်း

## အာရှတိုက်ကို အရှက်ကွဲစေသော တရားစွဲဆိုချက်ဟု တောင်ကိုရီးယား သမတဟောင်းက မြန်မာစစ်အုပ်စုကို ရှုတ်ချလိုက်



**တောင်ကိုရီးယား သမ္မတဟောင်း ကင်ဒေးဂျုံ**

ဇွန်လ (၁၅) ရက် ၂၀၀၉

ကမ္ဘာကျော် နိုင်ငံရေး အကျဉ်းသားဟောင်းကြီးများစုပေါင်း၍ အကျဉ်းကျခံပြီး တရားရင်ဆိုင်နေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရှင်အတွက် ကြေညာချက် တရပ်ကို ပူးတွဲထုတ်ပြန်လိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်ထိန်းသိမ်းထားခြင်းသည် အာရှတိုက်အတွက် ရှက်စရာကောင်းသော လုပ်ရပ်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတဟောင်း ကင်ဒေးဂျုံမှ ပြောကြားလိုက်ပြီး အာဆီယံအနေနှင့် ဒေသ တည်ငြိမ်ရေးရှိစေရန် တစုံတရာလုပ်ဆောင်ဖို့ အချိန်တန်နေပြီဖြစ်ကြောင်းကိုလည်း မလေးရှားအတိုက်အခံခေါင်းဆောင် အန်ဝါ အီဗရာဟင်မှ ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဗြိတိသျှဝန်ကြီးချုပ် ဂေါ်ဒန်ဘရောင်း၊ အမေရိကန်နိုင်ငံမှ ရုပ်ရှင်သရုပ်ဆောင် ဂျူလီယာရောဘတ်နှင့် တရုပ်နိုင်ငံတွင် နေအိမ်အကျယ်ချုပ် ကျခံနေရဆဲဖြစ်သူများမှလည်း တောင်းဆိုလိုက်ကြသည်။

၄င်းပြင် အီရန်နိုင်ငံမှ နိုဘယ်ဆုရှင်တဦးဖြစ်သည့် ရှေ့နေ ရှီရင်းအက်ဘာဒီမှလည်း ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက် ထိန်သိမ်းခြင်းအား ပြစ်တင်ဝေဖန် ပြောကြားလိုက်သည်။ ♦

## မြန်မာ့အရေး အမြင့်တက်ဆပြူသူ လန်ဒန်ရဲကဖမ်းပြီး ပိုက်နက်ကျူးလွန်မှုဖြင့် တရားစွဲ

ဇွန်လ (၁၉) ရက်

လန်ဒန်မြို့မှ နာမည်ကျော် အာမခံကုမ္ပဏီရှိရာ ပေ (၁၉၀) ကျော် မြင့်သည့် ဆယ့်လေးထပ် အဆောက်အဦးသို့ တက်ကာ မြန်မာပြည်က ထွက် ဟူသည့်စာတမ်းချိတ်ဆွဲခဲ့သူ ဗြိတိန်နိုင်ငံသားတဦးအား လန်ဒန်ရဲက ဖမ်းဆီး အရေးယူလိုက်ကြောင်း ဗွီအိုအေသတင်းတွင် ဖော်ပြထားသည်။

အသက် လေးဆယ့်ခုနစ်နှစ်အရွယ် မိုက်ခ်ရောဘတ်ဆန်အား ဗွီအိုအေက မေးမြန်းခဲ့ရာတွင် လွိုက်ဒ်စ်ကုမ္ပဏီဟာ မြန်မာလူထုအပေါ်မှာ တာဝန်ရှိလို့ ဒါကို ရိုးရိုးလေးလုပ်လိုက်တာပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့လည်း ဖြစ်နေတော့ နောက်ထပ် အကြောင်းရင်းတခု ဖြစ်သွားရတာပေါ့ဗျာဟု ဖြေကြားခဲ့သည်။

လွိုက်ဒ်စ်ကုမ္ပဏီသည် မြန်မာစစ်အစိုးရနှင့် တိုက်တဆိုက် ငွေကြေး ပတ်

**စာမျက်နှာ (၁၆) ကော်လံ (၅) သို့...**

# ကိုယ်ကျိုးမဖက် ထမ်းရွက်လေသူ




**"ဒေါ်ခင်ခင်ဝင်းဟာ အမဒေါ်စုအတွက် ဘာမဆိုရင်ဆိုင်ဝံ့ပါတယ်။ ကိုယ်က ရယူဖို့ထက် ကိုယ်က ဘယ်လို ပေးဆပ်ရမလဲဆိုတဲ့စိတ်ရှိပါတယ်"**

အင်းယားကန်ကိုရေကူး ဝင်ရောက်လာတဲ့ အမေရိကန်နိုင်ငံသား တယောက်ကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အတူနေသူ ဒေါ်ခင်ခင်ဝင်းတို့ သားအမိပါ အမှုဆင်ဖမ်းဆီးပြီး အင်းစိန်ထောင်ကို ခေါ်ထုတ်သွားကြောင်း ရေဒီယို သတင်းများမှကြားလိုက်ရတော့ နအဖက ဒေါ်စုလွတ်ရက်နီးမှ ဘယ်လိုဖန်တီး လုပ်ကြံပြန်ပြီလဲဆိုပြီး စိတ်ထဲပူသွားရပါတယ်။

နေ့စဉ်ရက်ဆက်လည်း ဒေါ်စုရဲ့ အမှုအကြောင်းကို ကြားသိနေရပါတယ်။ တကမ္ဘာလုံးရဲ့ အရေးကိစ္စတခုအနေနဲ့လည်း ပါဝင်ပြောကြားနေမှုတွေ ဖြစ်ပေါ်နေပါတယ်။ နိုင်ငံအသီးသီးရှိ ဒီမိုကရေစီရေးလှုပ်ရှားနေသူများ၊ ဒေါ်စုကို ချစ်ခင်ကြည်ညိုလေးစားတဲ့ တိုင်းရင်းသား ပြည်သူလူထုများက ဒေါ်စုကို စာနာစိတ်နဲ့ ပြန်လွှတ်ပေးဖို့ တောင်းဆိုနေကြပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက ခေါင်းဆောင်များကလည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်စုအား မတရားဖမ်းဆီးချုပ်နှောင်မှုမှ ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုနေကြပေပြီ။ ဒါပေမယ့် နအဖကတော့ ၂၀၁၀ ရွေးကောက်ပွဲ အိပ်မက် ပျက်သွားမှာစိုးရိမ်ပြီး အလျှော့မပေးစတမ်း အကြောင်းရှာနေမှာပဲ၊ ဘယ်လိုဘဲရင်းရရင်းရ ရင်းတော့မယ်လို့ ဆုံးဖြတ်ထားပုံရပါတယ်။

အခုဒေါ်စုနဲ့အတူတူနေ ဒေါ်ခင်ခင်ဝင်းတို့သားအမိကိုပါ အမှုလုပ်တရားစွဲဆိုထားပြီဆိုတော့ ကျမသိရှိထားခဲ့ဖူးတဲ့ ဒေါ်ခင်ခင်ဝင်းကို မျက်စေ့ထဲမြင်ယောင်ပြီး ၁၉၈၈၊၈၉ ခုနှစ်တွေက အကြောင်းတွေ ပြန်သတိရနေမိပါတယ်။

၁၉၈၈ ခုစက်တင်ဘာ (၂၇) ရက်မှာ အဖွဲ့ချုပ်စတင်ဖွဲ့တော့ တက္ကသိုလ်ရိပ်သာလမ်း အမှတ် (၅၄) မှာပါ။ ရုံးအဖွဲ့မှူးတာဝန်ကို ဦးဝင်းခက်ကယူပါတယ်။ ရုံးပုံငွေထမင်းဆိုင်နဲ့ လဘက်ရည်ဆိုင်ကိုတော့ ကျမက တာဝန်ယူရပါတယ်။ ရုံးမှာ အဖွဲ့ဝင်ဖောင်တွေရောင်းချပေးဖို့ တာဝန်ယူကြတဲ့ လူငယ်ကျောင်းသားတွေ အတွက် စားသောက်ရေးကိစ္စပါပူးတွဲလုပ်ဆောင်ရပါတယ်။

အဲဒီအချိန်ကတည်းက ဝက်ထီးကန်ကနေ ဆရာမကြီးဒေါ်ခင်ခင်ဝင်း (ပင်စင်စားဖြစ်တဲ့သူ့ကို အဖွဲ့ချုပ်က ဆရာမကြီးလို့ပဲ ခေါ်ကြသူများပါတယ်) အဖွဲ့ချုပ်ရုံးထဲကို ရောက်လာပြီး ကျမနဲ့အတူ လုပ်ဆောင်ပါတယ်။ နယ်ကလာရတဲ့သူ တယောက်မို့ ညဘက်ပြန်အိပ်စရာ အိမ်မရှိပါဘူး။ ကျမကပဲ ကျမအိမ်မှာ အိပ်ပါ၊ နေပါဆိုပြီး ခေါ်ထားပါတယ်။ ကျမတို့နှစ်ယောက် ရုံးချိန်အမီချက်ပြုတ်ပြီး အဖွဲ့ချုပ်ရုံးကို အရောက်သွား၊ ရုံပုံငွေဆိုင်တွေဖွင့်၊ တည်ခင်းရောင်းချ၊ လူငယ် ကျောင်းသားအဖွဲ့ချုပ်ဝင်များအတွက် စားသောက်ချိန်အမီပြင်ဆင်၊ ကျွေးမွေး၊ ဝယ်သည့် စာရင်း၊ ရောင်းရငွေစာရင်းများ အတိအကျပြုလုပ်ပြီးရုံးအဖွဲ့မှူး အန်ကယ်ဦးဝင်းခက်ထံအပ်။ ညနေရုံးဆင်းချိန်မှ အိမ်အတူပြန်ကြပါတယ်။

၁၉၈၈ ခု ဒီဇင်ဘာလ ၂၇ ရက်နေ့၊ ဒေါ်စုရဲ့ကမိခင်ကြီး အမေဒေါ်ခင်ကြည်ကွယ်လွန်တော့ ခြံအမှတ် (၅၄) နေအိမ်ဝင်းအတွင်းမှာ ဧည့်ခံကြိုဆိုရေးတာဝန်ကို ကျမနဲ့ဒေါ်ခင်ခင်ဝင်းအပြင် စာရေးဆရာမ ဒေါ် ရွှေကူမေနှင်းနှင့် ဒေါ်စမ်းစမ်းနွဲ့ (သာယာဝတီ) တို့ပါ ဈာပနကော်မတီမှာ တာဝန်ပေးခြင်းခံရပါတယ်။ ရက်လည် ဆွမ်းကျွေးနေ့အထိ ဒေါ်ခင်ခင်ဝင်း ခြံထဲမှာ အိပ်ပြီး အကူအညီပေးပါတယ်။

နိုင်ငံအနှံ့အပြားက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်အင်အား အမြောက်အမြားရရှိတဲ့အခါ ရပ်ကျေး၊ မြို့နယ်၊ တိုင်း၊ ဗဟိုစတဲ့ဖွဲ့စည်းရေးကိစ္စတွေ လုပ်တော့လည်း မကွေးတိုင်း၊ ပဲခူးတိုင်းတို့အတွက် စည်းရုံးရေးဆင်းရာမှာ ဒေါ်ခင်ခင်ဝင်း ပါဝင်ပါတယ်။ ၁၉၈၉ ဇူလိုင် (၁၉) လှုပ်ရှားမှုအပြီး အဲဒီကာလအတွင်း အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ဥက္ကဋ္ဌ (ယာယီ) အဖြစ် အန်ကယ်ဦးကြည်မောင်အား ထားရှိရပ်တည်ခဲ့ကြပြီး လူငယ် လုပ်ငန်းအဖွဲ့နဲ့ အမျိုးသမီးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတဲ့အခါ ဒေါ်ရွှေကူမေနှင်းအား ဦးဆောင်စေပြီး ဒေါ်ခင်ခင်ဝင်း၊ ဒေါ်စမ်းစမ်းအောင်၊ ဒေါ်ကြူကြူသန်း စသော အမျိုးသမီးခေါင်းဆောင် (၁၀) ဦးခန့်နှင့် ဖွဲ့စည်းပါတယ်။

၁၉၉၀ ရွေးကောက်ပွဲအောင်နိုင်ရေး ကော်မတီဝင်အဖြစ် ဒေါ်ခင်ခင်ဝင်း ပါဝင်ခဲ့ပြီး အဖွဲ့ချုပ်က လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၃၉၆)ဦး အနိုင်ရလိုက်တော့ အဖွဲ့ချုပ်အတွက် အလုပ်တွေ အရမ်းများတဲ့အချိန် အမျိုးသမီးခေါင်းဆောင်များ အားတက်သရော ပါဝင်လှုပ်ရှားကြပြီး အဖွဲ့ချုပ်အထိမ်းအမှတ်ပစ္စည်းများ ဖြန့်ဝေရောင်းချသည့်တာဝန်ကို ဒေါ်ခင်ခင်ဝင်း ထမ်းဆောင်ပါတယ်။ ၁၉၉၀ ဇူလိုင် ၂၈-၂၉ မှာ ကျင်းပတဲ့ ဂန္ဒီခမ်းမ အစည်းအဝေးကြီး ခန့်ထည်ပြီးမြောက်အောင်မြင်အောင်၊ အဖက်ဖက်မှ ကူညီလုပ်ဆောင်ပေးခဲ့သူလည်းဖြစ်ပါတယ်။

၁၉၉၅ ခု ဇူလိုင် (၁၀)ရက်မှာ ဒေါ်စု လွတ်လာတော့ တပြည်လုံး အဖွဲ့ချုပ်အဖွဲ့ဝင်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံနိုင်ဖို့အတွက် အစစအရာရာ အဆင်ပြေအောင် ကျမတို့ အမျိုးသမီး ခေါင်းဆောင်များ ကူညီလုပ်ဆောင်ကြရာမှာလည်း ဒေါ်ခင်ခင်ဝင်းထိပ်ဆုံးမှ ပါခဲ့ပါတယ်။

၈၊ ၈၊ ၉၅ နေအိမ်ခြံဝင်းရှေ့ လူထုနှင့် တွေ့ဆုံဟောပြောပွဲ စတင်ပြုလုပ်သည့်နေ့က စနစ်တကျ လူထု နားထောင်နိုင်ရန် စီစဉ်ဆောင်ရွက်ကြတဲ့ လူငယ်နှင့်၊ အမျိုးသမီးခေါင်းဆောင်များက အားတက်သရော ဝိုင်းဝန်းကူညီကြရာမှာလည်း ဒေါ်ခင်ခင်ဝင်းတယောက် ပါဝင်ခဲ့ပါတယ်။

၁၉၉၅ မှာ ဒေါ်စုလွတ်လာတော့ အောက်တိုဘာ (၁၀)ရက်နေ့မှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပါတယ်။ မထိတွေ့ဘဲ နေခဲ့ရတဲ့ ၁၉၉၅ မတိုင်ခင်ကရှိခဲ့သော အမျိုးသမီးအဖွဲ့မှ ကျန်ရှိနေတဲ့ ဒေါ်ခင်ခင်ဝင်းနဲ့ ဒေါ်စမ်းစမ်းအောင်တို့နှစ်ဦးအပြင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦးပါဝင်စေပြီး ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ ဗဟိုအမျိုးသမီးအဖွဲ့ကို (၁၃)ဦးနှင့် ဒေါ်စုကိုယ်တိုင် ဖွဲ့ပေးပါတယ်။

၁။ ဒေါ်အောင်ဆန်းစုကြည်
၂။ ဒေါ်ခင်ခင်ဝင်း
၃။ ဒေါ်စမ်းစမ်းအောင်
၄။ ဒေါ်မေဝင်းမြင့် (မရမ်းကုန်း လွှတ်တော်ကိုယ်စားလှယ်)
၅။ ဒေါ်မေနှင်းကြည်(မိုးကုတ် (၁) လွှတ်တော် ကိုယ်စားလှယ်)
၆။ ဒေါ်စမ်းစမ်းဝင်း(အလုံ လွှတ်တော်ကိုယ်စားလှယ်)
၇။ ဒေါ်လှဲ့လှဲ့
၈။ ဒေါ်မြင့်မြင့်စိန်
၉။ ဒေါ်ခင်သင်းစိုး
၁၀။ ဒေါ်တင်တင်ဝင်းမောင်
၁၁။ ဒေါ်နော်အုန်းလှ
၁၂။ ဒေါ်တင်တင်ဝင်း
၁၃။ ဒေါ်ချိုချိုဝင်း

စတဲ့ အမျိုးသမီး ခေါင်းဆောင်များ ပါဝင်ပါတယ်။

၁၉၉၇ ခု၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ နှစ်(၅၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား ဒေါ်စုခြံဝင်းထဲမှာ ပြုလုပ်တော့ ကျမနဲ့ ဒေါ်ခင်ခင်ဝင်း ခြံဝင်းဝမှာ ကြိုဆိုရေးတာဝန်ကျပါတယ်။ သူပြောပြတာက 'ဒေါ်စုကပြောတယ်၊ အဝင်း နယ်ကို မပြန်ရင်ကျမနဲ့အတူလာနေပါ' လို့ ပြောတဲ့အကြောင်း ကျမကိုပြောပါတယ်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးလည်းဖြစ်ပြီး နိုင်ငံခေါင်းဆောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က သူ့အား အခုလိုပြောတဲ့အတွက် သူဂုဏ်ယူကြောင်း၊ ဝမ်းလည်း သာကြောင်း၊ တတ်နိုင်သမျှ၊ အင်အားရှိသမျှ ဒေါ်စုကိုစောင့်ရှောက်သွားမှာဖြစ်ကြောင်း၊ သူ့မိသားစုကိုပြောပြပြီး ဒေါ်စုနဲ့နေမယ်လို့ ပြောနေပါတော့တယ်။

ဒေါ်ခင်ခင်ဝင်းရဲ့ ခင်ပွန်းဖြစ်သူလည်း ဝက်ထီးကန်မှ ကျောင်းအုပ်ဆရာကြီးတဦးဖြစ်ပြီး သမီးသုံးဦး( ဝင်းပပ ၊ ဝင်းမြမြ၊ ဝင်းမမ) သားတဦး (မြင့်သူ) တို့ရှိကြပါတယ်။ ကျန်းမာရေး သိပ်မကောင်းသောဖခင်ကို သားသမီးတွေက စောင့်ရှောက်ကြပြီး၊ ဒေါ်စုရဲ့တာဝန်တွေ အဖွဲ့ချုပ်ရဲ့ဝတ္တရားတွေကို ကျေပွန်အောင် လုပ်တဲ့ မိခင်ဖြစ်သူကို အပူမပေးကြပါ။

ဒေါ်စုအကျယ်ချုပ်နဲ့နေရတုန်း ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလထဲမှာ ဆရာကြီး ကွယ်လွန်တော့ ဆေးရုံကနေ ရေခဲတိုက်သို့ ရုပ်ကလာပ် သယ်ဆောင်သွားသည်နှင့် ဒေါ်ခင်ခင်ဝင်းတယောက်လည်း ဒေါ်စုအိမ်ကို ချက်ခြင်းပြန်သွားခဲ့ရပါတယ်။ မီးသဂြိုဟ်မည့်နေ့မနက် ကိုးနာရီလောက်မှသာ အိမ်ကိုပြန်လာရပြီး ကိစ္စပြီးတာနဲ့ ချက်ခြင်းပြန်သွားခဲ့ရပြန်ပါတယ်။

ကျမတို့ ဗဟိုအမျိုးသမီးအဖွဲ့ဝင်များဟာ တပတ်အတွင်း ကိုယ့်ဂျူတီရက်နဲ့ ရုံးတာဝန်ထမ်း ဆောင်ကြရပါတယ်။

**စာမျက်နှာ (၁၆) ကော်လံ (၅) သို့...**

# ဗိုလ်ချုပ်တစုနှင့် ဒီအမှု



တိုက်ဆိုင်တာပဲဆိုဆို၊ နှိုင်းယှဉ်တာပဲပြောပြော၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ဒီတခါ အမှုဆင်ပုံဟာ သူ့ဖခင် ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံတုန်းက အင်္ဂလိပ်အစိုးရက လုပ်ပုံတွေနဲ့ တူနေတဲ့အချက်တွေဟာ စဉ်းစားစရာတွေရှိနေပါတယ်။

နအဖဟာ လွန်ခဲ့တဲ့ ခြောက်နှစ်တုန်းက ဒီပဲရင်းလူသတ်ပွဲကြီးကို လုပ်ကြံခဲ့ရာမှာ ဘာအမှုမှမဖွင့်၊ ဘယ်သူ့ကိုမှ မစစ်ဆေး အရေးမယူတဲ့အပြင် မသေကောင်းမပျောက်ကောင်းရှင်ကျန်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ကို ချုပ်နှောင်ခဲ့ပါတယ်။ တရားလိုကို တရားခံလုပ်ပစ်တဲ့ဖြစ်ရပ်ပါ။ အခုလည်းပဲ အိမ်ဖောက်ထွင်းတဲ့ကိစ္စမှာ လုံခြုံရေးတာဝန်ရှိသူတွေကိုတော့ ဘာမှအရေးမယူပဲ ဖောက်ထွင်းခံရတဲ့အိမ်ရှင်ကို အရေးယူအပြစ်ပေးဖို့ စီစဉ်နေတာဟာ ဒီနေ့ခေတ်ဗမာပြည် နိုင်ငံရေးရဲ့အင်မတန် အရုပ်ဆိုး အကျည်းတန်တဲ့ဖြစ်ရပ်တခုလို့ဆိုရင် မမှားပါဘူး။

ဒီအမှုအပေါ်လူအားလုံးက သံသယဖြစ်ရတဲ့ အကြောင်းရင်းပေါင်းများစွာထဲမှာ အချက်တချက်ကတော့ အမှုကို ထူးထူးခြားခြား တက်သုတ်ရိုက် စစ်ဆေးနေတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အမှုကို ဒီလို စိတ်ဝင်တစား စောင့်ကြည့်နေတုန်းမှာပဲ အားလုံးကို အံ့သြသွားစေခဲ့တဲ့ ကိစ္စတရပ် ပေါ်လာခဲ့ပါတယ်။ အဲဒါကတော့ နှစ်ဖက်သက်သေတွေကို စစ်ပြီးတယ်ဆိုတာနဲ့ နအဖရဲ့ အစီအစဉ်တခုလုံး တန့်သွားတာပါပဲ။ စီရင်ချက်ချမယ့်ရက်ကို နောက်ရွှေ့လိုက်တာဟာ သာမန်ကိစ္စမဟုတ်မှန်း လူတိုင်းသတိထားမိပါတယ်။ နအဖရဲ့တရားရုံးဟာ အကြောင်းပြချက်မခိုင်လုံပဲနဲ့ ဒေါ်အောင်ဆန်းစုကြည်ဖက်က တင်ပြတဲ့သက်သေတွေထဲက တယောက်ထဲကိုသာ အစစ်ခံခွင့်ပေးခဲ့တယ်ဆိုတာလည်း အားလုံးအသိပါ။ ဒါတောင်မှပဲ နအဖရဲ့တရားရုံးဟာ အမေရိကန်နိုင်ငံသား ဂျွန်ယတော်အပါ နှစ်ဖက်သက်သေများရဲ့ထွက်ချက်ဟာ သူတို့ကို ကြိုတင်ချမှတ်ခိုင်းထားတဲ့အပြစ်ဒဏ်နဲ့ ပဋိပက္ခဖြစ်နေလို့ နောက်တလှမ်းဆုတ်သွားခဲ့ပါတယ်။ သူတို့ချင်းပြန်ပြီး လက်ဝါးရိုက်ကြအုန်းမယ့် သဘောပါပဲ။ နောက်တနည်း ပြန်စဉ်းစားကြည့်လိုက်တော့ လက်ရှိထွက်ချက်တွေနဲ့ဆိုရင် သူ့ တပ်ထဲကလူတွေ၊ သူတို့ထိပ်ပိုင်းကလူတွေတောင် လက်ခံမှာမဟုတ်ဘူးလို့ သဘောပေါက်လာကြလို့လား၊ ဒါမှမဟုတ် လက်တွေ့ကိုပဲ တပ်ထဲနဲ့ ခေါင်းဆောင်အပိုင်းထဲမှာ ဆန့်ကျင်ပြောဆိုမှုတွေရှိနေလို့လား ဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။

အခုတော့ ဒီအမှုတခုလုံးကိုက ပြန်စဉ်းစားစရာဖြစ်နေပါတယ်။ တိုက်ဆိုင်တာပဲဆိုဆို၊ နှိုင်းယှဉ်တာပဲပြောပြော၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ဒီတခါ အမှုဆင်ပုံဟာ သူ့ဖခင် ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံတုန်းက အင်္ဂလိပ်အစိုးရက လုပ်ပုံတွေနဲ့ တူနေတဲ့အချက်တွေဟာ စဉ်းစားစရာတွေရှိနေပါတယ်။

ဒေါက်တာတင်မျိုးဝင်းကို တရားရုံးအရိပ်နားတောင်မသီနိုင်အောင် နအဖကဘယ်လိုပဲဖိနှိပ်ထား၊ ခြိမ်းခြောက်ထားပေမဲ့ ဂျွန်ယတော်ကို နအဖက တမင်သွင်းလွှတ်လိုက်တယ်ဆိုတဲ့အချက်ဟာ ထင်ရှားသထက် ထင်ရှားလာပါတယ်။ ဒီအမေရိကန်လူမျိုး ဂျွန်ယတော်ကို ဒုတိယအကြိမ်ဝင်ခွင့်ပြုလိုက်တာဟာ ၁၉၄၇ ခုနှစ်တုန်းက ဗြိတိသျှကိုလိုနီအစိုးရက ဂဠုန်ဦးစောကို ဘရင်ဂန်း အလက်၂၀၀ နဲ့ တခြားလက်နက်ကျည်ဆံတွေ ထုတ်ပေးလိုက်တာကို သတိရစေပါတယ်။ အဲဒီတုံးက ဦးစောလိုလူရဲ့လက်ထဲကို ဒီလို လက်နက်တွေ အမြောက်အမြားရောက်သွားရင် ဘာဖြစ်မယ်ဆိုတာ နိုင်ငံရေးပါး နည်းနည်းလေးဝသူတောင် သိပါတယ်။ အဲဒီခေတ်အဲဒီအခါက အနေအထားနဲ့ဆိုရင် ပြည်တွင်းစစ်တောင် ထ ဖြစ်နိုင်တဲ့ လက်နက်အမျိုးအစားနဲ့ အရေအတွက်ပါ။ ဒါကို ကိုလိုနီပါး အင်မတန်ဝတဲ့ အင်္ဂလိပ်အစိုးရက အသိဆုံးဖြစ်ပါတယ် (ဆရာစံတို့ဟာ ဓား–လှံ၊ အလွန်ဆုံး တူးမီးလောက်နဲ့ ပုန်ကန်ခြားနားခဲ့ကြတာပါ)။ အခုလည်းပဲ အင်္ဂလိပ်တွေလုပ်ခဲ့သလို ဂျွန်ယက်တောနဲ့ ဘိန်းပစ်ဖမ်းတယ်ဆိုတာ ပိုပိုထင်ရှားလာနေပါတယ်။ နအဖ က ဒီအမှုကို စဖော်တုန်းကတော့ ဂျွန်ယက်တောဟာ ရေကူးလာတယ်ဆိုပြီး ရေသန့်ဗူးခွံတွေ၊ ဘဲခြေထောက်တွေကို ဓာတ်ပုံရိုက်ပြပြီး ကမ္ဘာကို ဝါဒဖြန့်ခဲ့ပါတယ်။ အခုတော့ ဂျွန်ယက်တောဟာ နအဖရဲ့အစောင့်တွေနဲ့တောင် စကားစမြည်ပြောပြီး သဲဖြူခင်းရာဇမတ်ကာလို့ မပြောနိုင်ရုံတမယ် လမ်းပေါ်က မားမားလျှောက်လာတာ ဖြစ်နေပါတယ်။

အင်္ဂလိပ်တွေဟာ ဘယ်လောက်တောင် နိုင်ငံရေးပါးဝလိုက်သလဲဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီးတဲ့နောက် ဗမာပြည်တွင်းမှာ သူတို့ဆက်လုပ်ပုံကိုကြည့်ရင် ထင်ရှားပါတယ်။ အဲဒီတုန်းက ကွန်မြူနစ်ပါတီက အာဏာနည်တွေကို သတ်တာဟာ ဗြိတိသျှကိုလိုနီအစိုးရဖြစ်တယ်လို့ ကြေညာထားပါတယ်။ ပြည်သူလူထုထဲမှာလည်း တအံ့နွေးနွေးနဲ့ ပေါက်ကွဲလုလု ဖြစ်နေပါတယ်။ ဝမ်းနည်းမှုကနေ ဒေါသပေါက်ကွဲတော့မယ့် အခြေအနေဖြစ်ပါတယ်။ ဒီတော့ ဘုရင်ခံဟာ သခင်နုကိုခေါ်ပြီး ဝန်ကြီးချုပ်ခန့်အပ်လိုက်ပါတယ်။ ဒီလိုနဲ့သူတို့ဟာ အဲဒီအကြပ်အတည်းကြီးကို ကျော်လွှားနိုင်သွားပါတယ်။ အခု ဒီနအဖအစိုးရဟာ ဗြိတိသျှတွေလို ပါးနပ်ပါ့မလားဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို မတရားပြစ်ဒဏ် ချမှတ်တာရဲ့အကျိုးဆက်တွေကို သူတို့ မစဉ်းစား မပြင်ဆင်လို့မဖြစ်ပါဘူး။

ဒီအခြေအနေတွေကနေ ဆက်ပြီး ဖြစ်လာတာကတော့ ဗမာ့နိုင်ငံရေးမှာ တွေ့ဆုံဆွေးနွေးရေးတံခါးကို နအဖက အပြီးအပိုင် ပိတ်ပစ်လိုက်ပြီဆိုတဲ့ကိစ္စပါပဲ။

အာဏာနိုင်ငံရေးသာသိတဲ့ နအဖဗိုလ်ချုပ်တွေဟာ တွေ့ဆုံဆွေးနွေးပွဲတံခါးကို တင်းတင်းပိတ်ထားရင် သူတို့အတွက် လုံခြုံမယ်လို့ယူဆနေကြပါတယ်။ တနည်း– အာဏာမြဲမယ်လို့ ယူဆနေကြပါတယ်။ နားပိတ်ထား၊ မျက်စိပိတ်ထားလို့ မကြားရ၊ မမြင်ရရင် ဘာမှမဖြစ်ဘူးလို့စဉ်းစားတာမျိုး၊ စဉ်းစားနေကြပါတယ်။ တကယ်က ဗမာပြည်ရဲ့ပြဿနာတွေကို ဖြေရှင်းဖို့အတွက် နှစ်ဖက်တွေ့ဆုံဆွေးနွေးပါလို့ ပြောနေတာဟာ ပြည်တွင်းရေးကိုစွက်ဖက်ချင်တဲ့ တခြားနိုင်ငံတွေက ပြောနေတာမဟုတ်ပါဘူး။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခေါင်းထဲက အလိုလိုထွက်လာတာလည်းမဟုတ်ပါဘူး။ ဒါဟာ ဗမာပြည် ပြည်သူတွေရဲ့ လိုလားချက် ဖြစ်ပါတယ်။ အဲဒီလိုလားချက်ကို သူတို့က ထင်ဟပ်ကြတာပါ။

ဗိုလ်သန်းရွှေလိုပဲ အာဏာရူးနဲ့ မောက်မာလှတဲ့ ဗိုလ်နေဝင်းဟာ ၁၉၆၃ ခုနှစ်မှာ တွေ့ဆုံဆွေးနွေးရေး မျက်လှည့်ပြပြီးတဲ့နောက် ဘယ်သူနဲ့မှ စကားမပြောတော့ဘူး၊ အပြတ်ပဲချတော့မယ်ဆိုပြီး လုပ်ခဲ့တာပါ။ ဒါပေမဲ့ ၁၉၆၉–၇၀ ကနေ ၁၉၇၆ ခုနှစ်အထိ လူထု ဆန္ဒပြပွဲတွေ အမျိုးမျိုးဆက်ဖြစ်လာတော့ ဗိုလ်နေဝင်း ပိုင်လှပါတယ်ဆိုတဲ့ တပ်ထဲမှာ သူ့ကို မကျေနပ်တာတွေ ပေါ်လာပါတယ်။ ဗိုလ်ကြီးအုန်းကျော်မြင့်တို့ကိစ္စလို သူ့ကိုသတ်မယ့်ကိစ္စတောင် ပေါ်လာတာပဲမဟုတ်လား။ နောက်တော့ ၁၉၈၀ ခုနှစ်မှာ ဗကပ၊ ကေအိုင်အေတို့နဲ့ဆွေးနွေးတာတွေ လုပ်ခဲ့ရပါတယ်။ အဲဒီနေဆက်ပြီး ရှစ်လေးလုံးလူ့ပ်ရှားမှုကြီး ပေါက်ကွဲထွက်လာတာ၊ ဗိုလ်နေဝင်း မျက်ရည်တွေတွေကျရတာ၊ နန်းပေါ်ကဆင်းပေးရတာ၊ မဆလပါတီကိုဖျက်သိမ်းပေးရတာ၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကိုလုပ်ပေးရတာ စတာတွေဟာ တံခါးဖွင့်ပေးရုံ က'လို့လား။

အခုလည်း တွေ့ဆုံဆွေးနွေးပွဲကို တံခါးဘယ်နှစ်ထပ်ပဲ ပိတ်ထား–ပိတ်ထား၊ လူထုကဖွင့်ရင် မုချပွင့်လာမှာပါ။ တွန်းဖွင့်လို့မရရင် ဆောင့်ဖွင့်တန်ဖွင့်ရပါမယ်။ ဆောင့်ဖွင့်လို့မရရင် ဖောက်ခွဲဖွင့်ရပါမယ်။ လူထုဟာ အခြေအနေတွေကို အကဲခတ် စောင့်ကြည့်နေတာဖြစ်ပါတယ်။

တနေ့ကပဲ လူတယောက်က ဦးဝင်းတင်ကို နအဖ က အလျှော့ပေးမှာမဟုတ်တော့ဘူး၊ အံတုမနေနဲ့တော့၊ မရင်ဆိုင်နဲ့တော့၊ ရွေးကောက်ပွဲသာဝင်ပေတော့ဆိုတဲ့ အဓိပ္ပာယ်မျိုး ပြောတာကြားလိုက်ရပါတယ်။ ဒါဟာ နအဖကတံခါးမကြီးကို ဖွင့်မပေးပဲ တင်းခံထားတဲ့အတွက် သူ ဖွင့်ပေးထားတဲ့ခွေးတိုးပေါက်က ဝင်ရမယ်လို့ ပြောနေတာဖြစ်ပါတယ်။ ခြသေ့်ဟာ မြက်မစားဘူးဆိုတာကို အဲဒီလူ မသိလို့ပါ။

တချို့လူတွေဟာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ခေါင်းဆောင်တွေရဲ့ ခေါင်းထဲမှာဘာရှိသလဲ၊ ဘာတွေပြင်ဆင်ထားသလဲဆိုတာကိုသိရအောင် တမင်ပဲ ဆွနေသလားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ ဒါမျိုးတွေကို "စကားဝိုင်း" တွေမှာ မကြာခဏမြင်တွေ့ရပါတယ်။ တကယ်ကျတော့ အဲဒီလို ဆွတဲ့လူတွေဟာ နအဖအလိုကျလုပ်တာမဟုတ်ဘူးဆိုရင် နိုင်ငံရေး အပါးမဝသေးတာကို ဖော်ပြနေတာပဲဖြစ်ပါတယ်။ ဒါဟာ စစ်အုပ်စုရဲ့ဖက်ဆစ်လုပ်ဟန်ကြောင့် ဗမာပြည်နိုင်ငံရေး၊ နောက်ပြီး စာပေအနုပညာလောကမှာ ခေတ်စားလာနေတဲ့ လုပ်ဟန်တခုဖြစ်ပါတယ်။ အဲဒါက သခင်အားကိုးနဲ့ သဘောထားမတူသူတွေကို ဆွတာ၊ ရန်တိုက်တာတွေ လုပ်တာပဲဖြစ်ပါတယ်။ သတ္တိကောင်းလှသူတွေလို့ ဆိုနိုင်သပေါ့။

ဒါပေမဲ့ ပြန်စဉ်းစားသင့်တာကတော့ □ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်လာတဲ့အခါကျတော့ သန်းဂဏန်း စာရင်းပြထားတဲ့ မဆလပါတီဝင်တွေ ဘာဖြစ်သွားတယ်ဆိုတာပါပဲ။

♦


BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

မိုးကြိုး
သတင်းစဉ်သို့ ...

အယ်ဒီတာချုပ်
ဇီဝဖိုး

တာဝန်ခံအယ်ဒီတာ
နွှာညို၊ ရေချမ်း

စာမျက်နှာဖွဲ့စည်းမှု
မောင်ကျော်

စာမူများ၊ ဝေဖန်အကြံပြုစာများအား
အောက်ပါလိပ်စာအတိုင်း
ဆက်သွယ်ပေးပို့နိုင်သည်။

P.O.Box (91),
Tak 63110,
Mae Sod ,
Thailand.
admin@binamojo.org
www.binamojo.org



ပြည်တွင်း
လှုပ်ရှားမှုဓာတ်ပုံများအား
အသုံးပြုခွင့်ပေးသည့်
နိုင်ငံရေး
အံ့တုမှုကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

## တရုတ်ဝန်ကြီးချုပ်က အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြန်မာစစ်ဗိုလ်ချုပ်များကို တိုက်တွန်းခဲ့



တရုတ်ဝန်ကြီးချုပ် ဝန်ကျားဘောင်

ဇွန် (၁၇)

တရုတ်နိုင်ငံသို့ တရားဝင် (၆) ရက်ကြာခရီးသွားခဲ့သူ စစ်အုပ်စု၏ ဒုတိယအကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် တွေ့ဆုံစဉ် တရုတ်ဝန်ကြီးချုပ်ဝန်ကျားဘောင်က အမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်သင့်ကြောင်းနှင့် သို့မှသာလျှင် တိုင်းပြည်တိုးတက်မှုရှိမည်ဖြစ်ကြောင်းတို့ကို ပြောလိုက် ကြောင်း တရုတ်အသံလွှင့်ဌာနကို ကိုးကားလျက် သတင်းများတွင် ဖော်ပြထားသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ခရီးစဉ်သည် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ တရုတ်ပြည်ခရီးစဉ်အပြီး ရက်ပိုင်းအကြာတွင် ထပ်မံစီစဉ်ခဲ့ခြင်းဖြစ်သောကြောင့် ဗိုလ်ချုပ်ကြီးရွှေမန်းနှင့် မပြီးပြတ်ခဲ့သော ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးရန်ဖြစ်နိုင်ကြောင်း တရုတ် မြန်မာဆက်ဆံရေး လေ့လာစောင့်ကြည့်သူများက သုံးသပ်ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်ပြီး ရေနံနှင့်ဓာတ်ငွေ့ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဖြစ်သူ ဦးခင်မောင်ဆွေက "အဆင့်မြင့်ခေါင်းဆောင်တယောက် သွားတယ်ဆိုတော့ အင်မတန်အရေးကြီးတဲ့ ကိစ္စတခုဖြစ်နေပြီဆိုတာ မှန်းလို့ရပါတယ်။ သတင်းစာမျက်နှာမှာတော့ ရေနံဓာတ်ငွေ့ရဖို့၊ တကယ်ပဲ သူတို့လက်မှတ်ထိုးဆောင်ရွက်တာဖြစ်ဖို့ရှိပါတယ်။ ကျန်တာကတော့ ဘယ်အခါမဆို ကိစ္စတခုတည်းနဲ့ သွားတာမရှိပါဘူး။ နောက်မှာ ဆွေးနွေးရမယ့်ဟာတွေ ပါသွားနိုင်တာပေါ့။ နိုင်ငံရေးကိစ္စလည်းပါဖို့များပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့၊ စီးပွားရေးဖွံ့ဖြိုးရေးတို့ကို ဦးစားပေးပြီး ဆွေးနွေးထောက်ခံတဲ့အခါကျတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဘယ်လိုလုပ်မလဲဆိုတာတွေကို စဉ်းစားတာမျိုးတွေ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်" ဟု ဗွီအိုအေသို့ ပြောသည်။

ဆက်လက်၍ ၎င်းက ရေနံဓာတ်ငွေ့ရှာဖွေရေးသည် ရေရှည်လုပ်ငန်းဖြစ်ပြီးတူးဖော်ရေးအထိ ဆက်လက်ဆောင်ရွက်မည်ဆိုပါက အနည်းဆုံး ငါးနှစ်ခန့် အချိန်ယူရမည်ဖြစ်ကြောင်းနှင့် ဤခရီးစဉ်မှာ နိုင်ငံရေးနှင့် တိုက်ရိုက်ပတ်သက်လိမ့်မည်မထင်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

တရုတ်ပြည်အခြေစိုက် တရုတ် မြန်မာဆက်ဆံရေးကျွမ်းကျင်သူ ဦးအောင်ကျော်ဇောကမူ ဒုတိယဗိုလ်ချုပ်မှူးကြီး၏ ခရီးစဉ်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ကာကွယ်ရေးနှင့် စစ်ဆင်ရေး အထူး ကစထမှူး (၂) ဦးလည်းပါသွားသောကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ခြိမ်းခြောက်နေသကဲ့သို့ ဖြစ်နေကြောင်း သုံးသပ်ထားကြောင်း ဗွီအိုအေသတင်းတွင်ဖော်ပြထားသည်။ ♦

## ဒေါ်အောင်ဆန်းစုကြည်အတွက် သက်သေခံမည့်သူများအားလုံးကို တရားရုံးချုပ်က လက်ခံလိုက်ကြောင်း တရားဝင်အမိန့်စာထွက်

ဇွန်လ (၁၇)

ဥပဒေချိုးဖောက်သည်ဟု အစွပ်စွဲခံရကာ အစိုးရနှင့် ရင်ဆိုင်အမှုဖြစ်နေသည့် လူထုခေါင်းဆောင်ဘက်မှ သက်သေခံမည့် လေးဦးအနက် (၃) ဦးကို အငြင်းခံထားခဲ့ရသည့်အတွက် အမှုပြင်ဆင်ရန် လျှောက်ထားမှုများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရရှိခဲ့ပြီး ယခုအခါ သက်သေခံလေးဦးစလုံးအား တရားရုံးချုပ်မှ ရုံးတော်သို့လာရောက် စစ်ဆေးခံရန် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်းသိရသည်။

သက်သေ (၄) ဦး ထွက်ဆိုခွင့်ရရေး တောင်းဆိုမှုအဆင့်ဆင့်တွင် လပွတ္တာမြို့နယ်ကိုယ်စားလှယ် ဦးကြည်ဝင်းကိုသာ မြောက်ပိုင်းခရိုင်တရားရုံးက လက်ခံခဲ့သည့်အတွက် ရန်ကုန်တိုင်း တရားရုံးသို့ လျှောက်ထားခဲ့ရာ ဒေါ်ခင်မို့မို့အား ရန်ကုန်တိုင်းတရားရုံးမှ ထပ်မံ လက်ခံပေးခဲ့သည်။ ကျန် ပလပ်ခံနေရဆဲ သတင်းစာဆရာကြီး ဦးဝင်းတင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့ သက်သေခံခွင့်ရရေးအတွက် အမြင့်ဆုံးတရားရုံးချုပ်အထိ ထပ်မံလျှောက်ထားခဲ့ရာ ဇွန်လ (၁၇) ရက်နေ့တွင် လက်ခံခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဥပဒေအကျိုးဆောင် ဦးဥာဏ်ဝင်းက ကြားနာမည့်ရက်အား သောကြာနေ့လောက်တွင် ထုတ်ပြန်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ဗွီအိုအေသို့ပြောသည်။

လုံခြုံရေးတင်းကြပ်နေသည့်ကြားက တရားရုံးချုပ်သို့ လာရောက်ကြားနာသူအများအပြား ရောက်လာခဲ့ကြကြောင်းနှင့် စာနယ်ဇင်းသမားများကိုမူ တက်ရောက်ခွင့်မပေးခဲ့ကြောင်းလည်း သိရသည်။

ထို့ပြင် တရားရုံးချုပ်ဝန်းကျင်၌ အရပ် ဝတ်နှင့်လုံခြုံရေးများ အနည်းဆုံး ခြောက်ဆယ် ခုနစ်ဆယ်ခန့် ရှိနေခဲ့ကြောင်းလည်း သိရသည်။ အာဏာပိုင်များ ဘက်မှ တရားလိုပြသက်သေအဖြစ် (၂၃) ဦး တင်သွင်းခဲ့ပြီး (၁၄) ဦးကို စစ်ဆေးကြားနာခဲ့သော်လည်း အမှုစွဲဆိုခံရသူများဘက်မှ တင်သွင်းသော (၄) ဦးကို ရုံးတော်မှ ပလပ်ထားသည့်အတွက် ယခုကဲ့သို့ ပြင်ဆင်ခွင့်လျှောက်ထားရခြင်း ဖြစ်ကြောင်းလည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (အဲန်အယ်လ်ဒီ)မှ အတည်ပြု ပြောကြားသည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် သတင်းစာဆရာကြီး ဦးဝင်းတင်

အဲန်အယ်လ်ဒီပါတီ၏ အတွင်းရေးမှူး သတင်းစာဆရာကြီးဦးဝင်းတင်က ဒီကိစ္စမှာ ဒေါ်စုကို သဘောကျတယ်။ လက်ကုန်နိုက်ရမယ်၊ အခွင့်အရေးတွေရှိတယ်။ တောင်းဆိုရမယ့်အခွင့်အရေးရော၊ ရပိုင်ခွင့်ရောရှိတယ်။ ရခြင်းမရခြင်းကတော့ သိပ်ထူးတယ်မထင်ပါဘူး၊ ကျနော်တို့က သက်သေခံလည်း ဒေါ်စုကို ထောင်ချမှာပဲလို့ အခုထိထင်တယ်။ ကျနော်တို့ သက်သေမခံလည်းလွတ်စရာမရှိဘူး၊ သက်သေခံလည်း လွတ်စရာမရှိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဒီအမှုက သိပ်ပြီးတော့ မညီညွတ်လွန်းအားကြီးမှ ဒါမှမဟုတ် ကမ္ဘာတခုလုံးက ဒါထက်ပိုသိပ်ပြင်းထန်တဲ့ ပြစ်တင်ရှုတ်ချမှုတွေ တောင်းဆိုမှုတွေ များလာရင်တော့ မသိဘူး။ သာမန်အားဖြင့်တော့ ဒေါ်စုကိုလွှတ်ပေးဖို့ ဆန္ဒမရှိဘူး။ လွှတ်ချင်မှတော့ ဒီကိစ္စကို အစကတည်းက ဘယ်လုပ်မလဲဟု ဗွီအိုအေက မေးမြန်းစဉ် ဖြေကြားခဲ့သည်။

ပါတီခေါင်းဆောင် တယောက် အနေနှင့်လည်းကောင်း၊ လွန်ခဲ့သော နှစ်နှစ်ဆယ်ကတည်းက ပါတီ (၁၀၀) ကျော်က တင်မြှောက်ထားသည့် ပုဂ္ဂိုလ်တယောက်အနေနှင့်လည်းကောင်း၊ ပြည်တွင်းမှသာမက ကမ္ဘာကပါ ယုံကြည်လေးစားခြင်းခံရသူတယောက်အနေနှင့်လည်းကောင်း၊ တွေ့ဆုံဆွေးနွေးပွဲတွင် ထိုင်ရမည့်ပုဂ္ဂိုလ်တဦးအား ထောင်သွင်းထားခြင်းအားဖြင့် နိုင်ငံရေးပြဿနာများအား ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ကြောင်းနှင့် အကောင်းဆုံးဖြစ်လာစေရန် အမှုကိုရုပ်စဲ၍ ဒေါ် အောင်ဆန်းစုကြည်အား လွှတ်ပေးပြီးနောက် တွေ့ဆုံဆွေးနွေးပွဲတွင်သာ တိုင်းပြည်၏ပြဿနာကို ဖြေရှင်းရန်ကိုသာ ပြောမည်ဖြစ်ကြောင်း ဦးဝင်းတင်က ဗွီအိုအေသို့ ဆက်လက်ပြောကြားခဲ့သည်။ ♦

## စစ်အစိုးရအနေဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအား တရားဝင်ပေးထားသောကတိများကို လိုက်နာ လေးစားမှုရှိရန် ပါတီစုံရွေးကောက်ပွဲ (၁၉) နှစ်မြောက် အထိမ်းအမှတ် ကြေညာစာတမ်းတစောင်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ပြန်

မေလ (၂၇)

၁၉၈၈ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်း၌ မကြုံစဖူး ထူးကဲလှသော ဒီမိုကရေစီ အုံကြွလှုပ်ရှားမှုတွင် ရဟန်း၊ ရှင်လူ ကျောင်းသားပြည်သူများ၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးရယူခဲ့ရသော ပါတီစုံအထွေထွေရွေးကောက်ပွဲ (၁၉) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ထိုကြေညာချက်စာတမ်းတစောင်ကို ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

အဆိုပါ စာတမ်းတွင် ၁၉၈၈ ခုနှစ် တပ်မတော်က စက်တင်ဘာလ (၁၈) ရက်တွင် နိုင်ငံတော်အာဏာကို သိမ်းယူပြီးနောက် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရေးသည် တပ်မတော်၏ နောက်ဆုံးတာဝန်ဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ထားရှိပြီးသော ကတိသစ္စာကို မည်သည့်အကြောင်းနှင့်မှ ပယ်ဖျက်လိမ့်မည်မဟုတ်ကြောင်း ပြည်သူသို့ ကြေညာချက်ရှိခဲ့ကြောင်း ရေးသားထားသည်။




**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉ နှစ်မြောက် ရွေးကောက်ပွဲနှစ်ပတ်လည်နေ့ အခမ်းအနားကို အဖွဲ့ချုပ်ရုံးတွင် ကျင်းပနေစဉ်**

ထို့အပြင် လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရမည်ဟု အာဏာပိုင်များကိုယ်တိုင် ပြဋ္ဌာန်းခဲ့ခြင်းကိုလည်း ချိုးဖောက်နေကြောင်း ထောက်ပြထားသည်။

တဖန် ၁၉၉၀ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ် (၁/၉၀) ပါ အပိုဒ် (၁၂) တွင် လွှတ်တော်ဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်ဟူ၍လည်းကောင်း၊ ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ် ဒီမိုကရေစီ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးသည်ဟူ၍လည်းကောင်း တပ်မတော်မှ တရားဝင် ထုတ်ပြန်ကြေညာခဲ့ခြင်းများ ပြုခဲ့ကြောင်း ဖော်ပြထားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ အထက်ပါပြောကြားချက်များအရလည်းကောင်း၊ယနေ့တိုင် တရားဝင်လျှက်ရှိနေသေးသော ကြေညာချက်အမှတ် (၁/၉၀)၊ အပိုဒ်(၂၀) တို့အရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွင်သာ တာဝန်ရှိကြောင်း ထပ်လောင်းသတိပေးထားသည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်တွင် စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံ၌ ညီလာခံကိုယ်စားလှယ် (၇၀၂) ဦးတွင် ပြည်သူလူထုက လုပ်ပိုင်ခွင့် အာဏာအပ်နှင်းထားသော လွှတ်တော် ကိုယ်စားလှယ်မှာ (၁၀၇) ဦးသာ ပါရှိခဲ့ခြင်း၊ ၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့သော ညီလာခံတွင်လည်း ကိုယ်စားလှယ် (၁၀၈၆) ဦးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အရေအတွက်မှာ (၁၃) ဦးသာဖြစ်ပြီး (၁) ရာခိုင်နှုန်းခန့်သာ ပါဝင်ခဲ့ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အမျိုးသားညီလာခံ ပြန်လည်တက်ရောက်ရန် သဘောတူညီချက်ရရှိခဲ့ပြီးမှ စစ်အုပ်စုဘက်မှ တဖက်သတ်ပြန်လည် ပယ်ဖျက်ခဲ့ခြင်းများရှိခဲ့ကြောင်းတို့ကိုလည်း ရေးသားဖော်ပြထားသည်။

ထိုသို့ တဖက်သတ်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအား နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ကြီးမားစွာ သေကျေပျက်စီး ဆုံးရှုံးနေရချိန်တွင် ပြည်သူတို့၏ ပရိဒေဝသောကမီးကို အလေးမထား၊ အာဏာတည်မြဲရေးကိုသာ အရေး

**စာမျက်နှာ (၁၃) ကော်လံ (၁) ...**